
www.burmeseclassic.com

# မောင်ညိုမှိုင်း (သန်လျင်)

# အာဠာဝကငခိုး



www.burmeseclassic.com

www.burmeseclassic.com

စိစဥ်သူ ။ ကိုတင်ထွန်း

■

7

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၅၊ ဒီဇင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Eagle*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
(မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ • ၈၃
ညိုမှိုင်း၊ မောင်(သန်လျင်)
အာဠာဝကဆေးအပါအဝင် ဂန္ထဝင်ရွှေဝတ္ထုတိုများ/မောင်ညိုမှိုင်း(သန်လျင်)။
-ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၅။
၁၅၂-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) အာဠာဝကဆေးအပါအဝင် ဂန္ထဝင်ရွှေဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အာဠာဝကဆိုး | ၁ |
| ၂။ | တကျော့ဖက်သိမ်း | ၄၅ |
| ၃။ | ယောကျ်ားကာဝေ | ၈၁ |
| ၄။ | ကြောင်လက်သည်း | ၁၀၅ |


www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူရဲ့အမှာ

လွန်ခဲ့သည့် တန်ခူးလ သင်္ကြန်အပြီးမှာ ကျွန်တော် ရုတ်တရက် မျက်စိအမြင်တွေ မှုန်ဝါးသွားခဲ့ပါတယ်။

စာရေးလို့မရ၊ စာဖတ်လို့မရဖြစ်ပြီး လွန်စွာ စိုးရိမ်ပူပန် ဖြစ်ခဲ့ရပါတယ်။

မျက်စိအထူးကု ဆရာဝန်ကြီးများနဲ့ ပြသစစ်ဆေးကြည့်တော့ ညာဘက်မျက်စိ တိမ်ရောဂါ စဖြစ်နေပါပြီတဲ့။ ရောဂါနုလို့ မခွဲရသေးပါဘူး ခင်ဗျာ။

ရင့်လာရင် မျက်စိခွဲရပါမည်တဲ့။

ယခု ကျွန်တော် နေပူထဲသွားရင် ရှေ့တစ်လံကလူ ဘယ်သူမှန်း မသိ ဖြစ်နေရပါတယ်။

အရင်လို အားရပါးရ စာမရေးနိုင်တော့ပါဘူး။

စာလည်း သိပ်မဖတ်နိုင်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒီလို မျက်စိအခြေအနေ ဖြစ်နေပါသောကြောင့် ကျေးဇူးရှင် စာဖတ်ပရိသတ်များကို အထူးမေတ္တာရပ်ခံချင်တာကတော့ ...

လုံးချင်းဝတ္ထုရှည်များ အထွက်နှေးပါလိမ့်မည်။ အထွက်ကျဲမည် ဖြစ်ပါသောကြောင့် နားလည်ခွင့်လွှတ်ပေးကြပါရန် လေးစားစွာ တောင်းပန်ပါတယ်။

မျက်စိခွဲစိပ်ပြီးလို့ ကျန်းမာရေးကောင်းသွားရင်ဖြင့် ဝတ္ထုရှည်ကြီးများကို ကြိုးစားရေးသားပါမယ်ခင်ဗျ။

ဝတ္ထုလုံးချင်းရှည်များ အထွက်နောက်ကျ နှေးကွေးနေချိန်မှာ ဝတ္ထုတိုပေါင်းချုပ်နှင့် မောင်ညိုမှိုင်းစီစဉ်သော စာစုများကိုသာ သည်းခံခွင့်လွှတ် ဖတ်ရှုပေးကြပါရန် အနူးအညွတ် တောင်းပန်ပါတယ်ခင်ဗျာ။

ယခုဖော်ပြပါ ဝတ္ထုတိုများသည် မည်သည့်မဂ္ဂဇင်းမှာမှ မဖော်ပြရသေးသည့် ဂန္ထီရ ဝတ္ထုတိုအသစ်များ ဖြစ်ပါသည်။

စာဖတ်သူများ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## [၁]

❑

မိတ်ဆွေ စာဖတ်သူတစ်ဦးလိုက်ပို့ပေးလို့ ကျွန်တော် ဆရာကြီး ဦးသေးပေါင်းဆိုသူကို ရင်းနှီးစွာ တွေ့ဆုံခဲ့ရတယ်ခင်ဗျာ။

ဆရာကြီး ဦးသေးပေါင်းအကြောင်းကို မိတ်ဆွေ ကိုကံသိန်း ပြောပြလို့ နာမည်ရင်းနှီးနေတာတော့ ကြာခဲ့ပေါ့ဗျာ။

ကိုကံသိန်းက ကျွန်တော့် စာဖတ်ပရိသတ်တစ်ဦးပါ။ အထူးသဖြင့် ကျွန်တော်ရေးတဲ့ ဂမ္ဘီရဝတ္ထုတွေကို စူးစူးစိုက်စိုက်ဖတ်ပြီး မေးခွန်းတွေမေးလေ့ရှိတာကိုး။

"ဆရာရေးတဲ့ စုန်းမရေချ ဝတ္ထုထဲက စုန်းမရေချတာ တကယ်ပဲလား ဆရာ"

"ဟုတ်ပါတယ် ...ကိုကံ။ ကျွန်တော့်မှာ ဘိုးတော်မင်းတရား လက်ထက် အမိန့်တော်ပြန်တမ်းဆိုတဲ့ ပုံနှိပ်မူစာအုပ်ရှိပါတယ်။ အဲဒီ အမိန့်ပြန်တမ်းစာအုပ်မှာ ဖော်ကနီစုန်းမကို ရှေးမြန်မာမင်းများလက်ထက်က ဘယ်လိုနည်းပညာနဲ့ ရေချတယ်ဆိုတာ အသေးစိတ်ဖော်ပြထားတယ်ဗျ။ စုန်းမကို



www.burmeseclassic.com

www.burmeseclassic.com



နိမိတ်ပညာအ,အောင်၊ နိမ့်အောင် စီရင်ရတာပေါ့ဗျာ။ နောက်ဆုံး ပညာနဲ့ သွားတဲ့ စုန်းမကို မြစ်ကူးချောင်းဖြား ရပ်ဝေးနယ်နှင်တာပေါ့။

"အဆုံးစီရင်လို့ မရဘူးလားဗျာ"

"ဖော်ဂနီစုန်း မစွမ်းရင် ရေချလည်း သေခဲတယ်ဗျ။ သေနေ့မစေ့လို့ နေမှာပေါ့ဗျာ။ ပညာနိမ့်အောင်တော့ စီရင်ခဲ့တာပေါ့"

"ဆရာရေးတဲ့ အဘဆရာကြီး ဦးတင်မောင်က စိန်ရွှေတွေ လိမ်ယူသွားတဲ့ ကိုးသချိုင်းမှော်ဆရာကို အိပ်ရာကမထနိုင်အောင် ပညာနဲ့ စီရင်ပြီး ပစ္စည်းတွေပြန်ရအောင် လုပ်တာရော တကယ့် အဖြစ်အပျက်ပဲလား ဆရာ"

"ဖြစ်ရပ်မှန်ပါ ... ကိုကံ"

"အဘဆရာကြီး ဦးတင်မောင်ရော ရှိပါသေးလား ဆရာ"

"သူ ကွယ်လွန်သွားခဲ့ပါပြီ ... ကိုကံ။ အဘဆရာကြီး ဦးတင်မောင် ဘယ်လောက်စွမ်းလဲ သိချင်ရင် သူ့သားတပည့်တွေ သန်လျင်မှာ ရှိပါသေးတယ်။ စုံစမ်းမေးမြန်းနိုင်ပါတယ်"

"ဆရာကြီးရဲ့ပညာတွေ ဘယ်သူ အမွေခံလဲ ဆရာ"

"ခုတော့ ဆရာကြီးရဲ့သားအကြီး ဆရာဦးတင်ဦးက ဆရာကြီး ဦးတင်မောင်ရဲ့ ပညာတော်မြတ်ကြီးကို ဆက်လက်အမွေခံယူပြီး တတ်စွမ်းသမျှကို ကူညီပေးနေတုန်းပါဗျာ"

"ဆရာ ... အောက်လမ်းဆရာတွေရော ရင်းနှီးလား"

"ရင်းနှီးပါတယ် ... ကိုကံ"

"ဘယ်လိုပညာတွေ ရခဲ့လဲဆရာ"

"ကျွန်တော်က အောက်လမ်းဆရာတွေထံက ပညာတွေကို သင်ယူတာ မဟုတ်ဘူး ကိုကံ။ သူတို့ရဲ့ ပညာအစီအရင်တွေ ဘယ်လိုထက်တာလဲ သိချင်လို့ လေ့လာတာပါ။ ကျွန်တော်က ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်စာရေးဆရာလေဗျာ။ အထက်လမ်းရော၊ အောက်လမ်းရော၊ ခုလတ်တွေရဲ့ပညာတွေရော တွေ့ဖူးကြုံဖူးတာပဲ။ ကိုယ် စာရေးလို့ရမှာကို မေးရတာပဲ အကောင်းအဆိုး။ အတုယူသင့်၊ မယူသင့်ကတော့ စာရေးနည်းပညာနဲ့ ခွဲရတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . အဲဒီလိုဖော်ကောင်လုပ်တော့ သူတို့က စိတ်မဆိုးဘူးလား"

"စိတ်မဆိုးတဲ့ဆရာ . . . သူတို့အကြောင်းရေးမှာကို ခွင့်ပြုနိုင်တဲ့ဆရာကို မေးမြန်းရတာပေါ့။ အချို့အကြောင်းတွေက စာရေးကောင်းတာတွေ အများကြီးရှိတယ်ဗျာ။ ကိုယ်ကရေးရင်လည်း အချို့ကျတော့ နာမည်တို့ နေရပ်တို့ လွှဲပြီးရေးရတာပေါ့။ အများအားဖြင့်တော့ အသက်ကြီးလို့ နောင်တရ၊ အမြင်မှန်ရတဲ့ ဆရာကြီးတွေ၊ ပညာသည်တွေ ပြောပြခွင့်ပြုတဲ့အကြောင်းအရာတွေကို ရေးတာများပါတယ်"

"ဆရာ ဘယ်လိုရည်ရွယ်ချက်နဲ့ ရေးတာလဲခင်ဗျ"

"အထူးသဖြင့် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်တွေပေါ့။ ဒီ ပညာသည်တွေ ဖြစ်ရပ်ဆန်းကြယ် အစီအရင်တွေဟာ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီယား၊ အာဖရိက၊ ဟီမဝန္တာ စတဲ့ နိုင်ငံဒေသတွေမှာ ယနေ့တိုင် ယုံယုံကြည်ကြည် ကိုးကိုးစားစား လုပ်ကိုင်နေတုန်းပါပဲ။ အာဖရိကက မှော်ပညာဆိုရင် အလွန်ကို ကြောက်စရာကောင်းတယ်။ ဒီလို ဂမ္ဘီရ အစီအရင်ပညာတွေ မြန်မာမှာလည်း ရှိခဲ့ဖူးတယ်။ ရှင်အဇ္ဈဂေါဏ၊ ဟားမဲ့ဆရာတော် စသည်ပေါ့ စုန်းကဝေသရဲ တစ္ဆေ ဖြစ်ရပ်ဆန်းတွေကို အင်္ဂလန်နိုင်ငံက ပညာရှင်တွေ အစုအသင်းဖွဲ့ပြီး လေ့လာနေတာ နှစ်ပေါင်း မနည်းဘူးဗျ။ မြန်မာမှာ ပုဏ္ဏတိုက်တာရှိသလို အင်္ဂလန်မှာလည်း ပုဏ္ဏကတိုက်တာ ဖြစ်နေတာပဲ။ ပုဏ္ဏကတိုက်တာ မြင်ဖူးလား . . . ကိုကံ"

"မြင်ဖူးပါတယ် . . . ဆရာ"

"ပြောပါဦး . . . ဘယ်လိုမြင်လဲ"

"အိမ်ပေါ်ကို ခဲတွေ ကျတယ်။ အိမ်ထဲကို ခဲလုံးတွေ ဝင်လာပြီး ထိမှန်ကွဲကုန်တယ်။ သဲမိုးခဲမိုးရွာတာပေါ့ ဆရာ။ လူနေလို့ မရဘူး။ လူတက်နေတာနဲ့ အဲလိုဖြစ်ရော။ လက်သည်တရားခံ ရှာလို့မရဘူး။ အနည်းဆုံး သုံးရက်လောက် ခဲမိုးတွေရွာ၊ ပျက်စီးလို့ဝတော့မှ သူ့ဘာသာသူ အလိုလိုရပ်သွားတာ မြင်ဖူးပါတယ် ဆရာ"

"ဟုတ်တာပေါ့ဗျာ . . . ကျွန်တော် သန်လျင်မှာရော၊ အခြားမြို့မှာရော ပုဏ္ဏကတိုက်တာ မြင်ဖူးကြုံဖူးတယ်။ ဘယ်ရဲမှ တရားခံရှာလို့ မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်မနေခဲ့သုတေသနအသင်းကြီးက ဘာကြောင့် ပုဏ္ဏကတိုက်တာလဲ ဆိုတာ အဖြေသိချင်လို့ စောင့်ကြည့်ကင်မရာတွေ၊ သိပ္ပံနည်းပညာ အသံဖမ်းစက်တွေနဲ့ သုတေသနပြုခဲ့ကြတာ ဒီနေ့အထိ အဖြေမပေါ်ခဲ့ဘူး။

ပြီးခဲ့တဲ့နှစ်က ရန်ကုန် တာမွေဘက်မှာ လောင်မီးကျသလိုဖြစ်ခဲ့တယ်။ ဘယ်သူမှ မီးမရှို့ဘဲ အဝတ်ဘီရိုတွေထဲမှာ အလိုလို မီးလောင်တာ။ လောင်မီးကျတဲ့ကိစ္စ နိုင်ငံခြားမှာ သုတေသနပြုထားတာ မနည်းဘူးဗျ။ လှေစီးသွားရင်း နှစ်ဦးမှာ တစ်ဦးက အလိုလို မီးလောင်ပြာကျသွားသတဲ့။ အိမ်ထဲမှာ တီဗွီထိုင်ကြည့်နေကြတာ အဘိုးဖြစ်သူ ဆိုဖာပေါ်မှာ အလိုလို မီးလောင်ပြာကျ သေသွားတယ်။ ဆိုဖာ လုံးဝမီးမလောင်ဘူး။

မြန်မာလို လောင်မီးကျတယ် ခေါ်တာပေါ့။ သူတို့ သုတေသီတွေ ခန့်မှန်းပြောတာက လျှပ်စစ်အပူစွမ်းအင် စီးဝင်မှုများလို့ မီးကျွမ်းသွားတာတဲ့။ နိုင်ငံတကာမှာ စဉ်းစားလို့မရအောင် ဆန်းကြယ်တဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဖြစ်စဉ်တွေ အများကြီးရှိတယ်။ ကုလားမီးနင်းပွဲပဲကြည့်ဗျာ ... မီးပုံမီးခဲပေါ်မှာ ပရိတ်အိုးရွက်ပြီး ဖိနပ်မပါ၊ ခြေဗလာနဲ့ ဖြတ်လျှောက်တာ ကလေးရော လူကြီးရောပဲ။ ဘယ်သူမှ ခြေဖဝါးမှ မီးမလောင်ဘူး။ အရည်ကြည်ဖု မထဘူးဗျာ။ စဉ်းစားလေဗျာ ... မလျှို့ဝှက်လွန်းဘူးလား။ အံ့သြစရာ မဟုတ်လား။ ပါးနှစ်ဖက်ကို ဓားမြှောင်နဲ့ဖောက်ပြီး ဓားတန်းလန်းထားတယ်၊ လျှာကို ဓားမြှောင်တို့၊ သံစူးချွန်နဲ့ဖောက်ပြီး ကန့်လန့်လုပ်ထားကြတယ်။ သူတို့ မနာ မကျင်ဘူးဗျာ။ သွေးမထွက်ဘူးဗျာ။

အဲလို ထူးခြားတဲ့ဖြစ်ရပ်ဆန်းကြယ် အကြောင်းတွေကို စာဖတ်သူ သိစေချင်တယ်။ ကောင်းမကောင်း ချင့်ချိန်ဝေဖန်စေချင်တယ်။ ဒါကြောင့် ရေးရတာပါ။ ဒီနေရာမှာ ဘယ်ဟာက မှားသောအယူ၊ မိစ္ဆာဒိဋ္ဌိ၊ ဘယ်အရာက မှန်သောအယူကောင်း။ သမ္မာဒိဋ္ဌိ၊ ဒါကိုတော့ စာရေးဆရာက လိမ်လိမ်မာမာ ရေးသားရတာပေါ့။ ဘုရားမကြိုက်တဲ့အလုပ်ကို အတုယူဖို့ ကျွန်တော်တို့ ဘယ်ရေးမှာလဲဗျာ ... ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ... ဆရာ။ ဆရာ့ကို ဆရာကြီးတစ်ဦးနဲ့ တွေ့ပေးချင်တယ်ဆရာ။ ဆရာ စာရေးလို့ ရမည့်ဖြစ်ရပ်ဆန်းတွေ ရှိတယ်ခင်ဗျ"

"ဘယ်သူတဲ့တုံးဗျာ ... ပြောပါဦး ... ကိုကံရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးနာမည်က ဦးဆေးပေါင်းတဲ့ဗျာ"

"ဦးဆေးပေါင်း ... ဟုတ်လား။ နာမည်က ဆန်းလှချည်လား။ နေတော့ရော ဘယ်မှာလဲဟင်"

7

"ကျွန်တော်တို့ (........) အရပ်မှာပါ ဆရာ"

"သူက ဘာတုံး"

"တစ်ချိန်တုန်းကတော့ သူက ပယောဂကုတဲ့ဆရာပဲ ခင်ဗျ။ အဓိကက သူက ဆေးထိုးအစီအရင်မှာတော့ နာမည်ကြီးပဲ ဆရာ"

"ဘာဆေးထိုးမှာလဲ၊ ဘာအစီအရင်လဲဗျ"

"ဝိယဆေးလည်း စွမ်းတယ်ဗျ"

"တွေ့ချင်လိုက်တာ ... ကိုကံရယ်။ ကျုပ်မှာ မိန်းမ မရှိဘူးဗျာ။ တွေ့ပေးပါနော်"

"ဆရာကလည်း နောက်နေပြန်ပါပြီဗျာ"

"ဆက်ပြောပါဦး ... ကိုကံ၊ ပြီးတော့ ..."

"ဗောဓိသာရဆေးတို့၊ အာဋာဝကဆေးတို့ စီရင်ထိုးပေးရင် ပေါက်မြောက်တယ် ဆရာ"

"လူတစ်ယောက်ကို သေအောင်လည်း ပညာနဲ့ စီရင်နိုင်တယ်"

"ကြောက်စရာပါလား ... ကိုကံ"

"ဆရာ ... ယုံမလားဟင်"

"ယုံတာပေါ့ဗျာ ... ကျုပ်ဆရာကြီးဆိုရင် ကိုးသင်္ချိုင်းမှော်ဆရာကို မထိနိုင်အောင်လုပ်နိုင်ခဲ့တာပဲ ... ကိုကံ"

"သူက ဖုတ်ပါ သွင်းနိုင်တယ်"

"ဟုတ်လား ... ဒါဆို သူက အောက်လမ်းဆရာကြီးနေမှာပဲ ... ကိုကံရ"

"ဟုတ်နိုင်ပါတယ် ... ဆရာ"

"သူ အခုရှိသေးလား"

"ရှိပါတယ် ဆရာ။ အသက်ကြီးလို့ အိုမင်းနေပါပြီ။ အခုတော့ အမြင်မှန်ရပြီး ယောဂီဝတ်နဲ့ သမထ၊ ဝိပဿနာအလုပ်ကိုပဲ လုပ်နေတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ချင်လိုက်တာ ... ကိုကံရာ"

"အဲဒါ ဆရာ့ကို ပြောမလို့ပါ။ ဆရာများ စိတ်ဝင်စားမလားလို့"

"ကျွန်တော်နဲ့ တွေ့ပေးလို့ရမလား ... ကိုကံ"

"ဟိုတုန်းကတော့ ဘယ်သူ့မှ အတွေ့မခံဘူး ဆရာ။ ကျွန်တော်က ဆရာရေးတဲ့ ဂန္ထဝင်စာအုပ်တွေ ဆရာကြီးဦးဆေးပေါင်းကို ပေးဖတ်တော့ သူကလည်း ဆရာ့မှိုင်းကို စိတ်ဝင်စားတယ်"

"ဟုတ်လား"

"ကျွန်တော် ဆရာကြီးဦးဆေးပေါင်းကို ပြောကြည့်မယ် ဆရာ။ သူ လက်ခံရင်တော့ ဆရာ့ကို လာခေါ်ပါမယ် ခင်ဗျ"

သို့ကလိုပြောပြီး ကိုကံသိန်း သူ့အရပ်သူ ပြန်သွားတယ်။

နောက် (၁၀) ရက်ခန့်ကြာတော့ ကျွန်တော့်အိမ်ကို ကိုကံသိန်း ရောက်လာတယ်။

"ဆရာရေ ... အဆင်ပြေပြီဗျို့"

"ဘာအဆင်ပြေတာတုံး ... ကိုကံ"

"ဆရာကြီးဦးဆေးပေါင်းက ဆရာနဲ့ တွေ့ချင်တယ်။ လာခဲ့ပါတဲ့ဗျာ"

"ဟုတ်လား ... ဘယ်နေ့တွေ့ရမတုံး ... ကိုကံ"

"ခုပဲ လိုက်ခဲ့ဆရာ။ ကျွန်တော်တို့ အဝေးပြေးကားနဲ့ သွားရင် ညနေလောက် ရောက်နိုင်တယ်"

ဒါနဲ့ အဝတ်အစားအိတ်လေးဆွဲပြီး ကိုကံစီစဉ်တဲ့အတိုင်း အဝေးပြေးကားဂိတ်ကို အငှားကားနဲ့ ထွက်ခဲ့ကြတယ်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



[၂]

❑

ဦးဆေးပေါင်းဆိုတဲ့ ဆရာကြီးကို တွေ့ရပြီဗျာ။

အသက်က အတော်ကြီးပြီပဲကိုး။ မရှိဘူးလို့ ခန့်မှန်းရင်တောင် အသက် (၉၀)နီးပါးတော့ ရှိမှာပဲဗျ။

ပိန်ပိန်၊ လက်ပြင်ကုန်းကုန်း။ မျက်ခုံးမွေးတွေ၊ နှုတ်ခမ်းမွေးတွေ ဖြူဆွတ်ထူပိန်းလို့။

သူ့လက်တွေဟာ အကြောတွေနဲ့ အထူးစပါယ်ရှယ် ဖွဲ့ယှက်ထားသလိုပဲဗျာ။ အကြောတွေ ပြိုင်းပြိုင်းထူထူ ရှိနေတယ်။

သူ့လည်ပင်းမှာ မည်းပြောင်နေတဲ့ စိပ်ပုတီးတစ်ကုံး ဆွဲထားတယ်ဗျာ။ ခေါင်းရင်းခန်းရှိ ဘုရားစင်ကလေးက သပ်သပ်ရပ်ရပ် ရှိုးရှိုးရှင်းရှင်းလေး။

ကျောက်ဆင်းတုရုပ်ပွားတော် တစ်ဆူရှိတယ်။

သစ္စာပန်းထိုးထားတဲ့ ဘုရားပန်းအိုးသုံးလုံးနဲ့ ဆွမ်းတော်တင်ပန်းကန်ရယ်၊ သောက်တော်ရေခွက်တွေရယ် ရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခြား ဘာရုပ်တုမှ မရှိဘူး။

အချို့အိမ်တွေလို ဘုရားစင်ပေါ်မှာ ကျောက်ဆင်းတု၊ ကြေးဆင်းတု၊ ဒိတ္ထိဏာသာဓါဘုရား၊ ပထမံဘိုးဘိုးအောင်၊ အဘအောင်မင်းခေါင်ရုပ်တု၊ ဘားမဲ့ဆရာတော်ရုပ်တု မရှိဘူး။

အိမ်တွင်းအုန်းဆွဲထားတာ မရှိဘူးဗျာ။

စားပွဲခုံပုလေးပေါ်မှာ စာအုပ်ပုံနှစ်ပုံ တွေ့ရတယ်။ ကျီသဲလေးထပ်ဆရာတော် ဘုရားကြီးရေးတဲ့ မဟာဗုဒ္ဓဝင်စာအုပ် တွေ့တယ်။

မင်းကွန်းဆရာတော်ဘုရားကြီး ရေးတဲ့ မဟာဗုဒ္ဓဝင်စာအုပ် အတွဲတို တွေ့တယ်။ ဟိုဘက်က စာအုပ်ပုံတော့ အလှမ်းဝေးလို့ ဘာစာအုပ်တွေလည်း မသိရဘူး။

"အဘ ...."

"ဘယ်သူတုံးဟေ့"

"မောင်ကံသိန်းပါ ... အဘ"

"ကံသိန်းလား ... လာလေ"

"ညော်သည်ပါတယ် ... အဘ"

"ဟုတ်လား ... လာ ... ထိုင်ကြကွယ် ... မောင်ကံရေ"

"ခင်ဗျာ အဘ"

"ဘယ်က ညော်သည်တုံး ... မောင်ကံရဲ့"

"စာရေးဆရာ မောင်ညိုမှိုင်း (သန်လျင်)ပါ အဘ"

"ဟေ ... မောင်ညိုမှိုင်း (သန်လျင်)"

"ဟုတ်ပါတယ် ... ဘအဘ ကျွန်တော်ပါပဲခင်ဗျား"

"အေးအေး စာရေးဆရာရေးတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုတွေ မောင်ကံသိန်း ဝယ်လှူပေးဖတ်လို့ အတော်များများ ဖတ်ဖူးတယ်ကွယ့်။ ဟောဟို စာအုပ်ပုံပေါ်မှာ ဖတ်လက်စစာအုပ် ရှိသေးတယ်။ ဘာတဲ့နာမည်က ... နေပါဦး ... အဲ ... 'ရွှေကာလပ်နဲ့မျက်ရည်ခံ မိုးသောက်ယံသည် စိန်စီတဲ့လမ်း'တဲ့။ ဝတ္ထုနာမည်ပေးတာ လှလိုက်ပါ့ စာရေးဆရာရယ်။ ခုလို ရှေ့မှာတွေ့ရတော့ ဝမ်းသာတယ်ကွယ်"

"ဟုတ်ကဲ့ပါ ... အဘ။ အဘကို ခုလို ကျန်းကျန်းမာမာ တွေ့ရတာ ဝမ်းသာပါတယ် အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပေါ့ ...စာရေးဆရာရယ်။ အသက်ကြီးလာတော့ ကျန်းမာရေး ဂရုစိုက်ရတာပေါ့။ သေလည်း သေပျော်ပါပြီကွယ်"

"ဘာလို့ သေပျော်ရတာတုံး အဘ"

ကျွန်တော်က အဘဦးဆေးပေါင်းကို မေးလိုက်ရောဗျာ။

ဒီမှာ လူငယ်လေးတစ်ဦးက ရေနွေးကြမ်းအိုးနဲ့ စားစရာတွေ လာချပေးတယ်

"ဟုတ်တယ် ...ဒါ မေးသင့်တဲ့ မေးခွန်းပဲကွယ့်။ သေပျော်တဲ့နည်း အမျိုးမျိုးရှိတယ် စာရေးဆရာ။ သားသမီးတွေနောင်ရေး စိတ်အေးလို့ သေပျော်တာ၊ စားချင်တာစားပြီးလို့ ကျေနပ်စွာ သေပျော်တာ၊ လှူချင်တာကို အားရပါးရလှူပြီးလို့ သေပျော်တာ ...သေရတာကို ဝမ်းသာတာ အများကြီးပဲ။ ကျုပ်မှာ သားသမီး၊ သားမယားမရှိဘူး။ ရွှေငွေမရှိဘူး။ အားရပါးရလည်း မလှူတန်းနိုင်ဘူး။ သို့သော် ဘာကြောင့် သေပျော်လဲဆိုတော့ အခု ဗုဒ္ဓဓမ္မတရားတွေအကြောင်းကို နက်နက်နဲနဲ သိလာလို့ သရဏဂုံသုံးပါးရဲ့ အရသာစစ်စစ် သိလာလို့ ကုသိုလ်နဲ့အကုသိုလ်ကို ပီပီပြင်ပြင် ခွဲခြားသိနေပြီ။ သမထရဲ့အရသာ၊ ဝိပဿနာကျင့်စဉ်ရဲ့ အရသာသိနေပြီ။ သိလို့ ပြုပြင်ပြီး ကျင့်ကြံပွားများနေတယ်။ ကုသိုလ်စိတ်နဲ့ ကြည်နူးနေတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မမြဲတဲ့ ဘဝကို မှန်မှန်ကျင့်၊ သုံးသပ်ပြီး သေရဲလို့ ခုနေသေရင် သေပျော်ပြီလို့ ပြောတာပေါ့ ...စာရေးဆရာ"

"အမောကို ပြေသွားတာပဲ ...အဘရယ်။ မင်္ဂလာရှိတဲ့စကား။ တန်ဖိုးရှိတဲ့စကားကို ကြားရတာပါပဲဗျာ။ သာဓုခေါ်ပါတယ် အဘ ...သာဓု သာဓု သာဓု ပါခင်ဗျ"

"စာရေးဆရာရဲ့ စာတွေအကြောင်း ဟောဒီ မောင်ကံသိန်းက မကြာခဏ ပြောနေတာကွယ့်။ စာအုပ်တွေလည်း ယူလာပေးဖတ်၊ ဝေဖန်နိုင်းပေါ့။ ဒါနဲ့ စာရေးဆရာ ရောက်လာတဲ့ ရည်ရွယ်ချက်ကရော ..."

အဘိုးဆေးပေါင်းက မေးပြီး ရေနွေးငှဲ့နေတယ်။

"ကိုကံသိန်း ပြောပြလို့ အဘကိုတော့ မမြင်ဖူးပေမင့် ရင်းနှီးနေပါတယ်ခင်ဗျ"

"ကံသိန်းပြောတိုင်း မယုံနဲ့နော်"

"အဘကတော့ လုပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကံသိန်းက သူ့အဘကို မျက်စောင်းထိုးပြီး ပြောတာ။

"အဘ ... ညီ့သည်တွေနဲ့ မတွေ့ဘဲနေတာ ကြာပြီ။ စာရေးဆရာကိုတော့ ဂမ္ဘီရတွေရေးနေလို့ တွေ့တာပါ။ ကဲ ... ပြောပါဦး"

"ကျွန်တော် အဘနဲ့စပ်ပြီး သိချင်တာရှိလို့ပါ"

"အေး ... မေး"

"အစီအရင် ဆေးပေါက်တာနဲ့ စွမ်းတယ်ဆိုတာ ... ဟုတ်လား အဘ"

"ဘာဆေးကို ပြောတာတုံး"

"ဓာတ်ပြီးတုတ်ပြီးဆေးတို့၊ ကျည်ကာဆေးတို့၊ ပြီး ဓောရိသာရဆေး။ အာဠာဝကဆေးတို့ ထိုးတာမျိုးပေါ့"

"စွမ်းတာလည်း ရှိတယ်။ မစွမ်းတာလည်း ရှိတယ်"

"ဘယ်လိုကြောင့်ပါလဲ ... အဘ"

"ဆရာရဲ့ ပညာ၊ သမာဓိ၊ အတွေ့အကြုံ အားကောင်း မကောင်းပေါ်မှာ မူတည်တယ်။ ဆေးပေါက်ခံတဲ့ တပည့်ရဲ့ စိတ်ရှည်ယုံကြည်မှုမှာလည်း မူတည်တယ်ကွယ့်။ စာရေးဆရာရော ပြီးတဲ့လူကို မြင်ဖူးလား"

"တစ်ပွဲတိုးထုံးမန်းမြို့တာ မြင်ဖူးပါတယ် ... အဘ"

"စွမ်းလား"

"စွမ်းပါတယ် ... တစ်ကြိမ်တော့ ခုတ်မရ ပါပဲခင်ဗျ"

"ဘယ်သူစီရင်မန်းပေးတုံး"

"သိုင်းဆရာ ဘုန်းတော်ကြီးပါ။ ကျွန်တော်တို့အစ်ကို သိုင်းသမားတွေရဲ့ ဆရာပါ"

"သူ့ထက်စွမ်းတာရော တွေ့ဖူးလား"

"တွေ့တော့ မတွေ့ဖူးဘူး။ အဖေတို့ပြောလို့ ကြားဖူးတာပဲရှိတယ် အဘ"

"ကြားဖူးတာ ... ပြောပါဦး ... စာရေးဆရာ"

"ဟိုး ... ဟံသာဝတီ အရှေ့ခြမ်းမှာ နာမည်ကြီး လူဆိုးတစ်ယောက်ကြီး ရှင်ဘုရင်သိန်းမောင်ဆိုသူ ရှိခဲ့ဖူးတယ်တဲ့။ သူက ဓား၊ လှံ ပြီးတယ်။ သေနတ် ကျည်လွဲတယ်တဲ့"

"အခု ရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"သေသွားပြီ ... ခင်ဗျ ... သေတာ ကြာပြီ။ ခုရှိနေတာ သူ့သူငယ်ချင်း သုံးလေးဦးပဲ ကျန်ရှိတယ်ခင်ဗျ"

"သူ့ကို ဘယ်သူ ဝိယဆေး ထိုးပေးတာလဲကွယ့်"

"ကျွန်တော် ရှင်ဘုရင်သိန်းမောင်ရဲ့ ဇာတိမြေကို သွားရောက်မေးမြန်းလေ့လာတော့ သူ့ဆရာဘုန်းကြီးက အင်း။ ဆေး အစီအရင်တော်တယ်တဲ့။ တစ်နေ့ ဘုန်းကြီးကျောင်းသား သိန်းမောင်ရဲ့ ဦးခေါင်းပေါ်မှာ (ဆံခံအင်း)ကို စုတ်နဲ့ စမ်းထိုးပေးလိုက်တာတဲ့။ ဆေးပေါက်ပြီးတဲ့ အချိန်ကစလို့ ဆေးစွမ်းသွားလိုက်တာ။

နောက်ဆုံး ... ထိုးခုတ်မရ ပြီးတဲ့လူဖြစ်ပြီး လူမိုက်ဖြစ်လာပါရော လူမိုက်ကနေ ဓားပြဖြစ်၊ ဓားပြကနေ မိန်းမချောမြင်သမျှ မယားလုပ်တော်ကောက်လို့ ရှင်ဘုရင်သိန်းမောင်ရယ်လို့ နာမည်ပေးလိုက်တာ။ ဟိုးအရှေ့ခြမ်းမှာ ဗိန္ဒိဗိန္ဒိတုန်ရော အဘရေ ...

"အသက်ရော ရှည်ရဲ့လား"

"မရှည်ဘူး ခင်ဗျ"

"မရှည်ပုံ ပြောပါဦး"

"ဆရာဘုန်းကြီးလည်း နောင်တရတာပေါ့။ သူ ဆေးစမ်းလိုက်တဲ့ တပည့် အခု ရာဇဝင်လူဆိုးကြီးဖြစ်ပြီး သောင်းကျန်းနေပြီ။ သူ့မှာ တာဝန်ရှိနေပြီ။ ဒါကြောင့် တပည့်ကိုခေါ်ပြီး ပညာသိမ်း၊ ဆေးဖြေဖို့ လုပ်တာ။ သိန်းမောင်က လုံးဝ လက်မခံဘူး။ ဒီဆေးပြယ်ရင် သူ သေရမှာလေ။ ဆရာတော်လည်း လက်လျှော့လိုက်တယ်။ အဲဒီအချိန်ကစပြီး ဘုန်းကြီးလည်း အင်းဆေးလက်ဖွဲ့တွေ စွန့်ပစ်လိုက်တယ်။ ရှင်ဘုရင်သိန်းမောင်ကိုလည်း သူ့လုပ်ရပ်ကို မကျေနပ်တဲ့ သိန်းမောင်ရဲ့ ယောက်ဖနှစ်ဦးက အရက်အမူးတိုက်၊ ကျောက်တုံးနဲ့တွဲပြီး ဂုန်နီအိတ်ထဲထည့် ပင်လယ်ရေနက်ထဲမှာ ပစ်ချသတ်ပစ်လိုက်တာ သေရောခင်ဗျ"

"ဟုတ်တာပေါ့ ... ဒါမျိုးက စီရင်ပေးတဲ့ ဆရာ ဖျက်ရင်ဖျက်၊ မဟုတ်ရင် တပည့်ဖျက်ရော။ ဒါမျိုး အဘကြုံဖူးတယ်ကွ"

"ပြောပြလို့ ရနိုင်မလား အဘ"

"ဝတ္ထုရေးဖို့လား"

"အဲ ... အဲ ... ဟုတ်ကဲ့ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အေး . . . ရေးပါ အဘ ခွင့်ပြုပါတယ်ကွာ။ ဟိုတုန်းက တော့ ဒီအကြောင်းဘယ်သူမှ ပြောမပြဘူးကွ။ သိချင်လို့လာတဲ့ လူလည်း မနည်းဘူး။ အချို့က နည်းပညာသိချင်တာ။ အချို့က ကိုယ်တိုင် ဆေးထိုး ချင်တာ။ ဒါကြောင့် ဒီပညာတွေစွန့်ပြီး သရဏဂုံတည်ချိန်ကစလို့ ဘယ် တပည့်သားချင်းမှ အိမ်ပေါ်အတက်အဝင် မခံဘူး။ မောင်းထုတ်ပစ်တာပဲ။ ခု အဘ အမြင်မှန်ရပြီး အကောင်းနဲ့အဆိုးကို လူတွေ သိရှိနားလည်စေချင် ပြီး မင်းက ဒီလို ဂန္ထဝင်ဖြစ်ရပ်ဆန်းကြယ်တွေရေးတော့ အသိတရားလေး မြင်သွားကြအောင် ရေးပေါ့ . . . စာရေးဆရာ"

✿ ✿ ✿

[၃]

❑

ဒီလိုကွ။ ငါက အရွယ်ကောင်းတုန်းက အောက်လမ်းပညာတွေကို လေ့လာလိုက်စား ဆည်းပူးသင်ကြားခဲ့တယ်ကွာ။

သချိုင်းကုန်းပေါင်း တစ်ရာကျော်ကို ညသန်းခေါင် အရောက်သွား ပြီး ငါတို့ အစီအရင်တွေ လုပ်ခဲ့ကြတယ်။

ငါ့ဆရာတွေကလည်း စုံပါ့ကွာ။

ယောပြန်ဆရာငြိမ်း။

ကိုးသချိုင်းဆရာမှန်။

ရက္ခစိုးမော် ဆရာတောက်တဲ့ကြီး။

ပထမံ ဆရာကျိုင်း။

နတ်မျက်စိ ကိုသန်းခေါင်၊ စသည် စုံနေတာပဲကွာ။

တို့များ ငယ်ငယ်တုန်းက စုန်းမကြီးတွေ အိမ်သွား သူတို့ထံမှာ နေသမျှ ပညာယူ။ သူတို့ပြောတာတွေ နားထောင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး … ဆရာ့ ဆရာကြီးတွေလိုတဲ့ ဆေးလိုက်ရှာပေး။

ငါတို့ဆရာ ကိုးသချိုင်းဆရာမှန်ဆိုရင် သချိုင်းကုန်း မြေမြုပ်ထားတဲ့ အစိမ်းသေမြေပုံကို …

သူ့ဆေးကြိမ်လုံးနဲ့ ရိုက်ပြီး ….

"ထစမ်း … ခုချက်ချင်းထ"

ဒီလို အမိန့်ပေးလိုက်ရင် လူသေမြှုပ်ထားတဲ့ မြေပုံအက်ကွဲ မြေကြီးတွေ စုံတက်ပြီး …

ငါလူရာ ခေါင်းဖုံးသစ်သားပြားကြီး တဖြည်းဖြည်း ကွာပေါ်လာတာကွ။

ငါဆို ကြောက်လွန်းလို့ ချေးသေးထွက်ရောဟေ့။

ဆရာပေးထားတဲ့ သိမ်ဝင်သပိတ်ကွဲအင်းကိုင်ထားပြီး ဒူးတုန်နေတာ။ ဘာကြာလဲကွာ။

ခေါင်းထဲကနေ ဆံပင်ဖားလျား မျက်နှာကြီး ဖူးယောင်နေတဲ့ အစိမ်းသေမ ငုတ်တုတ်ကြီး ထိုင်နေတာဟေ့။

ဘုရား … ဘုရား … ပြောရင်း ကြက်သီးထပါ့ကွာ။

မီးမဖွားနိုင်ဘဲ သေတဲ့မိန်းမတဲ့။

မျက်လုံးနှစ်လုံးပြူးပြီး ငါတို့ဆရာတပည့်ကို ကြည့်နေတာ။ နှုန်းနံ့ရော၊ အပုတ်အဲ့အဲ့ အနံ့ရော နံနေတာပဲ။

"ဟဲ့ကောင်မ … ငါခေါ်တာ ကြားလား"

ခေါင်းထဲက အစိမ်းသေမိန်းမက ခေါင်းညိတ်ပြတယ်။

"နင် ငါ့အမိန့်ပေးခေါ်ရင် လာခဲ့ရမယ်"

မိန်းမက ခေါင်းညိတ်တယ်။

"နင်လာရင် နင်စားချင်တာ ငါကျွေးမယ်။ ငါခိုင်းတာ နင်လုပ်ရမယ် နားလည်လား"

"ခေါင်းညိတ်ပြန်ရောဟေ့"

"ရော့ … နင်စားဖို့ အမဲသား"

ဆရာ … ဆရာမှန်က ပါလာတဲ့ အမဲသားစိမ်းတစ်တုံးကို ပစ်ပေးလိုက်ရော ငါ့လူရာ အစိမ်းမက လက်နဲ့လှမ်းဖမ်းပြီး ပါးစပ်ထဲကို ပစ်ထည့်တာဟေ့။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလည်း ဆံပင်ဖားလျား မျက်လုံးပြူးပြူးနဲ့ ကြည့်ရဲ့။ စားလည်း စားရဲ့။

"ဟဲ့ ... အစိမ်းမ"

သူက ဆရာမုန်ကို ကြည့်နေရဲ့ကွာ။

"ခုချက်ချင်း ခေါင်းဖုံးယူပြီး ပြန်ဖုံးအိပ်"

ဆရာမုန့် အမိန့်စကားအဆုံးမှာ အစိမ်းသေ လူသေကောင်သရဲမ တာ သစ်သားခေါင်းဖုံးကို လှမ်းကိုင်ပြီး ခေါင်းထဲ ပက်လက်လှန်ချလိုက် တာ ....

"ဝုန်း ..."

"အမလေးဗျ ..."

"ဟဲ့ကောင် ... နင့်အမေကလွှားလို့ အော်နေတာလား"

"တိတ်စမ်းကွာ ... ဒါ သင်္ချိုင်းကုန်း။ နင့်အမေလင်အိမ် မဟုတ် ဘူး။ သွား ... မြေကြီးတွေ ပြန်ဖို့"

"ဗျာ ..."

"တယ်ကွာ ... ငါ ရိုက်ရရင် သေတော့မှာပဲ။ မြန်မြန်မြေဖို့ စမ်း"

ဆရာမုန်က ကြိမ်လုံးနဲ့ရွယ်ရော ... ငါလည်း ပါလာတဲ့ စစ်သုံး ဆေါက်ဂေါ်ပြားနဲ့ ခေါင်းပေါ်မြေကြီးတွေ ဖို့တော့တာပဲ။

လူတစ်ကိုယ်လုံးဖောချွေး၊ ကြောက်ချွေးနဲ့ စိုရွှဲနေတာပဲ။

ဒီအလုပ်က အစိမ်းသေ သရဲမကို အစာကျွေးပြီး တပည့်မွေး တာတဲ့ကွာ။

ငါတို့ သင်္ချိုင်းတကာမှာ ...

မွေ့ကိုက်သေတဲ့ အစိမ်းသေ ...

ရေနစ်သေတဲ့ အစိမ်းသေ ...

မိုးကြိုးပစ်သေတဲ့ အစိမ်းသေ ...

မီးမဖွားနိုင်ဘဲသေတဲ့ အစိမ်းသေ ...

လူသတ်၊ ကျားကိုက်လို့သေတဲ့ အစိမ်းသေပေါင်းစုံရဲ့ ဆံပင်၊ အသွား၊ ခြေသည်း၊ ထမီ၊ အင်္ကျီ၊ သနပ်ခါး၊ သွားချေး တောတွေကိုဖော်ယူ ဆောင်းရတယ်ကွ။

www.burmeseclassic.com



ဒီလိုနဲ့ ငါးနှစ်ပြည့်တော့ ငါလည်း ပညာစုံပြီကွာ။

တခွေခေါ်နိုင်ပြီကွာ။ သရဲခေါ်နိုင်ပြီကွာ။

နတ်စိမ်းတွေ ခေါ်နိုင်ပြီကွာ။

ဖုတ်သွင်းတဲ့ အတတ် တတ်ပြီကွာ။

ဝိယဆေးဆိုတာ သူငယ်တန်းအဆင့်ပညာပါကွ။ သို့သော် ဝိယဆေးက တယ်ပိုက်ဆံရတာပဲဟေ့။ ယောကျ်ားသားများ မိန်းမ ရှိနေတာတောင် နောက်မိန်းမ လိုချင်တာပဲကွ။

(ဆရာကြီးက ထိုသို့ပြောတော့ ကျွန်တော် ဝင်းနိုင်(ရွှေပြည်သာ) နဲ့ ထောင်မှူးကြီးသိန်းဝင်းတို့ကို ပြေးသတိရလိုက်တယ်ဗျာ။ ဒီလူတွေက ဝိယဆေးလို့ ပြောပြီး ပေးလိုက်ရင် မြင်းချေး ပြာချထားတာတောင် ကိုယ်နဲ့ မကွာ ဆောင်တဲ့လူတွေခင်ဗျ။)

ဆရာကြီးဦးဆေးပေါင်းက ဆက်ပြောတယ်။

ဝိယဆေး စီရင်ပေးရင် ငါ ပိုက်ဆံရတာပဲ။

မျက်နှာပွင့် ဝိယရေမန်း။

ဝိယ ဆေးလိပ်မန်း။

ဝိယပန်းမန်း။ ဝိယ ထမင်းမန်း။ ကွမ်းယာမန်း။ ဝိယ နံ့သာမန်း ဝိယ ဖယောင်းတိုင်မန်း အစုံ ငါရတယ်။

မိန်းမတွေလည်း လာတာပဲ။

သူတို့လိုချင်တဲ့ ယောကျ်ားအတွက် အစီအရင်တောင်းတာ။ သင့်သလိုလုပ်ပေးရတာပေါ့။ အဆင်ပြေတော့ ငါ့လာကန်တော့တာ ငွေကို ချွေးနေတာပဲ။

နောက်တော့ ငါ ဝိယမန်း ဘယ်သူ့မှ လုပ်မပေးတော့ဘူးကွ"

"ငွေရရဲ့သားနဲ့ ဘာလို့ မလုပ်တာတုံး ... အဘရ"

"လူကြီးတစ်ယောက်ကို ပန်းပွင့်ဝိယမန်း စီရင်ပေးလိုက်တယ် လူကြီးက သူကြိုက်တဲ့ကောင်မလေးကို ငါစီရင်ပေးလိုက်တဲ့ ပန်းထောင် ဆောင်ပေးလိုက်တယ်။ ညလည်းရောက်ရော ကောင်မလေး အဲဒီလူကြီး နံ့ရာလိုက်ပြေးရောကွာ"

"စွမ်းလှချည်လား ... အဘရ"

www.burmeseclassic.com



"သိပ်စွမ်းတော့လည်း မကောင်းဘူးကွ"

"ဘာဖြစ်လို့တုံးဗျ ... အဘရ"

"ဟိုလူကြီးနဲ့ ခိုးရာလိုက်ပြေးတာ ငါ့တူမဖြစ်နေလို့ပဲကွ"

"ဟား ... ဟား ... ဟား .. ဟား ... ဖြစ်မှဖြစ်ရလေ ... အဘရာ။ ကိုယ့်ပညာနဲ့ကိုယ် ခံရတာပဲကိုး ဗျ။ အဲဒီလူကို အဘ လုပ်မပြစ်လိုက်ဘူးလား"

"မလုပ်တော့ပါဘူးကွာ ညားလည်းညားနေပြီ ဥစ္စာ။ လူကြီးကလည်း ငါ့တူမကို ချစ်ရှာလို့ပါ။ အဲဒီကစပြီး ဝိယနဲ့ပတ်သက်ရင် ဘယ်သူ့မှ စီရင်မပေးတော့ဘူး"

❁ ❁ ❁

[၄]

❑

"စာရေးဆရာ၊ မောင်ကံသိန်းတို့အိမ်မှာ ကြာမှာလား"

"နှစ်ရက်သုံးရက်နေမလားလို့ ခင်ဗျ"

"နောက်နေ့များမှာ ငါတို့လုပ်ခဲ့တဲ့ မကောင်းမှုတွေအကြောင်း ပြောပြမယ်၊ ငါတို့ ရှုံးလို့ပြေးရတဲ့ ပညာပြိုင်ခန်းတွေလည်း ပြောပြမယ်။ အခု ပြောချင်တာက အာဇ္ဈာဝကဆေးထိုးလို့ စိတ်မထိန်းနိုင်ဘဲ အကျိုးနည်းတဲ့ အကြောင်း ပြောပြမယ်ကွာ။

ငါတို့ အောက်လမ်းပညာသည် ဆရာအချို့မှာ ဝင်ငွေရတဲ့ အစီအရင်တွေ အများကြီးရှိတယ် စာရေးဆရာ။

မပြောကောင်းလို့ မပြောတော့ဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက ငါလည်း ဒီလိုမျိုး လုပ်ခဲ့ဖူးတော့ ...
ငါလည်း မကောင်းဘူးလေ။ ငါလိုလူတွေ အများကြီးကွ။
ဘယ်သူသေသေ ငွေတောရင်ပြီးရော လုပ်စားကြတာပဲ။

(ကျွန်တော် မြင်ခဲ့ကြုံခဲ့ရဖူးတယ်ခင်ဗျ။ ငယ်လင်ငယ်မယားနှစ်ဦးကို ကွဲအောင် အောက်လမ်းဆရာက စီရင်ပေးတာဗျ။ ပိုင်းလုံးမိန်းမတစ်ဦးက ပိုက်ဆံရှိတဲ့ အိမ်ထောင်ရှိယောက်ျားကို ဝင်လုံးတာဗျာ။ ဟိုလူကလည်း အတွေ့မှာငြိသွားရော ပိုင်းလုံးမက ဟိုလူကိုပြောတယ်။ လင်မယားကွာရှင်းပြီး သူ့ကို တရားဝင်ယူပါတဲ့။ ဟိုလူကလည်း ငယ်လင်ငယ်မယား ဘယ်ကွာရက်မှာလဲဗျာ။ ကလေးတွေလည်း ရှိတာကိုး။ အဲဒါ အောက်လမ်းဆရာနဲ့ အကူအညီနဲ့ လုပ်ချလိုက်တာ ငယ်လင်ငယ်မယား ကြည့်မရဖြစ်ပြီး အိမ်ထောင်ပြိုကွဲပါရောဗျာ။ နောက်တော့လည်း ပိုင်းလုံးက ပိုင်းလုံးပဲလေ။ ဓာတ်ရှပ်ပေါ်ပြီး လမ်းခွဲရတာပဲဗျာ။)

တစ်နေ့ ငါ့ဆီကို လူရွယ်တစ်ယောက် ရောက်လာတယ်ကွ။

အသားဖြူဖြူ တုတ်ခိုင်ခိုင် လူရွယ်ကွ။

"ဘာကိစ္စရှိလို့လဲ မင်းနာမည်ကရော"

"ကျွန်တော့်နာမည် မောင်ဆိုးလို့ခေါ်ပါတယ် ... ဆရာကြီး"

"ခု ဘာကိစ္စရှိလို့လဲ ငါ ဗိုယဆေးမပေးတော့ဘူးနော်"

"ဗိုယဆေး မလိုချင်ပါဘူး ... ဆရာကြီး"

"ဒါဆို ဘယ်လို ချင်ဖြစ်ချင်လို့တုံး"

"ကျွန်တော် အာဥ္ဇာဝကဆေးထိုးချင်တယ် ... ဆရာကြီး"

"အာဥ္ဇာဝကမှော်ဆေးဆိုတာ စိတ်မထိန်းနိုင်တဲ့ မင်းတို့လူငယ်တွေ မထိုးသင့်ဘူး။ အာဥ္ဇာဝကမှော်ဆေးတို့၊ ဇောရိသာရမှော်ဆေးတို့ဆိုတာ စိတ်မထိန်းနိုင်ရင် ပြဿနာများတယ်"

"ကျွန်တော် စိတ်ထိန်းနိုင်ပါတယ် ... ဆရာကြီး"

"ငါ လုပ်မပေးနိုင်ဘူး"

ဒီမှာ မောင်ဆိုးဆိုတဲ့လူရွယ်က ပိုက်ဆံအိတ်ဖွင့်ပြီး ငွေစက္ကူတစ်ထပ် ငါ့ရှေ့မှာ ချတယ်။

"ငွေတစ်ထောင်ပါ ဆရာကြီး။ ကူညီပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ငွေတစ်ထောင်ဆိုတာ လွှန်ခဲ့တဲ့ အနှစ်(၆၀)လောက်တုန်းက အိမ်ခြံဝယ်လို့ရတဲ့ ငွေကွ''

လက်ဖက်ရည်တစ်ခွက် တစ်မတ်။

နံပြားတစ်ချပ် ဆယ်ပြား။

စွပ်ကြေးယ်တစ်ထည် သုံးမတ်။

ပဲဆီတစ်ဆယ်သား ပြားလေးဆယ်ပဲ ရှိတဲ့ခေတ်။

ဝီလီဂျစ်တစ်စီး ငွေသုံးထောင့်ငါးရာကျပ်ပဲရှိတယ်။

ငွေတစ်ထောင်ဆိုတာ ငါးကျပ်သားမက ရွှေ ဝယ်လို့ရတာယ်။

''ငါ ထိုးမပေးနိုင်ဘူး။ အန္တရာယ်များတယ်ကွ''

လူရွယ်က နောက်ထပ် ငွေစက္ကူတစ်ထပ် ထပ်ချတယ်။

''အားလုံး သုံးထောင်ကျပ်ပါ ... ဆရာကြီး။ ကျွန်တော် ဆရာကြီး ကျေးဇူးကို မမေ့ပါဘူး။ ဆရာကြီးလိုအပ်ရင် ကြိုက်တဲ့အချိန် လှမ်းခေါ်ပါ။ ကျွန်တော်ကြည့်ပါ့မယ် ဆရာကြီး''

ငွေပေါ့ကွာ။

ငွေသုံးထောင်ဆိုတာ ဂျစ်ကားဝယ်လို့ ရတဲ့ငွေ။

ငါ့ရင်ထဲမှာ လောဘနဲ့ တပ်မက်မှု ကြွနေပြီကွ။

''မင်းစိတ်ကို မင်းနိုင်မှာလား ... မောင်ဆိုး''

''နိုင်ပါတယ် ... ဆရာကြီး။ စိတ်ချ ယုံကြည်ပါခင်ဗျ''

ဒါနဲ့ ငါ ရနိုင်ခဲ့တဲ့ ငွေလုံးငွေရင်းကိုမက်ပြီး မောင်ဆိုးဆိုတဲ့ လူရွယ်ကို အာဠာဝကမှော်ဆေး စီရင်ပေးလိုက်တယ်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## [၁]

❑

အာဠာဝကမှော်သွင်းတာက အတော်လက်ဝင် အချိန်ပေးရတယ် စာရေးဆရာ။

မှတ်ထား ... စာရေးဆရာ။

မှော်အမျိုးမျိုး ရှိတယ်။

မှော်ဆိုတဲ့အဓိပ္ပာယ်က ပညာအစီအရင်နဲ့ ပြုပြင်တာကို မှော်လို့ ခေါ်တယ်။ တစ်နည်း စုန်းပညာ၊ ပယောဂပညာနဲ့ စီရင်တဲ့ပညာကို ခေါ်တာ။

မှော်ဆိုတဲ့ စကားနောက်တစ်မျိုးကတော့ ...

ရေသေမျက်နှာပြင်ပေါ်မှာ အညှိတက်ပြီးပေါက်တဲ့ အပင်ကိုလည်း မှော်၊ မှော်ပင်လို့ ခေါ်တယ်။

အပြောက်အမွှန်းတစ်မျိုးကိုလည်း မှော်လို့ခေါ်တယ်။

ပြီး ... ကျောက်စိမ်းထွက်တဲ့ အရပ်ကိုလည်း မှော်လို့ ခေါ်ကြတယ်။ မှော်ချည်ဆိုတာ ရှိသေးတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



အရသာချဉ်တယ်။ ရိုးတံမှာ အရွက်သုံးရွက် ဆိုင်ထွက်တယ်။ မြေကာဝ်အပင်မျိုးပဲ။ တချို့ မှိုချဉ်၊ မှိုစားတိုလို့ ခေါ်တယ်။

ငါတို့ စုန်းကဝေ၊ ပညာသည်ပိုင်း ဆရာလိုင်းမှာတော့ မှော်တွေ အများကြီးပဲကွ။

မှော်သွင်းနည်း ခေါ်တာပေါ့။

ဇောရိသာရ မှော်သွင်းနည်း။

အာဋာဝက မှော်သွင်းနည်း။

သီဟာနရ မှော်သွင်းနည်း။

ဝိဇ္ဇာဘယ မှော်သွင်းနည်း။

ပိဋကတ် မှော်သွင်းနည်း။

ဒိက္ခိဏာသာခါ မှော်သွင်းနည်း။ သူယောင်မှော်သွင်းနည်း။

ပုဏ္ဏက မှော်သွင်းနည်း။ တစ္ဆေမှော်သွင်းနည်း။ ရုက္ခစိုးမှော်သွင်းနည်း။ ပြာမှော်သွင်းနည်း။ ကြောင်မှော်သွင်းနည်း စတဲ့ မှော်မျိုးစုံရှိတယ်။

အခု ငါ မောင်ဆိုးကို အာဋာဝက မှော်သွင်းတော့မှာ။

"မောင်ဆိုး ..."

"ခင်ဗျာ ... ဆရာကြီး"

"နက်ဖြန်ရက်က တနင်္ဂနွေဆန်းတယ်ကွ"

"ဟုတ်ကဲ့"

"ငါ မင်းကို စီရင်ပေးရမှာ တနင်္ဂနွေလဆန်း။ တနင်္ဂနွေလပြည့်၊ တနင်္ဂနွေ လကွယ်ရက်တွေအနက် လဆန်းရက်ကစပြီး အစီအရင် ရမယ်။ ချက်စောင့်တာတော့ ကြာမယ်နော်"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

"နက်ဖြန် လုပ်ငန်းစမယ်။ မင်း အာဋာဝက ဆေးမှော်သွင်းတာ ဘယ်သူမှ မသိစေနဲ့"

"ဟုတ်ကဲ့"

"ငါစီရင်ပေးတာလည်း လျှောက်မပြောနဲ့"

"စိတ်ချပါ ... ဆရာကြီး"

ထုံးစံအတိုင်းပေါ့ကွာ။ ဒီနေရာမှာ အာဋာဝက မှော်သွင်းတာ ဆင်ဆရာနဲ့တစ်ဆရာ မတူဘူးကွ။ ငါတို့နည်းက မဟာသရဘူပုဏ္ဏကျမ်း အဆိုအတိုင်း စီရင်တာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ ဆိုးကို လူမမြင်နိုင်တဲ့ ရေဝဲလေးတွေရှိတဲ့ချောင်းကို ခေါ်သွားတယ်။ ရေလယ်ခေါင် လည်ပင်းအထိနက်တဲ့ ရေလယ်မှာ လေးတိုင်စင်ဆောက်လိုက်တယ်။ နိုင်နိုင်ဆောက်ရတာပေါ့။ 7

လေးတိုင်စင်ပေါ်မှာ ဝါးယက်အခင်း လုပ်ထားတယ်။

လေးတိုင်စင်အခင်းပေါ်မှာ ဆီသန့်သန့် (၃၀)ကျပ်သားကို ဖန်ဘူးသန့်သန့်ထဲထည့် အဖုံးပိတ်ပြီး တင်ရတယ်။

ပြီးတော့ ...ဓား၊ လှံ၊ သေနတ်၊ အမြှောက်စိန်ပြောင်း၊ ကြိုး၊ လက်ထိတ်၊ ခြေကျင်း၊ လှောင်အိမ် စတာတွေကို တိုင်စင်အခင်းပေါ်မှာ တင်။

ဓားလှံကတော့ အစစ်ပေါ့ကွာ။

သေနတ်ကတော့ အတုပေါ့။ လက်ထိပ်အတု၊ ခြေကျင်းအတုပေါ့။ အဲဒါတွေ အစုံခင်းကျင်းပြီး ပွဲတင်ရတယ်။

ခေါပတောင်းထဲမှာ ဟောဒီပစ္စည်းတွေထည့်၊ ထည့်ရမည့်ပစ္စည်းတွေက အုန်း၊ ငှက်ပျောပွဲတစ်ပွဲ၊ မုန့်ဖြူမုန့်နီ၊ ငါးမျိုးစုံရဲ့ဦးခေါင်း၊ ငှက်ပျောတုံးငယ်တစ်တုံး၊ ကွမ်းစုံက တစ်ယှာ။

အဲဒါတွေ ခေါပတောင်းထဲ ထည့်ပြီး အာဠာဝကနတ်ဘီလူးကို ရည်စူးတင်မြှောက်ရတယ်ကွ။

ဒီကောင့်ကို အကိုျချွတ်ခါးတောင်းကျိုက်။

အမွှေးရနံ့ရေ သုတ်ပေး။

ဆိုးကို ရေထဲလေးတိုင်ပွဲရှေ့မှာ ခေါင်းဖော်ထိုင်နိုင်းပြီး မန္တန်ရွတ်ရတာကွ။

ဆိုးကို ရေထဲခေါင်းဖော်ပြီး (၃၇)အုပ် မန်းရတာဟေ့။

ဆေးစုတ်မန္တန်တော့ နည်းနည်း ရွတ်ပြမယ်ကွ။ မင်းတို့ခေတ် စာစီစာရိုက်တွေ စာရိုက်ရင် လွယ်မှာမဟုတ်ဘူးဟေ့။

နားထောင်။

.........................

ယက္ခ ယက္ခံ၊ အဟံ တေထိရက္ခော

ရာဇာဒိန္နံတေ၊ ဂေမုတ္တာ၊ ဆန္ဒတိ။

ကျန်တဲ့မန္တန်တော့ ရွတ်မပြတော့ဘူးကွာ။ ရေးဖို့လည်း မသင့်ဘူးကွ။



www.burmeseclassic.com

www.burmeseclassic.com



သင်းခေါင်းကို (၃၇)အုပ်မန်းပြီး ...

"ထ .. ရပ်တော့"

ကိုစွတွေပြီးတော့ ဆေးကို ငါ စင်ပေါ်က ကွမ်းယာကို အလျင်ကျွေး လိုက်တယ်။ ပါးစပ်ကလည်း အာဠာဝကနတ်ဘီလူးမင်း စောင့်ရှောက်ပေးဖို့ လိုလို့ခေါ်ရင် လာရောက်ဖို့ ပြောရတယ်။

"ရော့ ... ငှက်ပျောသီးစား"

ကျန်တာတော့ အိမ်ကို ယူသွားရတာပေါ့။

အဲဒီလိုပဲ နောက်တနင်္ဂနွေ လပြည့်ကြုံတဲ့နေ့မှာ အစီအရင် ပြန်လုပ် ရတယ်။

ဒီတစ်ခါတော့ ရေအနက် သုံ့ခါးစောင်းမှာ ပြီးခဲ့သလိုပဲ ခေါင်းဖော်၊ မန္တန်(၃၇)အုပ်ရွတ်၊ အာဠာဝကကို ပင့်ခေါ်ကျွေး။ ပြီးရင် ကိုယ်လည်းစား။

တစ်ခါ တနင်္ဂနွေ လကွယ်ကြုံတော့ ပြန်စီရင်။

ဒီတစ်ခါတော့ ရေအနက် ဒူးမြုပ်ရုံမှာ ထိုင်ပြီး မန္တန်ရွတ်အပ်ရ တယ်။

မပြီးသေးဘူးကွ။

နောက်တစ်ခါ တနင်္လာလဆန်းလပြည့်ကြုံနေ့နဲ့ လကွယ်ကြုံတဲ့ နေ့မှာ ပြန်စီရင်ရတယ်ကွ။

တနင်္လာလဆန်း လပြည့်နေ့မျိုးရောက်တော့ အရင်လို ရေထဲမှာ မဟုတ်တော့ဘူး၊ သချိုင်းကုန်းမှာ စီရင်ရတာပေါ့။

တနင်္လာဆန်းတဲ့ လပြည့်နေ့ကျတော့ ....

ဆေးရဲ့ပါးစပ်နဲ့အညီ အမြင့်မှာ လေးတိုင်စင်ထိုးပြီး စောစောက အတိုင်း စားပွဲရော ဆီပုလင်းရော တင်မြှောက်ခေါ် ....

လပြည့်နေ့ရောက်တော့ ဆေးရဲ့ခါးစောင်းနဲ့အညီ စင်ထိုးပြီး ကျွေး မြှောက်ခေါ်အပ်။ မန္တန်ရွတ်။

လကွယ်၊ တနင်္လာဆန်းမှာတော့ လေးတိုင်စင်ကို ဆေးရဲ့ ဒူး ဆောက်အမြင့်ဆောက်ပြီး စားပွဲတင် နတ်ဘီလူးရုပ်ကိုခေါ်ပြော။

မန္တန် (၃၇)အုပ်ရွတ်၊ ဆေးပေါက်။

ပြီးတာနဲ့ စားပွဲက စားစရာတွေကို စား။

လွယ်တော့ မလွယ်ဘူးကွ။ စိတ်ရှည်ရတယ်ပေါ့။ ငါလည်း ပင် ပန်းသွားတာပဲကွ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အင်္ဂါလဆန်းလပြည့်၊ လကွယ်ရောက်တော့ . . .

သချိုင်းကုန်း မဟုတ်တော့ဘူး။ နေရာပြောင်း။

ခုနေရာက နတ်စင်ရှိတဲ့ သစ်ပင်ရှေ့မှာ လေးတိုင်စင် ပြန်သောက်၊ ပွဲထိုး စားဖွယ်တွေ တင်မြှောက် အပ်ရတယ်။

စင်ပေါ်မှာ ဓားလှံ၊ လေး၊ မြား၊ သေနတ်၊ လက်ထိပ်၊ ခြေကျင်း အစုံတင်ရတယ်နော်။ ပြီးရင် မန္တန်နဲ့စုတ်။

နောက်ဆုံးအဆင့်ကတော့ . .

စနေဆန်း စနေလပြည့်လကွယ်နေ့ပဲကွ။

အဲဒီနေ့ကျတော့ တန်ခိုးကြီးဘုရားမှာ လေးတိုင်ထိုးပြီး အထက်က အတိုင်း စီရင်ရတယ်။

ပြီးပြီ။ ဒါ နောက်ဆုံးအဆင့်ပဲ။

အာဋာဝက နတ်ဘီလူးကို ပင့်ဖိတ်ကျွေးမွေး အစဉ်စောင့်ရှောက် ဖို့ အာထာအပ်ပြီးပြီ။

ပြီးတာနဲ့ လေးတိုင်စင်ပေါ်မှာ တင်ထားတဲ့ ဓားလှံ၊ သေနတ်၊ ခြေထိတ်၊ ခြေကျင်း၊ ကြိုး၊ တံခါး ပိတ်လှောင်အိမ်အသေး စတာတွေကို အကုန်သယ်ယူပြီး မီးရှို့ပစ်ရတယ်။ /

ပြာကျအောင်ရှို့ရတာကွ။

ကျန်တာက အစီအရင် နှမ်းဆီ (၃၀)ကျပ်သားပဲ။

အဲဒီ နှမ်းဆီထဲကို အနန္တလောကသံနဲ့ ဓားလုပ်တဲ့သံကိုထည့်စိမ်၊ စောစောက မီးရှို့တဲ့ ပစ္စည်းပြာလည်း ထည့်ခပ်။

"ငစိုး"

"ခင်ဗျား . . . ဆရာကြီး"

"မင်း ဆုတောင်းစမ်း"

"ဘယ်လိုဆုတောင်းရမှာလဲ . . . ဆရာကြီး"

"ဒါဆို လိုက်ဆို . . . အာဋာဝက နတ်ဘီလူးမင်းခင်ဗျ"

"အာဋာဝက နတ်ဘီလူးမင်းခင်ဗျား"

"ကျွန်တော်မျိုးသည် စားဖွယ်အစီအရင်အစုံနှင့် အာဋာဝက အင်းဆေး သွင်းပြီးပါပြီ"

"ကျွန်တော်မျိုးသည် စားဖွယ်အစီအရင်အစုံနှင့် အာဋာဝကအင်း မှော်သွင်းပြီးပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ယနေ့မှစ၍ စောင့်ရှောက်တော်မူပါ"

"ယနေ့မှစ၍ စောင့်ရှောက်တော်မူပါ"

"ဤမှော်ပြာဆီကို သောက်ပြီးချိန်မှစ၍"

"ဤမှော်ပြာဆီကို သောက်ပြီးချိန်မှစ၍"

"အာဋာဝကနတ်ဘီလူးမင်းကို ကျွန်ုပ် ပင့်ခေါ်ပါလျှင် အမြန်ကြွရောက် စောင့်ရှောက်တော်မူပါ"

"အာဋာဝကနတ်ဘီလူးမင်းကို ကျွန်ုပ် ပင့်ခေါ်ပါလျှင် အမြန်ကြွရောက် စောင့်ရှောက်တော်မူပါ"

"ဒေသီး . . ."

"ခင်ဗျာ . . . ဆရာကြီး"

"ဟောဒီ မှော်ပြာဆီကို မနက်မှာ နှစ်မတ်သားသောက်၊ ညမှာ နှစ်မတ်သား။ တစ်နေ့ နှစ်ကြိမ်သောက်"

"ဟုတ်"

"ညရောက်ရင် နှစ်မတ်သားသောက်။ သောက်ရင်း ပါးစပ်က သည်းပြော အာဋာဝကနတ်ဘီလူးမင်း ကူညီမှိုင်းမပါလို့"

"ဟုတ်"

"ဆီသောက်လို့ကုန်တဲ့နေ့ မင်းခန္ဓာကိုယ်ထဲမှာ (၁၂)မှော်ဝင်ပြီ။ မင်းအစွမ်းတွေ ရပြီ"

"တ . . . တကယ်လား . . . ဆ . . . ဆရာကြီး ဟင်း ဟင်"

"ဆရာကို မပြစ်မှားနဲ့။ ဘုရား၊ တရား၊ သံဃာ မပြစ်မှားနဲ့။ ပြစ်မှားရင် ငါ ကယ်လို့မရဘူး . . . ကြားလား"

"ဟုတ် . . . ဟုတ်"

"နောက်ဆုံး ဆီနှစ်မတ်သားသောက်ပြီးရင် အိပ်တော့ သန်းခေါင်ယံရောက်ရင် အိပ်ယာထဲကနေ အာဋာဝကတဲ့ဟေ့လို့ အော်ပြီး အပေါ်ကို ခုန်လိုက်။ မင်း ခုန်လို့ ကြုံတွေ့တာကို ငါ့လာပြော"

"ဟုတ် . . . ဟုတ်ကဲ့ပါ ခင်ဗျ"

"ကြီးနိုင်ငယ်ညှင်း မလုပ်နဲ့။ အားနွဲ့တဲ့ မိန်းမသားတွေကို မစော်ကားနဲ့။ စော်ကားရင် မင်းဘဝ ပျက်ပြီ . . . နားလည်လား"

"နားလည်ပါတယ် . . . ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ရော့ .. ဆိပုလင်းယူပြီး ပြန်တော့"

"ကျေးဇူးကြီးလှပါတယ် ... ဆရာကြီးရယ်။ ဆရာကြီးကျေးဇူးကို ကျွန်တော် မမေ့ပါဘူးခင်ဗျာ"

ဒီကောင် ငါ့ကို ဦးအကြိမ်ကြိမ်ချ ကန်တော့တယ်။

"ဆိုး ..."

"ဗျာ ..."

"အာဠာဝက ဆိုး"

ငါ ဒီလိုခေါ်ရော ဒီကောင် အရမ်းအံ့ဩ ဝမ်းသာနေတာကွ။

"ငါ့ကျေးဇူးကို ဆပ်ချင်လား"

"ဟုတ် ... ဟုတ်"

"ငါ့ကို ကျေးဇူးဆပ်ချင်ရင် ငါ့စကားနားထောင်"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

✿ ✿ ✿

[ ၆ ]

❑

အာဠာဝကမျှော်သွင်းဆီ (၃၀) ကျပ်သား ကုန်ပြီးနောက်နေ့မှာ ဆိုး ငါ့ဆီကို ဝမ်းသာအားရ ပြေးလာရောကွ။

"ဆရာကြီး ... ဆရာကြီး .."

"ဟဲ့ ... ဆိုး ... ဘာဖြစ်လို့တုံး"

"အောင်ပြီ ... ဆရာကြီးရ ... အောင်ပြီဗျ .... ဟား ... ဟား ... ဟား ... ဟား ... ဝမ်းသာလိုက်တာ ... ဆရာကြီးရယ်"

ဒီကောင် အတော့်ကို ဝမ်းသာအားရ အူမြူးနေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအောင်တာတုံး .... ငစိုးရ ... ပြောပါဦးဟ"

"နောက်ဆုံး မှော်ဆီနှစ်မတ်သားသောက်ပြီး ကျွန်တော် အိပ်ပျော်သွားတယ် ... ဆရာကြီး။ သန်းခေါင်လောက်မှာ 'ဟော့ကောင် ထ,ခုန်'လို့ ပြောသံကြားတာဗျ။ ကျွန်တော် လန့်နိုးပြီး အိပ်ယာပက်လက်ကနေ ကျားလို့ အော်ပြီး ထခုန်လိုက်တာဗျာ ...."

"ခုန်တော့ ဘာဖြစ်သွားတုံး"

"ကျွန်တော် ခေါင်းအမိုးကိုဖောက်ပြီး မြေကြီးပေါ်ကို ဒူးထောက်လျက်သား ကျသွားတာဗျာ။ အမေက လန့်ပြီး အော်ပါရောဗျ"

"ဟုတ်လား"

"အဟုတ်ပါ ... ဆရာကြီးရယ် ... အံ့ရောဗျာ"

"မင်း တကယ်အောင်ပြီ ... ငဆိုးရေ။ ဒီမှာ အကြောင်းမရှိဘဲ မခုန်နဲ့"

"ဘာလို့လဲ ... ဆရာကြီး"

"ရန်များမှာစိုးလို့"

"ရန်များတယ်လား"

"ဟုတ်တယ် ... အန္တရာယ်နဲ့ကြုံမှ ခေါ်သုံး"

သူ ငါ့ကို အကျီ ပုဆိုး ပိုက်ဆံတွေနဲ့ ကန်တော့ပြီး ဝမ်းသာကြီးစွာ ပြန်သွားတယ်။

သူ့ကိုကြည့်ပြီး ငါ ရင်းလေးလှသကွာ။

ဘာကြောလဲကွာ ငဆိုးရဲ့သတင်း ကြားရတာပဲဟေ့။ ဒီကောင် ရန်ဖြစ်တယ်။ ဟိုတုန်းက သူ့ကို အနိုင်ကျင့်တဲ့ကောင်တွေနဲ့ ဖြစ်တာ။

ကိုယ်တွေမြင်တဲ့လူက ပြောပုံအရ ..

သူ့ကို တုတ်တွေနဲ့ ဝိုင်းရိုက်တာတဲ့။

အရိုက်ခံနေသတဲ့ကွာ။ ဘာမှ ပြန်မလုပ်ဘူးတဲ့ဟေ့။

တုတ်တွေနဲ့ရိုက်၊ အုတ်ခဲပိုင်းနဲ့ ဝိုင်းထုတာ မကွဲမပြဲဘဲ အံကြိတ်ခံနေတာမြင်တော့ ရိုက်တဲ့အဖွဲ့က အံ့ဩ။

"မင်းက ဘာကောင်မို့ မကွဲတာလဲ ... သေစမ်းကွာ"

"ချဟေ့"

"ဆော်စမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျား ... အာဠာဝကတဲ့ဟေ့"

"ဖောင်း"

"ခွမ်း"

"အား ..."

"ဖျောင်း"

"ကျား ... အာဠာဝကတဲ့ကွ ... ကျား"

ဒီလိုအော်ပြီး ခုန်လိုက်တာ ခုန်ရင်းကန်ထိုးခဲ့လိုက်တာ ဟိုကောင်တွေ ကွဲပြဲပဲ။ ငဆိုး မြေပြင်ပေါ်ပြန်ကျရော သူ့ရိုက်တဲ့ကောင်တွေကို ကိုင်တိုင်ပေါက်တာ။

ငါးယောက်စလုံး ကျိုးပဲ့ကွဲပြဲ သွေးသံရဲရဲနဲ့ ပြေးရော။

အဲဒီအချိန်ကစပြီး ငဆိုး ဘာကောင်လည်း သိကုန်ကြတယ်။ ဘယ်သူနဲ့ဖြစ်ဖြစ် ရန်ဖြစ်တယ်။ အစကတော့ အနာခံတာပဲ။ ပြီးရင် အာဠာဝကကွလို့အော်ခုန်ပြီး အကုန်ပြန်ချတာ။

ငဆိုးနဲ့ ဘယ်သူမှ ယှဉ်မဖြစ်ခဲ့ကြတော့ဘူး။ ထွက်ပြေးတာ မြင်ရင် အားမရလို့ ငဆိုးက နီးရာတိုင်တို့၊ သစ်ပင်တို့ကို ခေါင်းနဲ့ပြေးတိုက်တာ။

မြင်တဲ့လူတိုင်း လန့်တယ်။

သူ့အမေ ဒေါ်မြစိန် လာချော့မှ ဒေါသပြေတာ။

ခက်တာက ဒီကောင်ငဆိုး သူ့ကိုယ်သူ သိပ်အထင်ကြီးနေတယ်ကွ။ အမှန်က အာဠာဝကမှော်သွင်းထားလို့ အာဠာဝကဘီလူးက ခေါ်တိုင်း ကြုံးဝါးတိုင်း ဝင်အစွမ်းပြနေတာ။

သူ့ကိုယ်မှာ စောင့်ရှောက်နေတာ။

ဒီကောင် အသိတရားမရှိဘူး။ ငါကြုံပြောခဲ့တဲ့ ကစားတွေ ဥပေက္ခာပြုလာတယ်။

ဇာတ်ပွဲရှိရင် ရန်ဖြစ်တယ်။

ပွဲပျက်တယ်။

မင်္ဂလာဆောင်ရှိလို့ ဒီကောင်ရောက်လာရင် ပြဿနာဖြစ်ပြီ။ မင်္ဂလာဆောင်ကိုလာတဲ့ တစ်ရပ်သားနဲ့ စကားများရန်ဖြစ် ရိုက်တယ်။

စက်ဘီးတွေ့ စက်ဘီးရိုက်ချိုးတယ်။

နွားလှည်းတွေနဲ့လာရင် နွားတွေကို ရိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အစကနဦးတုန်းက သူတစ်ပါးလွန်လို့ ဖြစ်ရတာ။ အခု သူလွန်လို့ သေွးထွက်သံယိုဖြစ်၊ ပွဲပျက်၊ မျက်နှာတွေ ပျက်ကြ။

ဒီကောင့်ကို သူကြီးက ဖမ်းပြီး ထိတ်တုံးခတ်တယ်။

အဖမ်းခံတယ်။ သူကြီးကို ရန်မလုပ်ဘူး။ ခပ်ပြုံးပြုံးပဲ ထိတ်တုံး အခတ်ခံတယ်။ ထိတ်တုံးဆိုတာ လူဆိုးလူရမ်းကားတွေကို နှောင်ဖွဲ့ဖို့ သစ်သားနဲ့ လုပ်ထားတဲ့ ပစ္စည်း။

အပေါက်ထဲ ခြေနှစ်ချောင်းထည့်။

သိပ်ဆိုးရင် တစ်ပေါက်ကျော်ခတ်ထား။

အပေါ်ကနေ အခေါက်ထူ သစ်သားပြားပြန်ကပ်ပြီး သော့ခတ်ရင် ခတ်၊ မခတ်ရင် မင်းတုတ်ချထားတာ။

လိုအပ်ရင် လက်ရောခြေထောက်ရော ခတ်ရတာ။

ငဆိုးကို ထိတ်တုံးခတ်ထားတယ်။ ညဘက်ရောက်တော့ ခြင်က အရမ်းကိုက်၊ တရားလိုဘက်က ကြေအေးရင် လွှတ်မယ်။ မကျေအေးရင် မြို့ ဂတ်ကိုပို့ရမယ်။

မိုးလင်းရင် စီရင်ရမှာ။

မိုးလင်းလို့ အချုပ်ခန်းထဲ ဝင်ကြည့်ရော ...

လူမိုက်လူရမ်းကား ငဆိုး မရှိတော့ဘူး။

ထိတ်တုံးပွင့်နေပြီ။

ဟုတ်ပြီ ... ဒီကောင် အာဠာဝက ကပ်နေတာ သေချာသွားပြီ။ သူ ဘယ်သူ့ဆီမှာ ဒီလို နှောင်ခြေကျွင်းပါပြုတ်တဲ့ ဆေးထိုးခဲ့သလဲ။ ဆရာကို စုံစမ်းကြတယ်။

ဒါ လုပ်ပေးတာလို့တော့ မစွပ်စွဲခဲ့ကြဘူး။

ဒါက အောက်လမ်းဆရာ၊ ပယောဂကုဆရာမှန်းတော့ သိကြတယ်။ ဒါ့ဆီမှာ အကြံဉာဏ် တောင်းကြတယ်။

အဲဒါ ကြည့်ကောင်းအောင် ပြောရတယ်။ ဒီတစ်ခါသောင်းကျန်းရင် ဒါ့လာခေါ်ကြလို့။ သူတို့က ပြောရော ...

"ဆရာကြီး သူ့နိုင်တဲ့ဆေးရှိရင် ပေးပါခင်ဗျ"

"အာဠာဝက နိုင်တဲ့ဆေး ကျုပ်မှာမရှိဘူး။ လုပ်လို့ရတာက ခင်ဗျားတို့ သူ့ကို လက်ရဖမ်းမိရင် ကျုပ်ကိုလာခေါ် သူ့ကို ကျုပ်ဆေးနဲ့ ထိမှ ကျုပ် သင်းအစွမ်းပျောက်အောင် လုပ်လို့ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေကွာ ဒီကောင့်ခေါင်းပေါ်၊ ရင်ဘတ်ပေါ်၊ ကျောကုန်းနဲ့ ခြေလက်ပေါင်ပေါ်မှာ ငါ့ အာဇ္ဇာဝကာ မှော်ဆေးစုတ်ထိုးသွင်းခဲ့တာ။

သူ့ကို လက်ရမိမှ ငါ ခေါင်းရဲ့ခေါင်းကိုအုပ်ဆေး၊ ချုပ်ဆေးပေါက်ပြီး သွင်းထားတဲ့မှော် ပြန်ထုတ်ရမှာလေ။

သူတို့ သဘောပေါက်သွားတယ်။

လက်ရဖမ်းမိတဲ့နေ့ လာခေါ်ပါမယ်တဲ့။

ဘယ်ဖမ်းလို့ရမှာလဲ နှောင်ဖွဲ့တဲ့ကြိုးတောင် ပြတ်ပြတ်ထွက်ဥစ္စာ။

ခေါ်းကလည်း လွန်လာတယ်ကွာ။

မိန်းမပျိုလေးတွေကို အနိုင်ကျင့်လာတယ်။

သူ့ကို ပြန်မကြိုက်ရင် ပါးနားရိုက်တယ်။ ဆွေမျိုးညီအစ်ကိုတွေက တုတ်၊ ဓားနဲ့ လူစုလိုက်ရင် ရှောင်သွားရော။

တစ်နေ့ လင်ရှိမယားတစ်ဦး အိမ်ပေါ် လင်မရှိတုန်းတက်ပြီး မတော်မတရားလုပ်ဖို့ ကြံစည်ပါရော။

မိန်းကလေးကအော်တော့ အိမ်နီးနားချင်းတွေ တုတ်ဓားတွေနဲ့ ဝိုင်းလာရော။

ကြည့်စမ်း . . . အိမ်ခေါင်က ဖောက်ထွက်ပြီး . . .

"အာဇ္ဇာဝကတဲ့ဟေ့"

လို့ ကြုံးဝါးပြီး လာတဲ့လူအုပ်ထဲခုန်ချ၊ တွေ့ရာလူ ရိုက်နှက်ပြီး ပြေးရော။

ဒီကောင့်အစွမ်းသိနေတော့ တော်ရုံကိစ္စ မြို့ဂါတ်သွားမတိုင်ကြဘူးကွ။ တိုင်လည်း ဒီကောင့်ဖမ်းမိဖို့ မလွယ်ဘူး။

ဒီကောင် ရွာစဉ်လှည့်ရန်ဖြစ်၊ အစွမ်းပြနေရာကတစ်ဆင့် မိန်းမကိစ္စကို စိတ်ဝင်စားပြီး လစ်ရင် အိမ်ပေါ်တက်ရော။

ခုတော့ သမီးပျိုရှိတဲ့အိမ်က ဒီကောင့်ရန်ကြောက်လို့ သချိုင်းကုန်းမှာ မီးသဂြိုဟ်ရင် လူသေကောင်ထိုးလှန်တဲ့ တံရူးဝါးကို ဆောင်ထားကြတယ်။

ပီးတယ်ဆိုတဲ့ကောင်ကို တံရူးဝါးနဲ့ ထိုးမယ်တဲ့။

အချို့က လုံ့ရှည်လုံ့တိုမှာ မီးနေထဘီစကို ပန်းပွားလုပ်ပြီး အသင့်ဆောင်ထားကြတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဒီကောင် လင်ရှိမယားအိမ်ကို ဝင်တာကွ။ အတင့်ရဲတဲ့ကောင်ရယ်ကွာ။

အိမ်ရှင်လင်မယား နိုးရော။

"ဟိတ် ... ဘယ်သူလဲကွ"

"ဟင်း .. ဟင်း ... ဟင်း ..."

ဒီကောင်က အခန်းဝကနေ မာန်ဖီတာတဲ့ဟေ့။

ဒီမှာ အိမ်ရှင်ယောကျ်ားက မီးနေသည်ထဘီစချိတ်ထားတဲ့ လှံတိုနဲ့ ပစ်လိုက်တာ။

"သေစမ်းကွာ ..."

"ဒိုး"

"ဒုတ်"

"အား"

"ဒုန်း"

အာဠာဝကဆိုးရဲ့ပါးစပ်က အားခနဲ အော်သံကြားလိုက်ရသလို ကြမ်းပြင်ပေါ် လှံတိုပြန်ကျသံကြားရပြီး ဒီကောင် ပြတင်းပေါက်ကလွှားက ခုန်ဆင်းသွားတာ သိလိုက်တယ်။

ဒါနဲ့ အိမ်ရှင်လင်မယား မီးခွက်ထွန်းကြည့်လိုက်တော့ သွေးစွန်းနေတဲ့ လှံတိုကို အံ့ဖွယ်မြင်လိုက်ရယ်။

အာဠာဝက သူ့လက်ကို လှံရှသွားတာ အံ့သြနေသတဲ့။ နောင်သူ့ခင်တော့ သူ့ကို ပစ်တဲ့လှံတိုမှာ မသန့်တဲ့ မီးနေသည် ထဘီစကို ပန်ထွားသပြီး ပစ်မှန်းသိပြီး သူ သတိထားနေတော့တယ်။

အာဠာဝကဆိုးက ဖဲဝိုင်းတွေ ဝင်မွှေတယ်။

နိုင်တဲ့လူဆီက ငွေလိုချင်သမျှ တောင်းတယ်။

အရောင်းအဝယ်ကိစ္စရှိရင် ခေါင်းပုံလာဖြတ်တယ်။

ပါးစပ်ကပြောတယ် ... မရှိလို့ အလှူခံတာတဲ့။

ကြည်ကြည်ဖြူဖြူ မပေးရင် ထိုးကြိတ်ရိုက်နှက်ရော။

ဒီအရပ်က ဆိုးပေတေတဲ့ လူမိုက်တွေလည်း အာဠာဝကဆိုးရဲ့ ...တင် စားဦးစားဖျားကျွေးရတဲ့ဘဝ ရောက်ကုန်ကြတယ်။

ဆိုတာက မိန်းမသားတွေကို အနိုင်ကျင့်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူကြီးကတော့ ပြောတယ်။ ဒီတစ်ခါဆို နှစ်လုံးပြူးသေနတ်နဲ့ ပစ်သတ်ရမှာပဲတဲ့။

လူသန်နှစ်ယောက်သုံးယောက် သူ့ကို လုံးထွေးဖမ်းလို့ မနိုင်ဘူး။ သူ့ပါးစပ်က အာဠာဝကကွလို့ ကြိမ်းဝါးပြီး ခုန်လိုက်ရင် အိမ်ခေါင်မိုးပေါ် ရောက်နေတာကိုး။

ကြောက်ကုန်ကြပါရော။

နောက်ဆုံး ငါ့မှာ တာဝန်ရှိလာတယ်။

ငါ အာဠာဝက ခေါ်ကို လိုက်ရှာရတော့မယ်။

ဒီကောင် ဘယ်နေရာမှာ နေမှန်း ဘယ်သူမှ မသိဘူးကွ။ သူ့အိမ်မှာလည်း ပြန်မအိပ်ဘူး။

ခေါ်အမေကိုလည်း သူကြီးက ခေါ်ကျိန်းပြီ။

"ဒေါ်မြိုင် ..."

"ရှင် ... သူကြီး"

"ခင်ဗျားသားကို ပြောလိုက် ကျုပ်ရော ကျုပ်တို့ ရွာသူရွာသားတွေရော သည်းခံတာများပြီ။ ဒီတစ်ခါဆို ဟောဒီသေနတ်နဲ့ အသေပစ်သတ်မယ်လို့ ပြောလိုက်"

"တောင်းပန်ပါတယ် ... သူကြီးရယ်"

"ခင်ဗျားတောင်းပန်တာ အကြိမ်ငါးဆယ်ကျော်ပြီဗျ"

"ကျွန် ... မ ... ဆုံးမပါ့မယ် ... ရှင်"

"ခင်ဗျားဆိုဆုံးမလို့ နာခံလိမ္မာရင် ကျုပ်တို့အရပ်မှာ ခင်ဗျားသား ကြောင့် ပြဿနာဖြစ်စရာ၊ စိတ်ဆင်းရဲစရာ မရှိဘူး။ ပြောလိုက် ... အာဠာဝကဆေးပဲထိုးထိုး။ ပုဏ္ဏကဆေးပဲထိုးထိုး ကျုပ်နှစ်လုံးပူးနဲ့တွေ့ရင် ဆန်ကာပေါက်ဖြစ်သွားမယ် ပြောလိုက် ... ကြားလား"

"ဟုတ် ... ဟုတ် ..."

"ဘယ်လို သောက်သုံးမကျတဲ့ အောက်လမ်းဆရာစုတ်ကများ အရူးကို ဘုံမြှောက်ဆေးပေါက်ပေးလဲ မသိဘူးကွာ။ သိရင်တော့လား ဆရာစုတ်ပါ ရှင်းပစ်မယ်ဟေ့"

ငါလုပ်ပေးမှန်း မသိကြဘူး။

ခေါ်ကလည်း ဒါတော့ သစ္စာရှိတယ်ကွ။

www.burmeseclassic.com



ဘယ်သူ့မှ ဖွင့်မပြောဘူးပေါ့။ ဘယ်ပြောမှာလဲ ငါ ဒီလို အာဠာဝကမှော်တို့ ပုဏ္ဏကမှော်တို့ သွင်းနိုင် စီရင်ထိုးပေးနိုင်မှန်းသိရင် တစ်ယောက်ပြီးတစ်ယောက် ငွေပုံပေး၊ ရွှေပေးပြီး လာကြမှာကွ။

ဒီကောင်ကလည်း နပ်တယ်ပေါ့။

သူ့ပဲ အစွမ်းရှိပြီး ဗိုလ်ကျချင်တာကိုးကွ။

ဒါကြောင့် ငါ စီရင်ပေးနိုင်တယ်ဆိုတာကို မပြောဘဲ နှုတ်လုံနေတာကွ။ တော်သေးတယ်ဆိုရမှာပဲ။

ငါ အာဠာဝကမှော် စီရင်သွင်းပေးနိုင်မှန်း သိများသိရင် တစ်ယောက်ပြီးတစ်ယောက် စွမ်းပြီး သောင်းကျန်းကုန်ရင် ...

ငါ အရင်ဆုံး သူကြီးနှစ်လုံးပြူးသေနတ်စာ မိမှာကွ။ မဖြစ်တော့ဘူး။ ဒီကောင့်ကို ငါ ထိန်းမှဖြစ်မယ်။

နောက်ဆုံး ဒီကောင်ပုန်းခိုနေတဲ့ တဲကို ငါရောက်သွားတယ်။ အလို ဒီကောင် ငါ့လည်းမြင်ရောလန့်ပြီး ထပြေးမလို လုပ်ရောကွ။

"ငဆိုး ... ထိုင်စမ်း"

"ဆရာကြီး ... ဘာကိစ္စရှိလို့ လာခဲ့တာလဲဟင်"

"မင်းလုပ်ရပ်တွေက ကောင်းတာတစ်ခုမှမရှိဘူး ..ငဆိုး။ မင်းကို ငါကြိုပြောခဲ့တယ်။ ကိုယ့်စိတ်ကိုယ် နိုင်ရဲ့လားမေးတော့ နိုင်ပါတယ်လို့ ပြောတာမင်းပဲ ငဆိုး။ မင်းကို ငါ အာဠာဝကမှော်သွင်းစီရင်ကတည်းက ပြောခဲ့တယ် အားနွဲ့တဲ့ မိန်းမသားကို အနိုင်မကျင့်နဲ့၊ လူမိုက်လုပ်ပြီး မစော်ကားနဲ့၊ ကလေးတွေကို မရိုက်နဲ့၊ ရတနာသုံးပါး မစော်ကားနဲ့ ဆရာကို အာမခံနဲ့လို့ ငါပြောခဲ့တယ်"

"အခု ကျွန်တော် ဆရာကြီးကို အာခံလို့လားဗျာ"

"မင်းလုပ်နေတဲ့ မိုက်ရိုင်းမှုတွေက ငါ့ကို စော်ကားအာခံတာနဲ့ အတူတူပဲကွ။ မင်း ငါ့စကားနဲ့ ကတိကို လုံးဝနားမထောင်ဘူး။ မလိုက်နာဘူး"

"အဲဒီတော့ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မင်းကြောင့် ရွာဆူတော့မယ်"

"ကျွန်တော့်ကို စော်စော်ကားကားပြောလို့ လုပ်တာပါဗျ"

"မင်း ... ရပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုရပ်ရမှာတုံး"

"ရှေ့လျှောက် ဒီလိုသောင်းကျန်နေရင် မင်းလည်း သေမယ်။ ငါလည်း ဒုက္ခရောက်မယ်။ မင်းကို ငါ ဆေးပြန်ဖြေ (ဖြည်)မယ်"

"ဗျာ . . . ဘာပြောတယ် . . . ဆရာကြီး"

"မင်းကိုယ်ပေါ်မှာ ဝင်နေတဲ့ အာဠာဝကမှော်ကို ငါ ပြန်သိမ်းမယ်။ ငါ့ရှေ့မှာလာထိုင်"

ငါက လွယ်အိတ်ထဲက ဆေးတော်စုတ်တော်ကို ထုတ်ယူပြီး သူ့ကို ငါ့ရှေ့ ထိုင်ခိုင်းလိုက်တယ်။

"လာခဲ့"

"ကျုပ် . . . မလာနိုင်ဘူး"

"ဘာ . . . မင်းက ငါ့ကို"

"ကျုပ် ဒီ အာဠာဝကမှော်အစွမ်းကြောင့် တွေ့သမျှလူက ကျုပ်ကို ကြောက်ရွံ့ရိုသေနေကြတာဗျ။ ကျုပ် ဆရာကြီးကို ထိုက်ထိုက်တန်တန် ကန်တော့ထားတာလေဗျာ။ ကျုပ်ကို အစွမ်းပျောက်အောင် မလုပ်နဲ့။ လုံးဝ မလုပ်နိုင်ဘူး။

"လူလိမ္မာလိုနေပါ . . . ဆိုးရား။ လာခဲ့"

"မလာဘူးဗျာ . . . ကျား . . . အာဠာဝကတဲ့ကွ . . . ကျား"

"ဖြောင်း . . ဖြောင်း . . . ."

ဒီကောင် ငါ့အမိန့်ကို မနာခံဘူး။

အာဠာဝကကွလို့ ကြိမ်းဝါးပြီး လက်ခမောင်းသုံးချက်ခတ်လို့ ခုန်လိုက်တာကွာ။

တဲအမိုးနဲ့ ဝါးတွေ တစစီ ကျိုးပြတ်လွင့်စင်ပြီး ဒီကောင်ဖောက်ထွက်သွားတယ်။ တဲပြင် မြေကြီးပေါ်ကိုကျရော နောက်ကျွမ်းရှေ့ကျွမ်းထိုးပြီး . . . ဟိုး . . . ကွင်းထဲကို ပြေးထွက်သွားခဲ့တယ်။

ဒီကောင် ဆရာကိုတောင် အာခံရဲပြီပေါ့။

ငါလုပ်ရမှာက ဒီကောင့်ခေါင်းပေါ်မှာ ပြယ်ဆေးချုပ်ဆေးပေါက်ပြီး အာဠာဝကမှော်ကို ပြန်သိမ်းရမှာလေ။

ဒီမှော်ကိုပြန်သိမ်းမှ ဒီကောင့်ကို စောင့်ရှောက်နေနဲ့ အာဠာဝက နတ်ဘီလူးကို နှင်လို့ရမှာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီ အာဠာဝကမှော်ပျောက်မှ ဒီကောင် အရင်လို လူကောင်းစိတ် ပြန်ဝင်မှာ။ စာရေးဆရာ သိတဲ့အတိုင်းပဲလေ။

အာဠာဝကနတ်ဘီလူးက အရမ်းကြမ်းကြုတ် ရက်စက်တဲ့ဘီလူး။ ဘုရားရှင် သူ့နေတဲ့ ဂူဗိမ္မာန် တစ်ညတာတည်းခိုဖို့ အာဠာဝကဘီလူး အစောင့်ထားခဲ့တဲ့ ဂဒြဘဘီလူးကို ခွင့်တောင်းပြီး ဂူဗိမ္မာန်ထဲ ဝင်နေတော်မူတယ်။

ဒီအချိန်မှာ အာဠာဝကဘီလူးက ဟိမဝန္တာနတ်သဘင် အစည်းအဝေးတက်နေတယ်လေ။ အဲဒါ အစောင့်အနေထားခဲ့တဲ့ ဂဒြဘဘီလူးက အာဠာဝကဘီလူးကို သွားပြောလျှောက်တယ်။

"ဂေါတမရဟန်းကြီး ... အရှင့်ဂူဗိမ္မာန်ထဲမှာ ဝင်နေပါတယ် ... အရှင်ဘီလူးမင်း"

ဒီလိုကြားသိရော ဒေါသတွေပေါက်ကွဲပြီး ဘုရားရှင်ရှိရာ ရောက်အောင်ကြိမ်းဝါး နှင်ထုတ်ရောကွ။ ဘုရားက တရားပြတယ်။

ဒီမှာ ... အာဠာဝက ဒေါသတွေပေါက်ကွဲပြီး အလျားအတောင် ယူဇနာခြောက်ဆယ်ရှိတဲ့ ကေလာသတောင်ထွတ်ကို လက်ယာခြေနဲ့ဆောင့်နင်းလိုက်တာ ကေလာသတောင် အစိတ်စိတ် အမြွှာမြွှာ ပြိုကျသွားသတဲ့ကွာ။

"ငါ အာဠာဝက ဘီလူးတဲ့ဟေ့"

အဲလိုကြိမ်းဝါးပြီး ဘုရားရှင်ကို လေပြင်းမုန်တိုင်းနဲ့ တိုက်တယ်။ ရေလှိုင်းတွေ ဖန်ဆင်းပြီး ရေနှစ်သတ်တယ်။ ဘုရားရှင် ဘာမှမဖြစ်ဘူး။

သည့်နောက် ကမ္ဘာပျက်မိုးကြီးရွာချ ညှင်းဆဲသတ်ပြန်ရော။

မြတ်စွာဘုရားရှင်ကို နှင်းပေါက်မျှတောင် မစိုခဲ့ဘူး။

ဝန်းကျင်က သစ်ပင်တောတောင်တွေ ရေနှစ်သွားတယ်။ သန်လျက်ဓားတွေ ဖန်ဆင်းပြီး ဘုရားရှင်ရှိရာကို ရွာချပြန်ရော။ ပြီး မြားမိုး၊ ရဲရဲညီးညီးနီတဲ့ မီးကျီးမိုးတွေ ရွာချစေလည်း ဘုရားရှင်ရဲ့တန်ခိုးကြောင့် ပန်းပွင့်ပေါက်ပေါက်နဲ့ နံ့သာပန်းတွေ ဖြစ်စေခဲ့တယ်တဲ့။

ဘုရားရှင်ကို ဘယ်လိုမှ ညှင်းဆဲသတ်ဖြတ်လို့ မရတဲ့အဆုံး ဘွဲ့ဖြူလက်နက်နဲ့ ထပ်ပစ်ပြန်ရောဟေ့။

ဘွဲ့ဖြူလက်နက်အစွမ်းကို ပြောပြမယ် စာရေးဆရာ။

အာဠာဝက ဘီလူးဒေါသပေါက်ကွဲလို့ ဘွဲ့ဖြူလက်နက်နဲ့ ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



ကိုပစ်လိုက်ရင် တစ်ဆယ့်နှစ်နှစ်လုံးလုံး မိုးမရွာတော့ဘူး။ မိုးခေါင်ရောကွ။

ဘွဲ့ဖြူလက်နက်နဲ့ မြေပြင်ကို ပစ်လိုက်ရင် တစ်ဆယ့်နှစ်နှစ်လုံးလုံး မြေပြင်မီးကျွမ်းပြီး ဘာသစ်ပင်မှ မပေါက်တော့ဘူး။ ရှိသမျှရေတွေ ချက်ချင်း ပွလောင်ပွက်ဆူ ခမ်းခြောက်ကုန်ရော။

အဲဒီ ကြောက်စရာကောင်းတဲ့ ဘွဲ့ဖြူလက်နက်နဲ့ ပစ်လိုက်တာ ဘွဲ့ဖြူလက်နက်ဟာ ဘုရားရှေ့ရောက်ရော ခြေသုတ်ပုဆိုး ဖြစ်သွားရောတဲ့ကွ။ အဲဒါမြင်ပြီး အာဠာဝက စဉ်းစားတယ်။ ငါ့ရဲ့ဒေါသ၊ ငါ့ရဲ့အစွမ်းထက်လက်နက်တွေ တန်ခိုးတွေနဲ့ မှုန့်မှုန့်ကြေသွားအောင် တိုက်လည်း ရှင်ကြီးဂေါတမ ဘာမှမဖြစ်ပါလား။ သူက ငါ့ပြီး တန်ခိုးကြီးပါလားလို့ စဉ်းစားပြီး မာန်ချခဲ့တယ်။

ပြီး စကားစစ်ထိုးခဲ့တယ်။

နောက်ဆုံးမှာတော့ ရှင်တော်ဂေါတမ ဘုရားရှင် တရားအဆုံးအမမှာ ဒေါသနဲ့ မေတ္တာတရားတို့ရဲ့ ဆန့်ကျင်ဘက်သဘောကို နားဝင်တရားရပြီး နောင်တတွေ ရလာတယ်။

ဘုရားရှင်ရဲ့ ပညာဂုဏ်၊ သီလဂုဏ်ရဲ့ တန်ဖိုးကို သိရှိပြီး ယုံမှားသံသယနှစ်ခုဖြစ်တဲ့ ဝိစိကိစ္ဆာတွေကို ပယ်ပြီးနောက် တရားအဆုံးအမအဆုံးမှာ အာဠာဝကဘီလူး ဘုရားရှင်ကို ဦးခိုက်ခဲ့တယ်။

အဲဒီ အာဠာဝကဘီလူးရဲ့ မူလပထမဘဝကို အစီအရင်နဲ့ ခေါ်ပြီး မော်သွင်းတာကို။

မော်အဂါစုံလင်တော့ အာဠာဝကနတ်ဘီလူးစိတ်ဝင်လာပြီး ကြမ်းရမ်းရက်စက်တာပေါ့။

အာဠာဝက ဘီလူးစိတ်ဝင်တာကို အာဠာဝက မော်အောင်တယ် ခေါ်တယ်။ အခု ငါ ဖြေဆေးထိုးပေးချင်တယ်။

ခေါ်းက လုံးဝ လက်မခံဘူး။

ငါမှားတယ်ကွာ။

လူတစ်ယောက်ရဲ့ စိတ်အရှည်ကို ငါမသိမမြင်ဘဲ ငွေမျက်နှာတင်ကြည့်ပြီး ကြမ်းတမ်းတဲ့ အာဠာဝက မော်သွင်းပေးမိတာ ငါမှားပြီ။

ဟူး ... မတတ်နိုင်တော့ဘူးကွာ။

ငါ့အပြစ်တွေပါ။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ လုပ်မပေးသင့်တဲ့ အစီအရင်မှော်ကို ငွေမျက်နှာနဲ့ လုပ်ပေးမိတာ ရှာမျက်တော့မယ် စာရေးဆရာ။

ဒါကြောင့် ...

အောက်လမ်းဆရာပဲဖြစ်ဖြစ် ....

ပယောဂ စီရင်ပေးနိုင်တဲ့ ဆရာပဲဖြစ်ဖြစ် ...

ကိုယ့်ပညာနဲ့ စီရင်မယ်ဆိုရင် စဉ်းစဉ်းစားစား လုပ်ကြပါ။ ကိုယ့်ကြောင့် ဘဝတွေပျက်၊ မျက်ရည်ကျ၊ ရှာရှာ၊ ရပ်ဆူဖြစ်မှာမျိုး လုံးဝမလုပ်ကြပါနဲ့လို့ ဒီနေရာက မေတ္တာရပ်ချင်ပါတယ် ... စာရေးဆရာ။

ငွေမက်ရင် ငရဲသွားရမှာကွ။

"ဆရာကြီး ... ကိုငဆိုးရဲ့အကြောင်း ဆက်ပြောပါဦး ခင်ဗျာ"

"အေး .. ပြောရမှာပေါ့ ပြောရမှာပေါ့"

✿ ✿ ✿

[၇]

❑

ဒီကောင် မီးနေထဘီ ပန်းပွားတစ်လုံးနဲ့ အပစ်ခံရပြီး ပျောက်ချက်ကောင်းသွားတယ်။

တစ်နေ့ ... ငဆိုး ပြန်ပေါ်လာပါရောကွာ။

အဲဒီနေ့က ...

ချော်တွင်းကုန်းရွာမှာ အလှူဝင်တဲ့နေ့ကွ။

နက်ဖြန်ဆို အလှူရေစက်ချ ကျွေးမွေးပေါ့။

အလှူရှင်များ အမည်က ကိုစံမောင်နဲ့ မချစ်စိုတဲ့။ ရဟန်းခံ ရှင်ပြုကြမဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍပ်ကလည်း မြို့ကဆရာတွေခေါ်အပ် ပြင်ထားတာ လှမှလှ ကွာ။ ညနေပိုင်းမှာ ရှင်လောင်းလှည့် ရွာတော်ရှင်နတ်နန်းမှာပြပြီး ပြန်လာကြတာပေါ့။

အိုးစည်ဝိုင်းက သုံးဝိုင်းကွ။

ကရင်ကုန်းက တစ်ဝိုင်း။

ကျောပတီးရွာက တစ်ဝိုင်း။

ချော်တွင်းကုန်းရွာက တစ်ဝိုင်း ..ပေါင်း သုံးဝိုင်း။ မဏ္ဍပ်အဝင်မှာ ရှင်လောင်းတွေကို ရွှေကြိုးတွေနဲ့ ကြိုးတားကြ၊ ကကြ၊ ခုန်ကြ။

ဒီမှာ ကျောက်ပတီးရွာက အိုးစည်ဝိုင်းက မဏ္ဍပ်အပြင်မှာ မင်းသားကနဲ့ ညည့်ခံနေတုန်း ...

ပြဿနာကောင် ငဆိုးရောက်ချလာပါရောဟေ့။

ဝတ်ကောင်းစားလှအသစ်တွေ ဝတ်လို့ကွ။

သူ့မြင်တော့ ဓာတ်သိတွေ လန့်သွားကြရော။ အချို့ကလည်း မဏ္ဍပ်ထဲ ဝင်ရှောင်သွားကြပေါ့။

အိုးစည်ဝိုင်း၊ နှစ်ဝိုင်းလည်း ငဆိုးအကြောင်းသိလို့ မဏ္ဍပ်ထဲ ဝင်နေကြတယ်။ အချို့က အိမ်ပြန်သွားကြတယ်။

မဏ္ဍပ်ထဲမှာတော့ ဦးဇင်းတွေက ကိုရင်နဲ့ ရဟန်းလောင်းတွေကို ဆံချပေးနေချိန်။

ကျောက်ပတီးအိုးစည်ဝိုင်းကလည်း တီးဆိုက ကောင်းနေသကွ။

ငဆိုးရောက်လာပြီး အိုးစည်ဝိုင်းရှေ့မှာ လက်ခုပ်တီးပြီး သီချင်းပါဆိုနေသကွ။

အိုးစည်ဝိုင်းကလည်း ငဆိုးအကြောင်းသိတော့ အိုးစည်အတီး ရပ်လိုက်တယ်။

"ဟေ့ကောင် ...မြဒင် ဘာလို့ မတီးရတာလဲ"

ငဆိုးက ခါးထောက်ပြီး မေးတာ။

"လှည့်ပွဲမှာ ပင်ပန်းလာလို့ပါ ...ကိုဆိုးရာ။ ဒါကြောင့်ပါ"

"မလိုချင်ဘူး ...ဆက်တီး"

"ဗျာ ..."

"ကဲကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း . . ."

"အား . . ."

အိုးစည်တီးတဲ့ မြွေခင်ရဲ့ပါးကို ဖြတ်ရိုက်လိုက်တာတဲ့ကွာ။

"မင်းတို့အားလုံး ဆက်မတီးရင် သေဖို့ပါ မြင်ကြ"

"တီး . . . တီးပါ့မယ်ဗျာ"

အဲဒါ ဆက်တီးရတယ်။ ဆိုးကလည်း ဝင်ကတယ်။ မနားတမ်း တီးခိုင်းတာ။ မင်းသားကတဲ့ ကောင်လေးကိုလည်း မနားတမ်း ကခိုင်းတာ။

အကုန် လက်ပန်းကျနေပြီ။

မတီးနိုင်၊ မကနိုင်တော့ဘူး။

ဒီမှာ အလှူရှင်က အိုးစည်ဝိုင်းကို ထမင်းစားဖို့ လာခေါ်ပါရော။ ဒါနဲ့ ဝမ်းသာပြီး အိုးစည်အတီး ရပ်လိုက်ကြတယ်

"မြွေခင် . . . ဆက်တီး"

"မောနေပြီ . . . ကိုဆိုးရာ"

"မလိုချင်ဘူး ငါက တီးဆိုတီး။ ဟိုကောင် . . . ကစမ်း"

ဒီမှာ အလှူရှင် မချစ်စိုက . . .

"ဆိုး . . . သူတို့ကို ထမင်းကျွေးမလို့ဟဲ့"

"ခင်ဗျား ဝင်မပြောနဲ့။ မြွေခင် . . . တီးလေ"

"ဟို . . . ဟို . . ."

"ဟာ . . . မင်းကများလား . . . ကဲကွာ . . ."

"ချွပ်"

"အား . . ."

"ဟဲ့ . . . ဟဲ့ . . . ဟဲ့ . . . ဆိုး ဆိုး ဆိုး"

မြွေခင်ကို လက်သီးနဲ့လှမ်းထိုးတာ မြွေခင် လူရောအိုးစည်ရော လဲကျသွားတယ်။ ဒီမှာ ကျန်တဲ့ အိုးစည်သားတွေက ဆိုးကို ဝါးလက်ခုတ်တွေ လင်ကွင်းတွေနဲ့ ဝင်ရိုက်ရော။

အကုန် ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်ပြီ။

"အာဠာဝကတဲ့ကွ . . . ကျား"

"ဖောင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

"ခွပ် ..."

"အင့် ..."

"ဖြောင်း ..."

"သေကြကွာ"

ငဆိုးက အာဠာဝကကွလို့ အော်ပြီး ခုန်ပေါက်ကန်ကျောက် ထိုးကြိတ် လူတွေ လာဝိုင်းခွဲ။

"ဟဲ့ ... ငဆိုး၊ မလုပ်ပါနဲ့ တောင်းပန်ပါတယ် ... ငါ့တူရဲ့"

"သွားစမ်း ... ကဲဟာ"

"ဖောင်း'

"အမလေး သေပါပြီတော့"

အလှူရှင် မချစ်ပိုကို လက်ပြန်ရိုက်လိုက်တာ မဏ္ဍပ်ရှေ့ လွင့်သွားပြီး မြေကြီးမှာ လူးနေပါရော။

ဒီမှာ ငဆိုးက အလှဆင်ထားတဲ့ အလှူမဏ္ဍပ်တိုင်ကို လက်သီးနဲ့ ထိုးလိုက်တာတဲ့ကွ။

"ခွမ်း"

"ဖျတ် ... ဝရော"

"ဟာ ... ဟာ ... တိုင်ကျိုးသွားပဟေ့"

ဝါးနက်ဝါးတိုင်ဟာ ငဆိုးရဲ့ လက်သီးထိုးချက်ကြောင့် ကျိုးပြီး မဏ္ဍပ်တိုင်ညွတ်လို့ အမိုးအိသွားပါရော။

ပြေးတဲ့လူလည်း ပြေး။

ရပ်ကြည့်သူလဲ ရပ်ကြည့်။

ဒီမှာ ကိုရင်လောင်းတွေ ဆံချပေးနေတဲ့ ဦးဇင်းတစ်ပါး ပြေးလာပြီ။

"ဒကာကြီး ..."

"ဘာလဲ"

"ရပ်ပါတော့ မလုပ်ကောင်းပါဘူး ... ဒကာ"

"ဘုန်းကြီးအလုပ် ဘုန်းကြီးလုပ်၊ ကိုယ်နဲ့မဆိုင်ရင် ဝင်မပါနဲ့။ ဖယ်နေ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ဒီကောင် သက်နီးဝတ်ဘုရားသားတော်ကို ရိုင်းရိုင်းဖူးဖူး ပြောနေတာ။ မိုက်ရိုင်းလိုက်တာ။

"ဒကာ"

"တော် ..."

ဒီကောင် ဦးဇင်းကို အော်ငေါက်လိုက်တာကွ။ ငါလည်း ပြန်မြေးလာတဲ့ လူတစ်ဦးပြောလို့ သွားမြေးကြည့်တာပေါ့။

ငါရောက်တော့ ငဆိုးက ဦးဇင်းကို အော်နေတာ။

ဒီမှာပဲ လူကြီးတစ်ဦးကွ။

အိုးစည်ပိုင်းနားကနေ ထလာတာဟေ့။

အသက် (၇၀)လောက်တော့ရှိမယ်ကွ။ လူက ဗလံလေး။ အင်္ကျီပေါ် ကျောပြောင်ကြီးနဲ့၊ ရင်ဘတ်နဲ့ ကျောမှာရော လက်မောင်းနှစ်ဖက်မှာရော အင်းကွက်တွေ။ ဂဏန်းစာတန်းတွေ ပြည့်နေတာပဲ။

သျှောင်ထုံး ထုံးလို့ကွ။

ပုဆိုးတိုတို ဝတ်ထားတယ်။

သူ့ကြည့်ရတာ အလှူထမင်းဝိုင်းက စားပြီး ထ,လာပုံကွ။ ပါးစပ်မှာလည်း ထမင်းစေ့တွေ ပေနေသလို။

ညာလက်ကလည်း ရေမဆေးဘဲ ထလာသနဲ့တူရဲ့။ ဟင်းထမင်းတွေ ပေလို့။

ငဆိုးနဲ့ ဦးဇင်းလေး ကြားဝင်ပြီး ...

"ဟေ့ ... သူငယ် တော်တော့"

"ခင်ဗျားက ဘာလဲ သေချင်လို့လား"

"ဦးဇင်းပြောရင် နားလည်ပါကွာ"

"ခင်ဗျား ကျုပ်နာမည် ကြားဘူးလား"

"ကြားဖူးပါတယ် ... အာဠာဝက ငဆိုးပါ"

"သိရင်ဝင်မရှုပ်နဲ့ သွားစမ်းဗျာ ... ကဲ ..."

အဲဒီလိုပြောပြီး အင်းကွက်နဲ့ အဘိုးကြီးရင်ညွန့်ကို လက်သီးတန်းထိုးလိုက်တာကွ။ ဒီမှာ အင်းကွက်တွေနဲ့ လူကြီးက လှစ်ခနဲဝင်လာတဲ့ ငဆိုးရဲ့လက်သီးကို သူ့ ညာလက်ဝါးနဲ့ ဆောင့်တွန်းလိုက်တာကွာ။

"ဖတ်"

"ရှဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်း"

"အား ..."

"ဟာ .."

"ဟယ်"

အလှူမှာရှိနေတဲ့ လူတွေရော ငါပါ အံ့ဩသွားရပါရောကွာ။

ငဆိုး နောက်ပြန်ကန်ပြီး လွင့်လဲကျသွားတာပေါ့။

ကြည့်စမ်း ... ငဆိုး သူ့လက်ကို နာလို့ခါနေတာကွ။

ဒီကောင် လွှားခနဲ ပြန်ထလိုက်ပြီး ...

"အာဠာဝကတဲ့ပေါ့ ... ကျား ..."

ငဆိုး ကြုံးဝါးပြီး လေထဲကိုခုန်လိုက်ချိန် ..

"ကျား"

အင်းကွက်ကြီးကလည်း လေထဲကို လွှားခနဲ ငဆိုးနဲ့အပြိုင် ခုန်တက်သွားတာကွ။ အလို ... လူကြီးက လေထဲမှာပဲ အာဠာဝကငဆိုးရဲ့ ငယ်ထိပ်ကို ဖနောင့်နဲ့ ပေါက်ချလိုက်တာပေါ့။

"အမလေး သေပါပြီဗျ"

အာဠာဝကငဆိုး မြေကြီးပေါ်ကို ခွေးကျကျပြီး ငယ်ထိပ်ကို လက်ဝါးနဲ့ အုပ်လူးလွန့်နေတာကွာ။

လက်ငါးချောင်းကြားမှာ သွေးတွေ စီးကျလို့။

ငဆိုး တောက်တစ်ချက်ခေါက်ပြီး အဘိုးကြီးကို ရွှမ်းထိုးလို့ ညာခြေနဲ့ ဆောင့်အကန် ....

အင်းကွက်ကြီးက ငဆိုးရဲ့ ဝင်လာတဲ့ခြေဖဝါးကို ကိုင်ဆုပ်ပြီး လေထဲမှာ လှည့်မွှေ့တာပေါ့။

"ဟာ ..."

"ငဆိုးတော့ ခံရပြီပေါ့"

"အဘ ... ချပါဗျ။ အသေသာ လုပ်ပါဗျ"

ဝိုင်းအော်ကုန်ကြပြီပေါ့။

လူကြီးက ငဆိုးကို လေထဲမှာ မွှေ့ယမ်းပြီး လွှင့်ပစ်လိုက်တာကွာ။ ဝါးတစ်ပြန်ကျော် လွင့်သွားရောကွ။ ဒီမှာ အိုးစည်သားတွေ ဝိုင်းချလိုက်ကြတာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ ကြုံပြောသားပဲကွ။ ဆရာကို အာမခံနဲ့။ ရဟန်းသံဃာ မစော်ကားနဲ့။ ကြီးနိုင်ငယ်ညှင်း မလုပ်နဲ့လို့။ ခုတော့ သွားပြီ။

အာဠာဝကဆေး ဘာမှ ပြန်မလုပ်နိုင်တော့ဘူး။

ကန်ချက်၊ ရိုက်ချက်၊ ထိုးချက်ကြားမှာ လူးလိမ့်အော်ဟစ်နေတယ်။ ငါလည်း အံ့သြစရာကောင်းတဲ့ အင်းကွက်စုံနဲ့ လူကြီးကို ငေးကြည့်နေတုန်းမှာပဲ ...

အင်းကွက်စုံနဲ့ လူကြီးက ငါ့ရှေ့မှာလာရပ်။

ငါ့ကို စိုက်ကြည့် လက်ညှိုးထိုးပြီး ပြောသွားတယ်။

"အာဠာဝက ဆေးပြီးရင် အာဠာဝကမော်ဆေးထိုးပေးတဲ့ ဆရာလုပ်သူ အလှည့်ပဲကွ။ ထမင်းဝအောင်သာ စားထား"

သူ အဲဒီလိုပြောပြီး ခြေလှမ်းကျဲနဲ့ ထွက်သွားရောကွာ။

ငါ ကျောထဲမှာ ကြက်သီးဖြန်းခနဲ ထသွားတယ်။

ငါ ထွက်သွားတဲ့ အဘိုးကြီးကို တစ်လှည့်၊ ငါ့တပည့် အာဠာဝကဆေးလူသွမ်းကိုတစ်လှည့် ကြည့်နေမိတယ်။

ဆေးကတော့ ခါတိုင်းလို 'ကျား အာဠာဝကတဲ့ကွ' လို့ မအော်နိုင်တော့ဘူး။ ပိုင်းထိုးကြိတ် ရိုက်နက်တဲ့ကြားမှာ ကွဲပြီး သွေးသံရဲရဲနဲ့ သတိလစ်နေပြီ။

သူ့အနီးမှာ သူကြီးဦးဖိုးကြန် နှစ်လုံးပြူးသေနတ်ကြီးနဲ့ အော်ဟစ်တားမြစ်နေရဲ့။

"အဲဒါ အဘဘဝမှာ ကြုံခဲ့ရတဲ့ အဖြစ်ပဲ။ ငါ မှားပါတယ်ကွာ"

အဘ ဦးဆေးပေါင်းက သူ့ အတွေ့အကြုံဇာတ်လမ်းကို အဆုံးသတ်လိုက်တယ်ဗျ။

"အဘ ...."

"ပြော ... စာရေးဆရာ"

"ဟို ... အင်းကွက်နဲ့ ဘကြီးကိုရော သိလား"

"မသိဘူး။ တစ်ခါမှ မမြင်ဖူးဘူး"

"သူ ဘာလဲရော ... သိလား"

"စွမ်းတာတော့ အတော်စွမ်းတယ် ... စာရေးဆရာ။ သူ့ ဖနောင့်တမိပြီး ဆေးရဲ့ အာဠာဝကမော် နိဂုံးချုပ်သွားတယ်။ အံ့သြစရာတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။ ငါ့ကိုလည်း သူ သိနေတယ်။ သူ သတိပေးသွားပုံက ငါ့ကို နောင်တရစေတာပဲကွယ်''

''အဲဒီအဘကို နောက်ပိုင်း တွေ့သေးလား''

''မတွေ့တော့ဘူး''

''အဘ . . . ဘယ်လိုကြောင့် ဒီအောက်လမ်းပညာနဲ့ အစွမ်းထက် အစီအရင် ပညာသည်တွေကို စွန့်လွှတ်ရတာလဲခင်ဗျ''

''ဒီအကြောင်းကို နောက်နေ့မှ ဆက်ပြောကြတာပေါ့ . . . စာရေး ဆရာ။ နားလိုက်ပါဦးကွယ်''

ကျွန်တော် ကိုကံသိန်းတို့ရွာမှာ မူလတုန်းက နှစ်ရက်မျှပဲ နေဖို့ပါ ဗျာ။ ဆရာကြီးဦးဆေးပေါင်းနဲ့ တွေ့ပြီးနောက် ဆုံးဖြတ်ချက် ချလိုက်တယ် ဗျာ။

ဒီရွာမှာ ကျွန်တော် ကြာဦးမှာပါ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [၁]

❑

ယခု အဖြစ်အပျက်သည် လွန်ခဲ့သည့်အနှစ် (၆၀)ကျော်က ဖာတ်လမ်းပါဟု မိတ်ဆွေစာရေးဆရာကြီးတစ်ဦးက ဆိုခဲ့တယ်ခင်ဗျ။

ကြားရချက်က အလွန်အံ့ဩစရာပါဗျာ။

ဒီလိုအဖြစ်အပျက်မျိုး လွန်ခဲ့သည့် အနှစ်(၂၀)ခန့်က အုတ်အော် သောင်းနင်း ကျော်ကျော်ကြားကြား ဖြစ်ခဲ့ဖူးရဲ့ဗျာ။

ဖြစ်ပုံက ဒီလိုခင်ဗျ။

နယ်မြို့ကလေးတစ်မြို့မှာရှိတဲ့ ဆေးရုံကို ထူးဆန်းအံ့ဖွယ် ဝေဒနာ သည်နှစ်ဦး ရောက်လာခဲ့သတဲ့။

ကြားရချက်ကလည်း မယုံနိုင်စရာပါဗျာ။

အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦး ချစ်သူဘဝ ချိန်းတွေ့ရင်း ကျူးကျူးလွန်လွန်ဖြစ်ကြသတဲ့။

အတွေ့အထိ ကာမစိတ်သဘောအရ စိတ်အလိုလိုက်ပြီး ကာမ ဆက်ဆံတဲ့အဆင့် ရောက်သွားတာ မဆန်းပါဘူးဗျာ။

ဆန်းတာက ...



www.burmeseclassic.com

www.burmeseclassic.com



ကာမဆက်ဆံပြီးနောက် ပြန်ခွာလို့မရ ... ကန်တော့ပါရဲ့ နားနဲ့နော ဖဝါးနဲ့နော ပြောပါရစေ။

ယောကျ်ားတန်ဆာ ပြန်ချွတ်လို့မရတော့ဘူးတဲ့။

တိုတိုပြောရရင် နောက်ဆုံး မရှုနိုင်မကယ်နိုင်ဖြစ်ပြီး ဆေးရုံပို့ရတဲ့ အဖြစ်ရောက်ဆိုပဲ။

ကားပေါ်မှာ ခြင်ထောင်ထောင်အုပ်ပြီး ဆေးရုံခေါ်လာရသတဲ့။ ဟိုလူပြော၊ ဒီလူပြောနဲ့ သတင်းက ပြန့်သွားတယ်။

ကိုယ်လည်း မယုံပါဘူးဗျာ။

ဒီအဖြစ်မျိုးက လူတွေမှာ ဖြစ်နိုင်ခဲတဲ့ အဖြစ်လေဗျာ။ တိရိစ္ဆာန်ခွေးတွေမှာတော့ ကာမစပ်ယှက်ရင်း ခွေးတိရိစ္ဆာန်တို့ရဲ့ သဘာဝအရ ခွေးထီးတန်ဆာ ပြန်မကျွတ်ဘဲ တွဲလျက်တန်းလန်းဖြစ်နေတာ။

ဆေးပညာသဘောအရ ကြားဖူးဖတ်ဖူးသလို ပြောရရင် ခွေးထီးရဲ့တန်ဆာက ခွေးမရဲ့ တန်ဆာထဲဝင်သွားလို့ ကိစ္စပြီးသွားရင် တန်ဆာထိပ်ဖောင်းကားပြီး ချက်ချင်း ချွတ်မရအောင် ဖြစ်နေတာ။ ခွေးထီးတို့ရဲ့ သွေးသားဆန်းကြယ်သဘာဝတဲ့။

ကာမစိတ်ကျသွားတော့မှ ပြန်ကျသွားပြီး ကျွတ်ထွက်သွားတယ်လို့ ကြားရသိရခဲ့ဖူးတယ်ခင်ဗျ။

ပိုပြီးသေချာအောင် သိလိုရင်တော့ ...

တိရိစ္ဆာန်ဆေးကုဆရာဝန်နဲ့ မေးမြန်းကြည့်လျှင်ဖြင့် သေချာတိကျတဲ့ ခွေးထီးသဘာဝဖြစ်ရပ်ဆန်းကို သိရမှာပါ။

ကိုယ့်မှာလည်း တိရိစ္ဆာန်ဆေးကု အသိဆရာဝန်မရှိတော့ ယနေ့ထိုင် ဒီကိစ္စ မေးမကြည့်မိသေးဘူးခင်ဗျ။

သို့သော် ...

လူမိန်းမနှင့် ယောကျ်ားမှာ ဒီလို မဖြစ်နိုင်တာဖြစ်တယ်ဆိုတော့ ဘယ်ယုံမှာလဲဗျာ နော။

ရှိတော့ရှိတယ်။

ကျွန်တော်တို့နိုင်ငံမှာ မဟုတ်ဘူး။

နိုင်ငံရပ်ခြားမှာ ဖြစ်ခဲ့တဲ့ အဖြစ်။ သတင်းအဖြစ် ဖတ်ရှုပါတယ်။ အချိန်ကာလတော့ မမှတ်မိတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သတင်းအကျဉ်းက ..

ချစ်သူနှစ်ဦး ချိန်းတွေ့ပြီး လူငယ်သဘာဝ စိတ်မထိန်းနိုင်လို့ ကာမစပ်ယှက် နယ်ကျူးတဲ့အထိဖြစ်သွားခဲ့တယ်။ ဖြစ်ချင်တော့ ကာမစပ်ယှက်ပြီးရော ယောက်ျားတန်ဆာ ချွတ်လို့ မရတော့ဘူး။

မိန်းမတန်ဆာထဲမှာ ညှပ်နေတယ်။

အမျိုးမျိုး ကြိုးစားချွတ်ကြည့်တယ်။ လုံးဝပဲ။

နောက်ဆုံး ဆေးရုံရောက်ခဲ့ပြီး ခွဲစိပ်ကုသရသတဲ့။

ဒါ ဖတ်ခဲ့ရဖူးတဲ့ နိုင်ငံခြားက ဖြစ်ရပ်သတင်း။ အခု နယ်မြို့လေးမှာ ဒီလိုဖြစ်ရပ်ဆန်းဖြစ်တဲ့သတင်းက တောမီးလို ပြန့်သွားတယ်။

ဂျာနယ်တိုက် တစ်တိုက်က အယ်ဒီတာချုပ်က ကျွန်တော့်ကို ဖြစ်ရပ်မှန် စုံစမ်းမေးမြန်း ရေးသားပေးပါဆိုပြီး ထောက်ခံစာပါ ရေးပေးလိုက်တယ်။

ကျွန်တော် နယ်မြို့ဆေးရုံကလေးက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံမေးမြန်းကြည့်တော့ တာဝန်ရှိသူက ဒီလိုပြောပြပါတယ်။

"ဆရာစုံစမ်းမေးမြန်းတဲ့ကိစ္စက ကျွန်တော်တို့ဆေးရုံမှာ မရှိပါဘူး ဆရာ။ မယုံရင် ဆေးရုံမှာ တာဝန်ကျတဲ့ ဆရာဝန်ဆရာမ သူနာပြုများ၊ လူနာများကို မေးမြန်းလို့ရပါတယ်"

"ဟုတ်ကဲ့ပါဆရာ အချို့ပြောကြတာက ကားပေါ်မှာ ခြင်ထောင်နဲ့ ထောင်အုပ်ပြီး လူမမြင်အောင် ဆေးရုံကို ယူလာပို့ကြတယ် သတင်းရလို့ပါ"

"အဲဒါတော့ ဟုတ်ပါတယ် ဆရာ"

"ဗျာ ... ဘယ်လိုဟုတ်တာပါလဲခင်ဗျာ"

"ရောက်လာတဲ့လူနာက မေးခိုင်ရောဂါ ပိုးဝင်နေတဲ့ ရွာတစ်ရွာက လူနာပါခင်ဗျ။ ဒီလိုရောဂါဝေဒနာသည်မျိုးက နေအလင်းရောင်ကို မကြည့်နိုင်ပါဘူးဆရာ။ နေအလင်းရောင်ကိုကြည့်မိရင် ဝေဒနာဆိုးဆိုးဝါးဝါး ခံစားရလို့ပါ။ ဒါကြောင့် နေအလင်းရောင်မမြင်နိုင်အောင် လူနာကို ခြင်ထောင်နဲ့ ထောင်အုပ်ပြီး ဒီလိုခေါ်ခဲ့ရတာပါ။ အဲဒီလူနာ အခု ရှိပါတယ်။ ရောဂါဝေဒနာ သက်သာလာနေပါပြီ။ ဆရာတွေ့ချင်ရင် ဆရာမကြီးတွေ လိုက်ပြပါလိမ့်မယ်။ ဆရာ လိုက်ကြည့်မေးမြန်းပါ။ ခုန ဆရာ



www.burmeseclassic.com

www.burmeseclassic.com



မေးသလို မိန်းမနဲ့ယောကျ်ား ဟိုဒင်းဖြစ်ပြီး ဒီကိုရောက်တယ်ဆိုတာ လုံးဝ မဟုတ်ပါဘူး ဆရာ။ ကောလဟာလ သတင်းတွေပါ။ ဒီလိုအဖြစ်မျိုး ကျွန်တော်တို့ လက်ရှိသက်တမ်းမှာ တွေ့လည်းမတွေ့ဖူးပါဘူးခင်ဗျာ''

''ခုလို သတင်းမှန်ကို ရှင်းပြတာ ကျေးဇူးတင်ပါတယ် ဆရာဝန်ကြီး ခင်ဗျား''

''ကျွန်တော်တို့ကလည်း ဖြစ်ရပ်မှန်ကို ရှင်းပြခွင့်ရလို့ ဆရာတို့ သတင်းမီဒီယာကို ကျေးဇူးတင်ပါတယ်ဆရာ။ ဆေးရုံအတွင်း လိုက်ကြည့် မေးမြန်းနိုင်ပါတယ် ဆရာ''

ကျွန်တော့်ကို ဆေးရုံရှိ လူနာဆောင်တွေကို လိုက်ပြတယ်။ ငြိမ်း မေးနိုင်ရောဂါဖြစ်လို့ ဆေးရုံတက် ကုသရင်း ဝေဒနာသက်သာစပြုတဲ့လူနာ ကို အမျိုးသားကိုလည်းပြတယ်။

လူနာက သီးသန့် အမှောင်ခန်းထဲမှာပါ။

ဆရာဝန်၊ သူနာပြုတွေရဲ့ ကြိုးစားကုသမှုကြောင့် လူမမာ မေးမစိ၊ မေးမခိုင်တော့ပါဘူး။ သက်သာနေပါပြီ။

သူတို့ မိသားစုကလည်း အဖြစ်မှန်ကို ပြောပြပါတယ်။ အင်း ... ကောလဟာလတွေ ဘယ်လိုလူစားမျိုးက မဟုတ်မဟာ လွှင့်လိုက်ပါလိမ့်။

ကျွန်တော်တို့ မီဒီယာသမားတွေ အနည်းနှင့်အများ အလုပ်ရှုပ် သွားခဲ့ရတယ်။ ခုတော့ အဖြစ်မှန်ကို သိရပြီ။ ကောလဟာလသတင်းမမှန် တွေကို သတင်းမှန်နှင့် ဖြေရှင်းနိုင်ပေပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

ယခုပြောပြမည့် ဖြစ်ရပ်က လွန်ခဲ့သည့် နှစ်ပေါင်း (၆၀) ကျော်က အုတ်အော်သောင်းနင်းဖြစ်ခဲ့တဲ့ သတင်းပါ။

လူလောကမှာ ကောလာဟလတွေကလည်း မကြာခဏ ဖြစ်ပေါ်နေတယ်ဗျ။

တော်နေကြာ ဘယ်ရွာမှာ လူအရှင်လတ်လတ် မြေမြှုပ်နေလို့ ဖြစ်ပြန်ရော။

ဘယ်မြို့က ဘုရားရောင်ခြည်တော် လွှတ်ပြန်ပတဲ့။

ဟုတ်မှန်တာလည်း ရှိရဲ့။

မဟုတ်မမှန် လုပ်ကြံဖန်တီးတဲ့ (အင်)တွေလည်း ရှိရဲ့၊ သတင်းမှန်ကတော့ ပေါ်စမြဲ။

အကြံအဖန်လုပ်စားတဲ့ လူမြေမြှုပ်တဲ့အကြောင်း ကျွန်တော် ဝတ္ထုတစ်ပုဒ် သီးသန့်ရေးပါဦးမယ်။ စောင့်မျှော်ကြပါ။

သို့သော် အဲဒီလိုမျိုး အဖြစ်အပျက် ရှိခဲ့ဖူးတယ်လို့ ဦးဘိဆွေ စာရေးဆရာက ကျွန်တော့်ကို ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူက အခု စာရေးဆရာတစ်ပိုင်း ဗိန္ဒောဆေးဆရာတစ်ပိုင်း ဆရာဖြစ်လက်မှတ်လည်း ရထားတဲ့လူ။

"ဟုတ်ရဲ့လား ဆရာလှိုင်"

"ဟုတ်တယ် သူငယ်ချင်း"

"ဘယ်တုန်းက ဖြစ်ခဲ့တာလဲ ဆရာလှိုင်"

"ဖြစ်ခဲ့တာ ကြာပြီကွ။ တို့အဖေ၊ အမေ ကာလသမီးအရွယ်တုန်းက ရွာတစ်ရွာမှာ ဖြစ်ခဲ့တာ သိခဲ့တာဆိုတော့ အနှစ် (၆၀)ကျော်သွားပြီ"

"ပြောပါဦး ဆရာလှိုင် လွန်ခဲ့တဲ့ အနှစ် (၂၀)ကျော်တုန်းက ဒီလို သတင်းမျိုး ပေါ်ခဲ့ဖူးတယ်။ ကျွန်တော် ဆေးရုံမှာ သွားစုံစမ်းတော့ အဖြစ်မှန် မဟုတ်ဘူးဗျ။ ကောလဟာလ သတင်းဖြစ်နေတယ်"

"ခုပြောမှာက ဖြစ်ရပ်မှန်ကွ။ တို့များတောင် မမွေးသေးဘူးလေ။ အဖေတို့ မှီခဲ့တဲ့ဖြစ်ရပ်ပဲ"

"ပြောစမ်းပါဦး ... ဆရာလှိုင်ရာ"

"ဒီလိုတဲ့ကွ ..."

ဟိုး ....ပင်လယ်အရပ်မှာ ဖြစ်ခဲ့တဲ့အဖြစ် ...သူငယ်ချင်းရေ ပင်လယ်ကမ်းစပ်ဒေသမှာ ရွာတွေအများကြီးပဲ။

ရွာပေါင်း (၆၀)ကျော်ရှိတယ်။

လယ်သမားရှိတယ်။

ယာသမားရှိတယ်။

တံငါတွေရှိတယ်။ ငွေသူဌေးတွေရှိတယ်။

စီးပွားရေးကောင်းတဲ့ ဒေသပေါ့ကွာ။ စီးပွားရေးကောင်းတော့ အသောက်အစားလောင်းကစားလည်း ပေါတဲ့နေရာပေါ့။

( ........)ရွာမှာ အတော်ချောတဲ့ မိန်းမပျိုတစ်ဦးရှိတယ်ကွ။ နာမည်က ကြွေရုပ်တဲ့။

ကြွေရုပ်လေးလို လှလို့ ကြွေရုပ်ခေါ်ကြတာ။

အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက်ကလည်း ခါးသေးရင်ချီ စွင့်ကားဖွံ့ထွားတဲ့ပေါ့။

"ဆရာလှိုင် ကိုယ်တိုင်မြင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"လခွေးမှပဲ မင်းက ဖောက်ချိုင်ပြန်ပြီ။ ငါတို့အဖေနဲ့ ဦးလေး ဘကြီးတွေပြောပြတာကို ပြန်ပြောပြနေတာကွ"

"ဆရာလှိုင်က ဗိုဖွဲ့နေသလားလို့ပါ"

"ငါဖွဲ့တာတောင် နည်းသေးသကွ"

"ကဲ .. ဒါဆိုလည်း ဆက်ဖွဲ့ဗျာ။ ဥမ္မာဒန္တီတို့ ပပဝတီတို့ အလှဖွဲ့ ကဗျာတွေတော့ ရွတ်မပြပါနဲ့တော့ဗျာ။"

"အေးပါကွာ။ လှလွန်းလို့ ငရွဲသူဌေးတွေ၊ တံငါဒိုင်သူဌေးသား တွေ၊ နယ်လှည့်အရာရှိတွေက ကြွေရုပ်ကို ဝိုင်းပိုးဝိုင်းကြိုက်ကြဆိုပဲ။

ကြွေရုပ်တို့အိမ် နေ့နေ့ညည ညဉ့်မပြတ်ဘူးတဲ့။

ကြွေရုပ်က အမေ မုဆိုးမကြီးနဲ့ အတူတော။

ဟင်းချက်စရာ မရှာဘူး။ ဟိုလူကလာပေး။ ဒီတံငါကလာပေး ပေါ မှပေါပဲ။ နောက်ပိုးကြေးပေါ့။

ကြွေရုပ်ကလည်း နပ်တယ်တဲ့ ငါ့လူရေ။

ဘယ်လိုယောက်ျားမျိုး အိမ်လာလည်လည် ညဉ့်ဝတ်ပြုတယ်။ ဖော်ဖော်ရွေရွေ ဆက်ဆံတယ်။ ပြုံးပြုံးရယ်ရယ် စကားပြောတယ်။

မောင်လေးတန်ရင် မောင်လေး။

မောင်ကြီးတန်ရင် မောင်ကြီး။

အစ်ကိုတန်ရင် အစ်ကို။

ဦးလေးအရွယ် မုဆိုးဖိုဆို လေးလေးတဲ့။

မြို့ပိုင်ဆိုရင် ဆရာ ... ဆရာ။

မြို့စာရေးဆို စာရေးကြီး ...

ကျောင်းဆရာဆိုရင် ဆရာလေး ..

ဘုန်းကြီးလူထွက်ဆို ကိုယ်တော်ပြန်တဲ့။

ငါးရွဲသူဌေးလာလည်ရင် သူဌေးအစ်ကိုကြီးတဲ့။

သူဌေးသားလူပယ်တွေ အိမ်လာလည်ရင် ငါ့မောင်တို့တဲ့။

သာယာလိုက်တဲ့အသံ။ နွဲ့လိုက်တဲ့အနွဲ့။ လှုပ်လိုက်တဲ့ အလှုပ်မှာ ငုတ်တုတ်မေ့တဲ့ ကာလသား။ တစ်ခုလပ်၊ မုဆိုးဖို၊ သူဌေးသား မနေနိုင်ဘူး ဆိုပဲကွ။

"မကြွေကို ကျွန်တော် ချစ်တယ်ဗျာ။ မကြွေ ကျွန်တော့်ကို"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပါမယ် မောင်ကြီးရဲ့"

"ခုချက်ချင်း အဖြေပေးလို့ မရဘူးလားဟင်"

"ကျွန်မကို ချစ်တယ်ကြိုက်တယ်လို့ပြောတဲ့ လူတွေများတော့ ကျွန်မ စဉ်းစားရတာပေါ့ မောင်ကြီးရယ်။ စောင့်ပါနော်"

အချို့ ငါးရွှဲသူဌေးမှဆိုးဖိုဆိုရင် ရွှေ၊ ငွေ၊ စိန်၊ ငွေ၊ လှည်း အများကြီး တင်တောင်းတယ်။

ကြွေရုပ်ကတော့ ဘာပြောလဲသိလား။

"ကျွန်မကို ခုလို တန်ဖိုးထားတာ ကျေးဇူးအများကြီး တင်ပါတယ် သူဌေးရယ်။ အပျိုဘဝလေးကို ဝအောင် နေပါရစေဦးရှင်"

"စဉ်းစားမှာလား မကြွေ"

"စဉ်းစားရမှာပေါ့။ သူဌေးပဲဥစ္စာ ဟင်း ဟင်း ဟင်း"

ဒီလို စကားတတ်လွန်း၊ နွဲ့တတ်လွန်းလို့ သူ့ကို လူချစ်လူခင် များတယ်။ ကြွေရုပ်က တစ်ခုတော့ပြောတယ်။

ကျွန်မအိမ်မလာရင် ရန်မဖြစ်ကြနဲ့။

မစောင်းမထေ့ကြနဲ့၊

အပြင်မှာလည်း ပြဿနာမရှာပါနဲ့။

ကျွန်မကို နှမလေးလို၊ အစ်မလို၊ တူမအရင်းလို စောင့်ရှောက်ကြ ပါ။ ကျွန်မ အားလုံးကို မမုန်းပါဘူးတဲ့။

ဒီစကားကြောင့် ...

ကြွေရုပ်ကို ဘယ်သူလာပိုးပိုး ပြဿနာမဖြစ်ဘူး။

အိမ်ပေါ်မှာ လူစုံနေရင်လည်း အားလုံးကို လက်ဖက်သုတ်၊ ငါး ခြောက်ဖုတ်ဆီဆမ်း၊ ဆီထမင်း စတဲ့ စားစရာတွေ ချကျွေးတာပဲ။

ဟိုလူ၊ ဒီလူ ဘက်မလိုက်ဘူး။

မျှမျှတတ ဆက်ဆံတယ်။

ဒီကာလသားတွေက လေ့ထိုးသားပဲ၊ လွှဆွဲသားပဲ၊ ဒီလိုမတွက် ဘူး။ ချမ်းသာဆင်းရဲ လာပိုးတဲ့သူမှန်သမျှကို အမုန်းမပျက် ဆက်ဆံ တယ်။

ဒါကြောင့် ကြွေရုပ်ကို ဘယ်သူမှ မစော်ကားရဲဘူး။

ဘယ်ရွာ အလှူမင်္ဂလာဆောင်သွားသွား ...



www.burmeseclassic.com

www.burmeseclassic.com



ကြွေရုပ်က ကွမ်းတောင်ကိုင်၊ အပျိုရုံ။

ကြွေရုပ်နားမှာ ကာလသားတွေ ထန်းလျက်ခဲ ယင်အုံခဲ့သလို ဝိုင်းလို့။ ကြွေရုပ်ကလည်း အပြုံးတွေကို ဖြန့်ကျဲခဲ့စမြဲ။ ဒါကြောင့် မိတ်များတယ်။ မျက်နှာပွင့်တယ်။

ကြွေရုပ်ရဲ့ဘဝမှာ ရန်သူ လုံးဝမရှိ။

ချစ်ခင်သူ အပြည့်။

✿ ✿ ✿

[၃]

❑

တစ်နေ့တော့ ဖူးစာရေးနတ်မင်းက အိမ်ထောင်ရေး မင်ရည်ကျဲနေတဲ့ ကြွေရုပ်ရဲ့ နှလုံးသားကို အချစ်ဆိပ်ပြည့်မြားတစ်ချောင်း ပစ်ထည့်လိုက်တယ်။

ကြွေရုပ်တို့ရွာကို နယ်လှည့် အထည်ကုန်သည်တစ်ဖွဲ့ နွေဦးမှာ ရောက်လာကြတယ်။

မိုးရာသီဆိုရင် ကြွေရုပ်တို့ရွာကို ရေလမ်းက စက်လှေတို့ ပဲ့ထောင်တို့နဲ့ သွားရတယ်ကွ။

ဆောင်းပေါက်လို့ စပါးသိမ်းပြီးရင် လှည်းလမ်းပေါက်လို့ လှည်းရော ကားရော သွားလို့ရတယ်။

အဲဒီတုန်းက ရွှေကျိုးနိုင်လွန်ဆိုတာ ပေါ်ကာစ နာမည်ကြီးနေချိန်ကွ။ မင်း စိန်မာဒင်ဇာတ်ကို ကြည့်ဖူးမှာပေါ့။

ဇာတ်ခုံရဲ့ လက်ဝဲလက်ယာ စွန်တောင်နှစ်ဖက်ကို ရွှေကျိုးနိုင်လွန်တွေနဲ့ အလှခန်းဆီးလုပ်ထားတာကွ။

ဇာတ်ခုံပေါ်မှာလည်း ပြည်ဖုံးကန့်လန့်ကာကို ဖွင့်ပြထားတယ်။ ဇာတ်ခုံပေါ်အလယ်မှာ ရွှေကျိုးနိုင်လွန်ပိတ်စတွေနဲ့ ရေလှိုင်းနဲ့ လူးလွန့်ကြ



www.burmeseclassic.com

www.burmeseclassic.com



နေတာ လုပ်ပြထားပြီး ရွက်လှေကြီးက လှိုင်းထရေပြင်ပေါ်မှာ ရွက်စုံဖွင့်ပြီး ခရီးနှင်နေပုံပေါ့။

ရွက်လှေ (သို့မဟုတ်) ရွက်စုံဖွင့် သမ္ဗာန်ကြီးရဲ့ ရောမအရွက်ကြီး ကို ရွှေကျိုးနိုင်လွန်ပိတ်စတွေနဲ့ အတွန့်အတွန့် ဆင်ထားလုပ်ထားတာကွ။

လှမှလှကွာ။

ရွှေကျိုးနိုင်လွန်ခေတ်စားနေချိန်မှာ စိန်မာဒင်ဇာတ်က အဲဒီလို တန်ဖိုးကြီးကြီး လုပ်ပြခဲ့တာကွ။

ကြေးရုပ်တို့ရွာထဲကို အထည်ကားရောက်လာတယ်။

သရက်ထည်ပွင့်ရိုက်ထမိ၊ မာစရိုက်အထည်တွေ၊ ရွှေကျိုးနိုင်လွန် ဖိုထည်ရောင်စုံ၊ ပေါ်ပလင်၊ ဇာ စတဲ့ အထည်ကုန်ရောင်းကားကြီး ဆိုက်လာရောပေါ့။

မြို့ပေါ်တက်ဝယ်စရာ မလိုတော့ဘူးကွာ။

အိန္ဒိယနိုင်ငံလုပ် စွပ်ကျယ်လက်တို၊ လက်စက၊ အဝ ခု ရှေ့တော် မှောက် ရောက်နေပြီ။

ရွာထဲမှာရှိကြတဲ့ ဖျိုဖျိုအိုအိုတွေ အထည်ကုန်ကားနံဘေးမှာ ဝိုင်း နေတာပဲ။

အထည်ရောင်းစာရေးက မိန်းမကြီးကွ။

အလုပ်သမားသုံးဦးလည်း ပါတယ်တဲ့။

မြို့သူတွေပေါ့ကွာ။

တာဝန်ခံကုန်သည်က လူရွယ်လူချောတစ်ဦးတဲ့ပေါ့။ ရုပ်ရည်က လည်းချော၊ အသားအရည်က ဖြူဖြူ။

အရပ်သွယ်သွယ် ကျစ်ကျစ်လစ်လစ် ခန့်ခန့်တဲ့။

နာမည်က ကိုဆောင်းသစ်တဲ့။

စကားပြောကလည်း ဈေးသည်ကုန်သည်ဆိုတော့ ချိုပ့်။

ပြုံးပြုံး ပြုံးပြုံးနဲ့ ဈေးဝယ်တွေက အထည်ဝယ် မေးတာထက် တာဝန် ခံ ကုန်သည်ကိုဆောင်းသစ်ကို ဝိုင်းကြည့် သဘောကျနေကြသတဲ့ကွ။

"ပြဇာတ်မင်းသားကျနေတာပဲ ချောလိုက်တာဟယ်"

"ရုပ်ရှင်မင်းသား ......... နဲ့ တူတယ်နော်"

"ငါ လိုချင်လိုက်တာအေ အဟီး"



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့ ... မိပြားရဲ့ နင့်လို မည်းမည်းတူးတူး သွားခေါခေါကို ဟို ကိုလူချောက စဉ်းစားမှာလားအေ တန်ရာတန်ရာ မပြောဘူး ... သွား .. ဝေး ဝေး''

''မတွတ်''

''ဘာတုံး ဘာပြောချင်သေးလို့လဲ''

''ငါနဲ့မတန်ရင် အဲဒီချောသည်လူချောက ဘယ်မိန်းမနဲ့ တန် မတုံးဟင်''

''အပြီး''

''မပြီးနဲ့တော် ဘယ်သူနဲ့တန်တုံးတော့်''

''ပြောရမှာတော့ ... ရှက်ပေ့ါအေ ... အဟင့်''

''ပြောပါ ... မိတွတ်ရယ်၊ ညည်းရှက်နေပုံက ဦးကံတုံးတို့အိမ်က ဝက်မကြီး မိတ်လိုက်ခံရပုံမျိုးကြီး''

''ဟဲ့ ... မိဘုတ်ရဲ့ ဖိုင်းတာမရဲ့ နှိုင်းစရာရှားလို့ ဝက်မဟိုဒင်း တယ် ... ငါ တုတ်ရရင်တော့လား''

''ဟဲ့ ... မိန်းမတွေ အံသံပြမနေနဲ့ ဟိုမှာတွေ့လား ကြွေရုပ်နဲ့ အထည်သည်လူချောနဲ့ ပွဲကျနေတာ တွေ့လား''

အားလုံးက အထည်ကားရှေ့က မြင်ကွင်းကို လှမ်းကြည့်ကြတယ်။ ဟုတ်တယ်ပေ့ါ။

မိကြွေရုပ်နဲ့ အထည်သည် ကိုဆောင်းသစ်တို့ ပြုံးပြုံးရယ်ရယ်နဲ့ အထည်စတွေ ကိုင်ကြည့်လိုက် စကားတွေ ပြောလိုက်တဲ့ကွ။

ကိုဆောင်းသစ်က မင်းသားချောချောတဲ့လူ။

မိကြွေရုပ်က ကျားသတ္တဝါ ဖိုယောက်ျားတိုင်း ငေးကြည့်၊ လှည့်ကြည့်၊ လိုက်ကြည့်၊ ငိုင်းကြည့်ရတဲ့ အလှရှင်မ။

လူကြီးတွေကတော့ ပြောကြသတဲ့။

ညားရင်တော့ နေနဲ့လ ရွှေနဲ့မြ။

ပန်းပန်ထားတဲ့ လတဲ့။

ကာလသားတွေ ကြွေရုပ်ကို ပိုးပန်းနေသူတွေကတော့ ရင်တဖို ဖို၊ တခုန်ခုန်ဖြစ်နေတာပေ့ါ။



www.burmeseclassic.com

www.burmeseclassic.com



ကြွေရုပ်ကလည်း ရွှေကျိုးနိုင်လွန်စတွေရော၊ ရှဲသားစတွေ၊ ထမိ တွေပါ ဝယ်တာတဲ့ကွ။ များများဝယ်တော့ အထည်သည်ကိုဆောင်းသစ် က ကျေးဇူးတွေတင်။

အဝါနုရောင် ပဝါစလေးတစ်ထည်ပါ လက်ဆောင်ပေးသတဲ့ကွ။

မိကြွေရုပ်ကလည်း ကျေးဇူးတင်ဝမ်းသာပြီး ကိုဆောင်းသစ်ကို အိမ်အလည် ထမင်းစားခေါ်သတဲ့။

ဒီလိုနဲ့ ထမင်းစားလိုက်ခဲ့ရင်း သူတို့ ရင်းနှီးကျွမ်းဝင်သွားတယ်။ ဆောင်းသစ်တို့က တစ်လကို နှစ်ခါ ကြွေရုပ်တို့ရွာကို အထည်လာလာ ရောင်းတယ်။

ကျန်နေ့တွေက အခြားကားလမ်းပေါက်တဲ့ ရွာတွေကို လှည့်ရောင်း နေတာပေါ့။

ကြွေရုပ်တို့ရွာကို ရောက်လာတိုင်း ကြွေရုပ်အတွက် ပေါ်ပင်ဖိနပ်၊ ဆီး ပိုက်ဆံအိတ် စတာတွေ ဝယ်လာယူလာ လက်ဆောင်ပေး။

ကြွေရုပ်တို့အိမ်မှာ ထမင်းစား၊ ရေချိုး။

ရွာထဲက ကာလသားတွေက ကိုဆောင်းသစ်ကိုရော၊ ကြွေရုပ်ကို ပါ သိပ်မကျေနပ်ကြ၊ မကြည်ကြပေါ့။

သို့သော် ...

ကြွေရုပ်ကလည်း သူ့ကို ပိုးပန်းနေတဲ့ ကာလသားတွေလည်း အခင်မပျက်၊ အခေါ်မပျက် ဆက်ဆံနေတော့ ...

ရှိုင်းရှိုင်းပျပျပြောဖို့ အားနာကြတာပေါ့။

အချို့က သည်းညည်းခံကြတယ်။

အချို့က မကြားတကြား ကြိမ်းဝါးကြတယ်။

နှစ်ယောက်လုံးကို ခေါင်းဖြတ်ပြီး ပင်လယ်ထဲ မျှောပစ်လိုက်မယ် တဲ့။

မောင်မှိုင်းရ ... အဲဒီအရပ်က လူကြမ်းလူမိုက်တွေပေါ်တဲ့ အရပ် ကွ၊ လူတစ်ယောက်သတ်ဖို့ အလောင်းဖျောက်ဖို့ ဝန်မလေးတဲ့ အရပ်။

သတ်ပြီး ပင်လယ်ထဲမျှောလိုက်ရင် ...

ငါးကြီးစာငါးလေးစာ ဖြစ်ကရောကွ။



www.burmeseclassic.com

www.burmeseclassic.com



အချို့ လူကြီးလူရွယ်များကတော့ စဉ်းစဉ်းစားစား ပြောကြတွေး ကြတယ်။

ဖူးစာပါမှ ညားတာပါကွာ။

ကိုယ့်မကြိုက်လို့ သူ့ကြိုက်တော့လည်း ကြိုက်ပေါ့။ ရှိသမျှ ကာလသား ကြွေရုပ်တစ်ယောက်တည်း လင်လုပ်ပေါင်းလို့ ဘယ်ရမှာလဲ တဲ့။

ကြွေရုပ်ကို ဖွဲ့ကြီးကြီးနဲ့ ပိုးနေတဲ့ ကိုမိုးကြိုးကတော့ တောင် တခတ်ခတ် ဖြစ်နေတာပေါ့။

နှစ်ဦးသားဆုံတော့ အရဲစွန့် မေးရော ...

"ကြွေရုပ်"

"ဘာလဲ ကိုမိုးကြိုး"

"နင့်ကို ဟိုအထည်သည်နဲ့ ချစ်သူဖြစ်နေသလား"

"ဘာလုပ်မလို့တုံး"

"နင့်ကို ငါ ဘယ်လောက်ချစ်တယ်ကြိုက်တယ်ဆိုတာ နင်သိပါ တယ်နော်"

"အဲတော့ ဘာဖြစ်တုံး"

"နင် အထည်သည်မြို့သားကို ချစ်လား"

"ချစ်တာပေါ့တော်"

"လက်ထပ်မှာလား"

"အင်း"

"ငါ့ကို ဘာလို့ နင်က မချစ်နိုင်ရတာလဲ။ ငါက ရွှေနဲ့ငွေနဲ့ လယ် နဲ့ယာနဲ့၊ လှေနဲ့လှည်းနဲ့ပါမှလား ... ပြောပါ"

"တော့်ကို မချစ်ဘူး"

"ဘာ ..."

"ဒါပေမင့် ကြိုက်တယ်"

"ဟင် ..."

"ချစ်တာနဲ့ ကြိုက်တာနဲ့ မတူဘူး။ တော် တစ်နေ့ကျရင် ချစ်တာ နဲ့ ကြိုက်တာ ခွဲခြားသိလာလိမ့်မယ် ဖယ်"

ကိုမိုးကြိုး ကြားရတဲ့စကားကြောင့် အံ့အားသင့်နေရှာရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တာနဲ့ကြိုက်တာ မတူဘူး။

တော် . . . တစ်နေ့ ချစ်တာနဲ့ကြိုက်တာကို ခွဲခြားသိလာလိမ့်မယ် တဲ့။

အဲဒါ ဘာအဓိပ္ပာယ်လည်း . . .

ချစ်တာနဲ့ ကြိုက်တာ အတူတူပဲ မဟုတ်လား။

မတူရင် ချစ်တာက ဘယ်လိုအရသာလဲ။

ကြိုက်တာက ဘယ်လို အရသာတဲ့။

မိုးကြိုး မခွဲခြားတတ်ဘူး။ ကိုယ်လည်း ကြွေရုပ်ကိုချစ်တာပဲ။ အူထဲအသည်းထဲကို ချစ်တာ။

မျက်စိအောက်က အပျောက်မခံနိုင်အောင်ချစ်တာ။ တစ်ခါ ဘုရားပွဲမှာ လာကတဲ့ ဇာတ်ထဲက . .

တာနောယက္ခဘီလူးဇာတ်လမ်း။

တာနောယက္ခက သမုဒ္ဒသိဂီ လူမိန်းကလေးကို အမွှေသိမ်းပိုက်ပြီးချစ်တာ။

သွားလေရာရာ ရွှေကြုတ်လုပ်ပြီး သမုဒ္ဒသိဂီချစ်ဇနီးကို ထည့် လည်ပင်းမှာ ဆွဲခေါ်သွားလေ့ရှိတာ။

ဖြစ်နိုင်ရင် သမုဒ္ဒသိဂီရယ် . . . ညည်းကို ငါ အာခံတွင်းထဲထည့်ပြီး မြိုထားငုံထားမတတ် ချစ်တာပါတဲ့။

ကိုယ်လည်း ကြွေရုပ်ကို အာခံတွင်းထဲ ထည့်ငုံထားချင်တာပါ။ အဲလိုချစ်တာသည် ကြိုက်တာမဟုတ်ဘူးလား။

ကြွေရုပ်နဲ့ အထည်ကုန်သည် ဆောင်းသစ်တို့ ပြုံး/ရွှင်/ရယ်မောနေတာမြင်ရင် မိုးကြိုးရင်ထဲမှာ တဆစ်ဆစ် နာကျင်ခံစားရတယ်။ ညတိုင်း ကြွေရုပ်နဲ့ ဆောင်းသစ်အကြောင်း စဉ်းစားရင်း အိပ်မပျော်ဘဲ မိုးလင်းသွားတာ ညတွေမနည်းခဲ့။

ကြွေရုပ်ကို ဝိုင်းပိုးပန်းစည်းရုံးကြတဲ့ ကာလသား အလွှာပေါင်းစုံထဲမှာ မိုးကြိုးကိုတော့ ကြွေရုပ်က သူများထက်ပိုပြီး လိုလိုလားလား ရှိခဲ့တယ်လေ။

စဉ်းစားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြွေရုပ်ကို ကုန်သည်ကောင်လက်ထဲ အပါခံလိုက်ရမလား။ ဒါမှမဟုတ် ကုန်သည်ကောင်ကို အပြတ်ရှင်းလိုက်ရင် ကောင်းမလား။

ကုန်သည်ကောင်ကို လျှို့ဝှက်စွာ သတ်ဖြတ်ရှင်းလိုက်ရင် ကြွေရုပ်က မိမိကိုပဲ မသက်ာဖြစ်သွားမှာပဲ။

အဲဒီကျရင် ကြွေရုပ်က သူ့ချစ်သူ အသက်ခံရလို့ ငြိမ်ခံမှာလား။ အချစ်ကြောင့်ဖြစ်တဲ့ ဒေါသ၊ လောဘ၊ မောဟတွေက မိုးကြိုးရင်ထဲမှာ လှိုင်းတံပိုးထန်နေတယ်။

ဒီလိုပဲ ကုန်သည်လူချောကို ချစ်မြတ်နိုးတဲ့ မိကြွေရုပ်ရဲ့ ရင်ထဲမှာလည်း လှိုင်းကြီးတံပိုးကြီး ထန်သွားမှာပဲ။

ကြွေရုပ်ချစ်တဲ့သူကိုသတ်တဲ့ ကိုယ့်ကိုရော ကြွေရုပ်က ချစ်နိုင်မှာတဲ့လား။

ကြောက်ပြီး ချစ်စိတ်မွေးမှာလား။

ကြောက်ချစ်ဆိုတာရော အချစ်ပဲလား။

ဒါဖြင့် ကြွေရုပ်ချစ်တဲ့သူနဲ့ ညားပါစေ။ သူ ခွင့်လွှတ်ပြီး ဖြေသိမ့်နေလိုက်မယ်ဆိုရင်ကော ....

ကြွေရုပ်က ကိုယ့်ကို ပိုလေးစားသွားမှာပေါ့။

❀ ❀ ❀

[၄]

❏

ဒီအတွေးတွေကို အခင်ဆုံးသူငယ်ချင်းကိုသိန်းမောင်ကြီးနဲ့ တိုင်ပင်ရင်ဖွင့်ခဲ့တယ်။

သိန်းမောင်ကြီးက မြို့ကျောင်းမှာ (၇)တန်းအထိ စာသင်ယူခဲ့သလို၊ စာဖတ်တဲ့လူ၊ တွေးတဲ့လူလေ။ ပြီး ... သောက်ဖော်သောက်ဖက် လုပ်ဖော်ကိုင်ဖက်။

www.burmeseclassic.com



"ငါ စဉ်းစားကြည့်တယ် ... မိုးကြိုးရ"

"ဘယ်လိုစဉ်းစားလို့လဲ ... ကိုသိန်းကြီး"

"ကြွေရုပ်က မင်းကိုပြောတယ်။ ချစ်တာနဲ့ကြိုက်တာ မတူဘူး ဟုတ်လား"

"အေးဗျာ ..."

"ကြွေရုပ်က ကုန်သည်ကို ချစ်တယ်တဲ့နော်"

"အင်း .. အဲလိုပြောတာပဲ"

"ဒါဖြင့် သူ ဘယ်ကောင်ကို ကြိုက်တာလဲ ... ပြော"

"ကျုပ်ကိုတော့ ကြိုက်တယ်လို့ ပြောတယ်ပဲဗျာ"

"ချစ်တာနဲ့ကြိုက်တာ မတူဘူး ... မိုးကြိုးရ"

"ဟုတ်လား ... ဒါဆိုလည်း ဘယ်လိုကွဲပြားခြားနားတာလဲ ရှင်းပါဦး ပညာရှိကြီးရ။ ဒါလေး သောက်လိုက်ပါဦးဗျ"

"အေး ... ဧ့"

ကိုသိန်းမောင်ကြီးက မီးတောက်အရက်တစ်ခွက် ကောက်မော့ပြီး ငါးပုတ်ခြောက် တစ်ဖတ် ကောက်ဝါးပြီးနောက် ...

"ချစ်တယ်ဆိုတာက ကြင်နာမြတ်နိုးတာ၊ တသသဖြစ်နေတာ၊ သူယုယယ ထွေးပိုက်ချင်တာကို အချစ်ခေါ်တာကွ ... အေး ဧ့"

"အေ့ ... ကျုပ်တော် အသည်းယားလာပြီဗျ"

"ဟား ... ဟား ... ဟား ... ချစ်ရင် အသည်းယားတာပဲ ကွ ... ဟား ... ဟား ... ဟား ..."

"ကြိုက်တာကရောဗျ"

"ကြိုက်တာက လိုချင်တာလည်းဖြစ်တယ်။ စွဲလမ်းတာလည်း ဖြစ်တယ်။ နှင်းဆီပန်း ကြိုက်တယ်။ ဈေးကြီးလည်း ဝယ်ပန်တယ်။ ဒါ ကြိုက်တာ။ ဝက်သား၊ ကြက်သားဟင်း ကြိုက်တယ်။ ဘာလို့ကြိုက်လဲ မြော ..."

"အရသာရှိလို့ ကြိုက်တာပေါ့ဗျ"

"အဲဒါ အဖြေပဲ ... မိုးကြိုးရ။ အဲဒါ အဖြေကွ"

"ဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဝက်သား၊ ကြက်သား၊ ဆိတ်သားဟင်း ကြိုက်ရင် အားရပါးရ မစားချင်ဘူးလားကွ ဟေ"

"စားတာပေါ့ဗျာ"

"ခဏခဏရော မစားချင်ဘူးလားကွာ"

"စားချင်တာပေါ့ဗျ ... အေ့ .... ဇော့"

"တစ်နေ့ မင်း စားရမှာပါ။ မင်းကိုကြိုက်လာမှာပါ။ အချိန်စောင့်ကွ၊ စိတ်ရှည်ကွ၊ သည်းခံကွ။ ဒီမှာ မိန်းမဆိုတာ ကြိုက်သွားရင် ချစ်သွားရောကွ မှတ်ထား"

"ချစ်ရင်ရော မကြိုက်ဘူးလားဗျာ"

"ချစ်ရင် အငြိုးကြီးတာကွ။ အချစ်ကြီးလေ အငြိုးကြီးလေပဲ။

လင်ငယ်နေ၊ မယားငယ်နေရင် သတ်တာ အချစ်ငြိုးကွ။ မလိမ်မာရင်တော့ သေလမ်းပေါ့။

အေး ... ကြိုက်ပြီဟေ့ဆိုရင်လည်း ချစ်တဲ့ အဖေ၊ အမေ၊ လင်၊ ရည်းစား စွန့်ရဲတာလည်း အကြိုက်ကြောင့်ပဲကွ။ ဟေ့ကောင် ... မင်းက လူသန်ယောက်ျား ... အာဂယောက်ျားပါကွ။ မတွေ့သေးလို့ပါ တွေ့ရင် စွဲပြီး ကြိုက်သွားမှာပါ ... ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ... ဟုတ်လိုက်လေဗျာ။ ချစ်တာနဲ့ ကြိုက်တာကို ကျုပ် သဘောပေါက်ပြီဗျာ။ သောက်ဗျာ ဒီနေ့ အမူးသောက်မယ်ဟေ့ ... ဟား ... ဟား ... ဟား ..."

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# [၅]

❑

အထည်ကုန်သည် ကိုဆောင်းသစ်နဲ့ သုခချမ်းသာ ရွာသူ အချော ဆုံးအလှဆုံး မိကြွေရုပ်တို့ ညားသွားကြတယ်ကွ။

ကုန်သည်လေး ကိုဆောင်းသစ်ကလည်း မြို့သူတွေထက် ဆယ် ဆမက သာလွန်ချောမောလှပတဲ့ မိန်းမကို လက်ထပ်ရလို့ ပျော်ပေါ့ကွာ။

မင်္ဂလာဆောင်မှာ ထမင်းကျွေးတာ ရွာလုံးကျွတ် မိုးနိုးတိတ်ပဲ။ မင်္ဂလာဆောင်ကိစ္စ ရွာကာလသားခေါင်း ကိုချစ်ပေကို ငွေပုံပေးပြီးအပ် သား။

ခန်းတွင်းပစ္စည်း အပြည့်။

ရွှေနှစ်ဆယ်သား။ ငွေသား တစ်သိန်းအပ်တယ်။

မင်္ဂလာဆောင်မှာ မိုးကြိုးတို့ရော မိကြွေရုပ်ကို ပိုးပန်းခဲ့ဖူးတဲ့ လသားတွေ သူဌေးသားတွေ အကုန်ပိုင်းကူလုပ်ကြတာ။

အမုန်းတစ်စိုးတစ်စေ့မျှ မရှိ။

မင်္ဂလာဆောင်မှာ အပြုံးတွေ တောင်လိုမောက်လို့တဲ့။

"ဆရာလှိုင် ..."

"ဘာတုံး ... မောင်မှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောနေတာ မပိုလွန်းဘူးလားဗျာ"

အပြောကောင်းနေတဲ့၊ ဖွဲ့နေတဲ့ ဆရာလှိုင်ကို ကျွန်တော်က မေး ရတာပေါ့ဗျာ။

"မပိုဘူးကွ လိုရင်းသာ လိုမှာပေါ့"

"ခင်ဗျားလည်း လွန်ခဲ့တဲ့ အနှစ်ငါးဆယ်ကျော် ခြောက်ဆယ်က ကိစ္စ၊ ကိုယ်တိုင်လည်း မြင်တာမဟုတ်ဘဲနဲ့ ပြောပုံက သိပ်များမနေဘူးလား ဗျာ။

"မောင်မှိုင်းရာ ... အဲဒီတုန်းက ငါ့မွေးလို့ လူဖြစ်နေပြီကွ"

"ဒါဆို မကြွေရုပ်တို့ မင်္ဂလာဆောင်တုန်းက ဆရာလှိုင်က အသက် ဘယ်လောက်ရှိပြီတုံး"

"ခြောက်လသားကွ"

"ခင်ဗျားဗျာ ခြောက်လသားဆိုတာ နို့ဆွဲတုန်း အရွယ်ပဲဗျ"

"ခုလည်း ... ငါ ... ဆွဲ ... ဆွဲ .. အဲဒီ ..."

"တိုတိုနဲ့ လိုရင်းပြောဗျာ။ ခင်ဗျား ချဲ့ဖွဲ့နေတာနဲ့ ဇာတ်လမ်းက ဘယ်နေ့မှ ဆုံးမှာသိမ်းမှာလဲ မသိဘူး"

"သည်းခံပါ ... မောင်မှိုင်းရာ။ အခု အရသာရှိတဲ့အခန်း အုံ့ဩ စရာကောင်းတဲ့အခန်းကို ရောက်ပါတော့မယ်ကွာ"

အားလုံးက တစ်နယ်သား အထည်ကုန်သည် သတိုးသားကို ဖော် ဖော်ရွေရွေ နှုတ်ဆက်ကြ၊ အားပေးကြ။

"သတိုးသား ..."

"ဗျာ ... ခင်ဗျာ"

"ခင်ဗျားက ကျုပ်တို့ရွာသူ အချောအလှကို ရသွားတာဗျ"

"အဲ ... အဲ ... ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ"

"ဒီကောင်မလေးကို တစ်ရွာလုံးမက ရွာနီးချုပ်စပ်က ကာလသား တွေ သူဌေးသား အကုန်ပိုင်းပိုးတာဗျ"

"ဟုတ် ... ဟုတ် ..."

"သတိုးသားက ကျုပ်တို့ရွာ ငပိုးငပန်းတွေထက် ပိုချော ပိုချေ ပိုသန့်တော့ ခင်ဗျားနောက်ကို ပါတာပေါ့ဗျ"

"အဲ ... အဲ ..."

"ကျုပ်တို့အားလုံး ခင်ဗျားကို ဂုဏ်ယူတယ်ဗျာ ... အေ့ ဇေ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေး ... ကျေးဇူး"

"အခု ခင်ဗျား ကျုပ်တို့ရွာသား ဖြစ်သွားပြီနော်"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ကျုပ်တို့အားလုံးကို ညီလိုအစ်ကိုလို ခင်ပါပေါင်းပါ"

"စိတ်ချပါ အစ်ကိုတို့ရာ ရွာမှာ ဘာကိစ္စရှိရှိ ကျွန်တော်လည်း ဝင်ကူညီမှာပါ"

"ဒါမှပေါ့ ... အေ့ .... ဂေ့ .... ကြွေရုပ်"

"ရှင် ... ရှင် ... အစ်ကိုသိန်းမောင်"

"နင် ... နင် ... လင်ရ ကံကောင်းတယ်"

"ဟင့် ... အစ်ကိုကလည်း"

"ဟော့ကောင် ... မိုးကြိုး"

"ဗျာ ... ဗျာ ... အစ်ကိုသိန်း ..."

"ငါ့နှမ သူချစ်တဲ့လူကိုရတာ ကံကောင်းလား မကောင်းဘူးလား ပြောစမ်း ... အေ့ ..."

"ကံကောင်းတာပေါ့ဗျာ"

"မင်းလည်း ကံကောင်းမှာပါကွာ ... ဟုတ်လား။ ကိုင်း ... ပျော် ပျော်ပါးပါး ထမင်းသုံးဆောင်ကြပါခင်ဗျာ"

ကိုသိန်းမောင်ကြီးက မူးမူးနဲ့ သတို့သားရော၊ သတို့သမီးရော သူ့လူ ကိုမိုးကြိုးကိုပါ လှုပုံကြားမှာ ပြောနေတာတဲ့ကွ။

အားလုံးကလည်း ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ပဲပေါ့။

သတို့သား ကိုဆောင်းသစ်နဲ့ မိကြွေရုပ်တို့က ပြုံးပြုံး။

ကိုမိုးကြိုးနဲ့ ကိုသိန်းမောင်ကြီးတို့က မျက်နှာမကောင်း။ ဒီလိုနဲ့ မင်္ဂလာပွဲ စည်ကားသိုက်မြိုက်စွာ ပြီးသွားခဲ့တယ်။

လက်ဖွဲ့ငွေတွေလည်း သောက်သောက်လဲ ရခဲ့တယ်။

အထည်ဆိုင်ပိုင်ရှင် သူဌေးကလည်း သူ့တပည့် မင်္ဂလာပွဲမှာ စတ်ခဲ့ သုံးရေဒီယိုနဲ့ ငွေငါးထောင် လက်ဖွဲ့သတဲ့။

လင်မယားမိသားစုတွေ ပျော်လိုက်တာ။

ရွာကလည်း ဝမ်းသာကြပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## [၆]

❑

မဂ်လာပွဲ ပြီးသွားပါပြီ။

ရွာကာလသားတွေက မြို့သား အထည်ကုန်သည်ကိုယ်စားလှယ် ကိုဆောင်းသစ်တို့ ခင်ကြတော့ ညညရောက်ရင် လာလည်ကြတယ်။

လာသမျှ ရွာသားချည်သည်တွေကို ကိုဆောင်းသစ်တို့ လင်မယား က မြို့ကဝယ်လာတဲ့ မုန့်ပဲသွားရေစာ အမျိုးမျိုးကို ကျွေးမွေးဧည့်ဝတ်ပြု တယ်။

ကိုဆောင်းသစ်က သဘောကောင်းသကို။

လာလည်တဲ့ထဲမှာ တစ်ချိန်က ကြွေရုပ်ကို ပိုးပန်းခဲ့ဖူးတဲ့ ကာလသား တွေလည်း လာလည်ကြတာပဲ။

မောင်လိုနှမလိုစိတ်နဲ့ လာလည်ကြ၊ အားပေးကြ၊ စကားပြောကြ ပေါ့။ ငါးဖားရလည်း လာပေးကြ။

ကြွေရုပ်နဲ့ ထမင်းချက် မသောင်းတို့က ချက်ပြုတ်ပြင်ကျွေး၊ မြို့ သားကြီး ကိုဆောင်းသစ်ကလည်း သူရောက်ခဲ့တဲ့ မြို့တွေမှာတွေက အကြောင်းအရာ အဆန်းတွေကို ပြောပြ ...



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာရှိ ဝါးလုံးကွဲ ရယ်ကြ။
ငိုင်စရာရှိရင် ဝေးသွားကြ။
သိချင်တာရှိရင်တော့ ကိုဆောင်းသစ်က ပြန်ဖြေ။
ဒီလို လာတဲ့ကာလသားတွေထဲမှာ ကိုမိုးကြိုးလည်းပါတယ်။ မိုးကြိုးကလည်း အပြောကောင်းပဲ။

အခြား ကာလသားတွေကတော့ မိုးကြိုးလာတာကို သိပ်သဘောမကျချင်ကြဘူးတဲ့။

ဘာလို့ မကြိုက်တာလဲလို့ တိုးတိုးမေးတော့မှ ...

မိုးကြိုးနဲ့ မိကြေွရုပ်တို့က အတော်ရင်းရင်းနှီးနှီး ရှိခဲ့ဖူးတာ သိကြသကိုးကွ။ ကြေွရုပ်ကို မေတ္တာနဲ့မရရင် ကျစ်စာနဲ့ချပြီး အရယူပြမယ်လို့လည်း ထန်းရည်ဆိုင်၊ အရက်ဆိုင်မှာ မူးမူးနဲ့ ကြုံးဝါးဖူးတာလဲ သိနေကြတယ်လေ။

ဒါကြောင့် မိုးကြိုးကို ကာလသားတွေက သိပ်မယုံကြည်ကြဘူး။ ဒီကောင့်က အမြီးရှအမြီးစား။ ခေါင်းရှုပ်ခေါင်းစားကောင်။ မကျက်တကျက်ရော၊ အစိမ်းရော စားတဲ့ကောင်လို့ သတ်မှတ်ထားကြတာတဲ့ကွ။

ခု ... ကြေွရုပ်တို့လင်မယားရှိတဲ့အိမ် လာလည်ကြ၊ သူတို့လည်း စားစရာတွေ ယူလာကြ။

ဒီ ကာလသားတွေက တစ်ချိန်တုန်းက မိကြေွရုပ်ကို အပြိုင်ပိုးခဲ့ကြတာမှန်ပေမင့် ...

အခု မိကြေွရုပ် သူချစ်တဲ့သူနဲ့ အိမ်ထောင်ကျသွားတော့ အားလုံး ကျေနပ်ကြတယ်။ ကြေွရုပ်ကို နှမလို၊ အစ်မလို ဆွေမျိုးလို သဘောထားပြီး ခင်ခင်မင်မင် လာသရုပ်ပြတာ။

မြို့သား ကိုဆောင်းသစ်ကိုလည်း အစ်ကို၊ ညီလို ခင်မင်လို့ မြို့သားကြီးရဲ့ ခရီးသွားအတွေ့အကြုံတွေကို ကြားချင်နားဆင်ချင်လို့ လာကြတာ။

ကိုဆောင်းသစ် အိမ်မှာရှိမှ လာကြတာများတယ်။
ကြေွရုပ်တစ်ယောက်တည်းရှိနေရင် မလာကြဘူး။
စည်းစောင့်ကြတယ်။
သို့သော် ...
မိုးကြိုးက ဒီလိုမဟုတ်ဘူး။ ကြေွရုပ်ယောက်ျား ခရီးသွားရင် ကြေွရုပ်တို့အိမ် ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်သန်းခေါင်မှ ပြန်တာများတယ်။

ကြွေရုပ်တို့အိမ်ကိုလာရင်လည်း ငါးပုတ်ခြောက်ပြားကြီးတွေ၊ ငါးရံ့ခြောက်ပြားကြီးတွေ၊ ငါးကွန်းရှပ်ခြောက် အမြောင်းတွဲကြီးတွေ လက်ဆောင်ယူလာလေ့ ရှိတယ်တဲ့ကွ။

မိုးကြိုး အကျင့်မပေါင်းပုံတော့ ကြွေရုပ်ကို နည်းနည်းပါးပါး သတိစကား ပြောထားရတာပေါ့။

ကြွေရုပ်ကလည်း ကြွေရုပ်ပဲတဲ့ကွ။

စေတနာနဲ့ သတိပေးရင် မျက်စောင်းထိုးသတဲ့။

ငါတို့ခင်တာ မောင်လိုနှမလိုပါလို့ ပြောတယ်ဆိုပဲ။

နောင်တော့ ကိုဆောင်းသစ် အလုပ်နားရင် သူ မလာဘူး။ ဆောင်းသစ်တို့ အထည်ဈေးကား ညအိပ်ဈေးရောင်းထွက်သွားရင် မိုးကြိုး ရောက်ချလာတာပဲ။

တိုတိုပြောရရင်တော့ ...

ကြွေရုပ်ကလည်း အလှရုပ်ပြလေးနဲ့ မျက်နှာများလာတယ်။ မစွန်းရင်းကလည်းရှိတော့ ကန်စွန်းခင်းလည်း ငြိတာပေါ့ကွာ။

ကြွေရုပ် မိုးကြိုးနဲ့ နောက်မီးလင်းနေတယ်။

ကာလသားတွေ ပြောပုံအရတော့ ...

မိုးကြိုးက ကာမဂုဏ်မှာ အတော်သန်စွမ်းတဲ့ ကောင်တဲ့ကွ။ ဒင်ပြည့်ကျပ်ပြည့်ဆိုတဲ့ လူစားတဲ့ဟေ့။

တစ်ကြိမ်ငြိရာကနေ ကာမဂုဏ်ဆားငန်ရည်ပဲကွာ ... သောက်လေသောက်လေ ငတ်မပြေဖြစ်ပြီး ...

ကြွေရုပ် မိုးကြိုးကို စွဲသွားရော။

စွဲပြီး နိုက်သွားတာ။ နိုက်တော့ ကြိုက်ရော။

ကြွေရုပ်နဲ့မိုးကြိုး လင်ဖြစ်သူ ဆောင်းသစ်မရှိတဲ့ ညမျိုးကျရင် ရွာသချိုင်းကုန်းအစပ်က ကောက်ရိုးပုံမှာ ညသန်းခေါင်ရောက်ရင် ချိန်းတွေ့ပြီး ကာမဘုံဘဏ္ဍာမီးတောက်ကို ရဲနေအောင် ယပ်ခပ်ကြတာတဲ့ကွ။

မသက်ာလို့ ကာလသားနှစ်ဦး သွားချောင်းတာ တွေ့ရော။ ခုတ်တာက မိုးကြိုး ... ဒီကောင်က လက်စလက်နရှိတဲ့ လူမိုက်ကွ ... သေရဲသတ်ရဲတဲ့ကောင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီ နောက်မီးလင်းနေတဲ့ကိစ္စ မပြောရဲဘူး။

ပြောရင် ပြောတဲ့လူကို ရန်ရှာမှာလေ ..

ဘယ်သူမှသိလည်း မပြောရဲတော့။

သူတို့နှစ်ဦး ပိုပြီး အတင့်ရဲကြတာပေါ့။

နောင်တော့ အရက်ဝိုင်းမှာ မူးရင် ပြောပါပြီများ။

ကြွေရုပ်ရဲ့လင်က မြို့သားဆောင်းသစ်တဲ့။

မိုးကြိုးရဲ့မယားက ကြွေရုပ်တဲ့။

ဒီလို အာချောင်လို့ ရွာထဲက သိကုန်ကြပြီပေါ့ကွာ။ ကြွေရုပ်ကို လူကြီးသူမတွေက တိုးတိုးတိတ်တိတ် ဆုံးမတယ်။

"ကြွေရုပ် ... နင် ရပ်တန်းက ရပ်တော့ ... တစ်ခါပဲ မှားပစေ၊ အကြိမ်ကြိမ် မမှားစေနဲ့ ... တူမ"

"မြို့သားမျက်နှာကို ထောက်ပါဦး ... ကြွေရုပ်ရယ်။ ခများက ညည်းကို ဖူးဖူးမှုတ်မတတ် ချစ်တာပါအေ"

"ဆောင်းသစ်သိသွားရင် မကောင်းဘူးအေ"

ကြွေရုပ် မိုးကြိုးရဲ့ တဏှာအယုအယမှာ စွဲနေကြိုက်နေပြီ။ အရှိန် သတ်လို့ မရတော့ဘူး။

မိုးကြိုးကလည်း ပြောတယ်။

"ကြွေရုပ် ... နင့်လင်ကို ကွာလိုက်ပါ။ နင့်ကို ငါ ယူမယ်"

"နင့်ကို ငါ မယူနိုင်ဘူး ... မိုးကြိုး"

"ဒါဆို နင် ငါနဲ့ မြို့သားဆောင်းသစ် ဘယ်သူ့ကို ပိုချစ်တုံး အမှန် အတိုင်းပြော"

"ငါ့လင်ဆောင်းသစ်ကိုပဲ ငါချစ်တယ်"

"ဘာ ..."

"နေဦးလေ ... နင် အရမ်းဒေါသ မဖြစ်ပါနဲ့ ... မိုးကြိုးရဲ့။ ငါ ကြိုက်တာက နင့်ကိုပါ ... မိုးကြိုးရယ်"

"တ ... တ ... ကယ် ..."

"အင်း ..."

"နင် ငါ့ကို ဘာလို့ကြိုက်တာလဲ ... ဟင် ... ကြွေရုပ်"

"နင်က ... နင်က သန်လို့"



www.burmeseclassic.com

www.burmeseclassic.com



''အို ... ကြွေရုပ်ရယ် ... အချစ်ကလေးရယ်''

မိုးကြိုးကလည်း မိကြွေရုပ်လို ရမ္မက်ကြီး သွေးဆာငမ်းငမ်းတက် မိန်းမကိုမှ ကြိုက်တာ။

ဒီစကားတွေက နောင်တော့ သူ့ဆရာ ကိုသိန်းမောင်ကြီးက ပြော ပြလို့ ရွာက ကာလသားတွေ ပြန်သိရတာတဲ့ကွ။

❀ ❀ ❀

[၇]

❑

ကြာတော့ ရွာထဲက ကာလသားအချို့က မကျေနပ်ကြတော့ဘူး။ မိုးကြိုး သူများမယား ကြာခိုနေတာကို ရွံလာကြသလို ...

ကြွေရုပ်ကိုလည်း စက်ဆုပ်လာကြတယ်။

ဟုတ်တယ်လေကွာ။

ကောင်းမွန်ရိုးသားစွာ ညအိပ်နေ့နေ ခရီးသွား အလုပ်ရှာကြွေးတဲ့ လူသူတော်ကောင်းရဲ့နောက်ကွယ်မှာ ...

အကျင့်စာရိတ္တမကောင်းတဲ့ ခွေးသာသာ လူတိရိစ္ဆာန်နဲ့ နောက်မီး လင်း မျောက်မွေးနေတဲ့ မိန်းမကို ကြာတော့ ရွံရှာစက်ဆုပ်ကြတာပေါ့။

ကြွေရုပ်တို့အိမ်ကို အဝင်အထွက် မလုပ်ကြတော့ဘူး။

အဝင်အထွက်လုပ်တဲ့လူကိုလည်း မိုးကြိုးက ခေါ်ကြိမ်း ခြိမ်းခြောက် လုပ်နေတာကိုး။

အိမ်ကို ခဲနဲ့ ပစ်ချင်ကြတယ်။

မပစ်ဝံ့ကြဘူး။

ကြွေရုပ်ရဲ့လင်ငယ် မိုးကြိုးကို ရှိန်လို့။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ မြို့သား ဆောင်းသစ်ကို သနားလာကြတယ်။ တစ်နေ့ ငရွှဲသူဌေးတူ ကိုရွှက်လေ့က ရွာတစ်ရွာ ဈေးကားနဲ့ အထည်ရောင်းနေတဲ့ ဆောင်းသစ်ကိုခေါ်ပြီး ပြောရော ..

"ကိုသစ် .. ခင်ဗျားကို ကျုပ် ညီလိုအစ်ကိုခင်လွန်းလို့ မနေနိုင်တဲ့အဆုံး ဖွင့်ပြောရမှာကိုသစ်"

"ဘာကိစ္စမို့လို့လဲ ကိုရွှက်လေ့"

"ခင်ဗျားမိန်းမ ... ခင်ဗျားမရှိတဲ့အချိန်မှာ လူတစ်ယောက်နဲ့ နောက်မီးလင်းနေတယ်"

"ဗျာ ... ဟုတ် ... ဟုတ် .... ရဲ့လား ... ဗျာ ... ဟင်"

"ဟုတ်တယ်'

"ဘယ် ... ဘယ် ... သူနဲ့ ... ဟို ... ဟို ..."

"မိုးကြိုးနဲ့"

"ဗျာ ..."

ဆောင်းသစ်ရဲ့မျက်နှာဟာ ရက်ရိပ်တွေနဲ့ ရဲနေသတဲ့။

"ခင်ဗျား မိန်းမကိုဆုံးမ သတိပေးလို့ မရဘူး"

"တောက်"

"ခင်ဗျား ကွာလိုက်ပါ။ ဒီကိစ္စ ခင်ဗျားမသိပေမယ့် ရွာထဲက ကာလသားတွေ အကုန်နီးပါး သိတယ်"

"သေချာရဲ့လားဗျာ"

"မယုံရင် ခင်ဗျားကို လက်တွေ့ပြမယ်၊ အချိန်သာပေး။ ဒီလိုပြောရတာ ခင်ဗျားလို လူရိုးလူကောင်းကို သနားလွန်းလို့ ဆက်ပြီး နွားကျမခံစေချင်လို့ ကျွန်တော် ပြောရတာပါ ... ကိုဆောင်းသစ်ရာ"

အိမ်ရောက်တော့လည်း ကြေရုပ်က သူ့ကို ချစ်ခင်မပျက် မူမပျက်ဆက်ဆံလို့ ထမင်းပွဲ အသင့်ပြင်ကျွေးလို့။

ကန္တဲ့ကလျ ညိုညိုမြမြ၊ ပွတ်သီးပွတ်သပ်ချွဲလို့။

ဒီလို ကြေရုပ်ရွှေရုပ်တမျှ ချောမွတ်ဝင်းဝါစိုပြေ အိဖွံ့တဲ့ အလှပိုင်ရှင်မိန်းမ ...

မိမိကိုလည်း၊ မောင် ... မောင်နဲ့ ပါးစပ်ဖျားမချ ချစ်နေတဲ့မိန်းမ သူ့ကွယ်ရာမှာ အခြားတစ်ယောက်နဲ့ နောက်မီးလင်း ဖောက်ပြန်နေတယ်ဆိုတာ ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရဲ့လား။ ယုံရမှာလား။

ပြောတိုင်းယုံပြီး စွန့်ပစ်လိုက်ရမှာလား။

ဒီလို အလှပိုင်ရှင်မိန်းမမျိုး မြို့ပေါ်မှာတောင်မရှိ။

မြို့ပိုင်ကတော်၊ မြို့အုပ်ကတော်၊ အတွင်းဝန်ကတော်တောင် ဖြစ်ထိုက်တဲ့ အလှ။

မယုံချင်ပါဘူး။ လုံးဝ မယုံချင်ပါဘူးတဲ့။

တစ်နေ့ ညအိပ်ဈေးကားထွက်ရမယ်ပြောပြီး မြို့ပေါ်သွားဟန်ပြုခဲ့တယ်။ နေဝင်တော့ လူမမြင်အောင် ရွာထဲ တိတ်တဆိတ်ပြန်လာပြီး ..

ရွာစွန်သချိုင်းကုန်းအနီးက ကောက်ရိုးပုံကြီးထဲမှာ ကောက်ရိုးတွေဖွပြီး ဝင်ပုန်းနေလိုက်တယ်။

ဟော ... သန်းခေါင်ကြက်တွန်သံ ကြားရပြီ။

သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေပြီ။

ကိုရွှေက်လှပြောတာ ဟုတ်နိုင်ပါ့မလား။

သူတို့ ကြွေရုပ်ကို ပိုးပန်းမရလို့ ဂုံးတိုက်ချောပစ်လုပ်တာလား။ သူ့မိန်းမရဲ့ အလှကျက်သရေက ဒီလို အကျင့်ယုတ် အဆင့်အတန်းမဲ့တဲ့ အလုပ်မျိုး လုပ်မယ် လုံးဝမထင်။'

ဟော ... ဟိုမှာ လူရိပ်လှုယောင်ပါလား။

သူရှိရာ ကောက်ရိုးပုံကို ဦးတည်လာနေတာ။

အလို ... မွေ့မွေ့ဖက်ဖက် လာနေကြတာပါလား။

ခိုးခိုးခစ်ခစ် ရယ်သံပါ ကြားနေပြီ။

ဟော ... နီးလာပြီ။ သူတို့ကို လရောင်နဲ့ မြင်နေရပြီ။ အလို .. ဒါ ... ဒါ ... ။

သူ အသက်တမျှ ချစ်မြတ်နိုးရတဲ့ ချစ်မယား။

မကြွေရုပ် ...

သူနဲ့ပါလာတဲ့လူက မည်းမည်းထောင်ထောင်မောင်းမောင်း။ ဗလကောင်းကောင်းကောင်းများ။

လရောင်နဲ့ သူ့ကို အထင်းသားမြင်နေရတယ်။

ဟင် ... မိုးကြိုး .... မိုးကြိုး ....

ဆောင်းသစ် ကောက်ရိုးပုံကြားထဲကနေ အရှင်းသားမြင်နေရတာ။ သူ့ရင်ထဲမှာ ရထားခုတ်သံတွေ မြန်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြွေရုပ်နဲ့ မိုးကြိုးတို့က ကောက်ရိုးပြန့်တွေပေါ် ပူးပူးကပ်ကပ်ထိုင်လို့ ပါးချင်းကပ်ပြီး နိုးခစ်ရယ်သံတွေနဲ့ ကျီစယ်လို့။

ဟော ... မိုးကြိုးက သူ့မယား ကြွေရုပ်ကို ပက်လက်လှဲချလိုက်တယ်။ ညည်းညူသံတွေနဲ့အတူ။

အဝတ်အစားတွေ ကသောကမော ချွတ်လို့။

အိုး .... လရောင်အောက်မှာ ...

ဖွေးဥ နုထွတ်နေတဲ့ ကြွေရုပ်နဲ့ မီးသွေးလို မည်းနေတဲ့ မိုးကြိုးတို့ မြွေနှစ်ကောင်လို ပူးကပ်လူးလွန့်ပြီး တဏှာရာဂမိုးကြီးကို သည်းကြီးမည်းကြီး ရွာချလို့။

ဆောင်းသစ် ခါးကြားက ဓားမြှောင်၊ ဓားရိုးကို လက်နဲ့ တင်းကျပ်အောင်ဆုပ်ပြီး ကောက်ရိုးပုံထဲက အသာခြေဖော့ထွက်ဖို့ စဉ်းစားလိုက်တယ်။

မဖြစ်သေးဘူး။

မိုးကြိုးဆိုတဲ့ လူယုတ်မာက ဗန်တိုတတ်တယ်လို့ ကြားဖူးတယ်။

ပြဿနာဖြစ်ရင် အုတ်အော်သောင်းနင်းနဲ့ လူကြားမကောင်းဖြစ်ပြီး ပိုအရှက်ရရမျာ။

သူ မျက်စိမှိတ်ပြီး ရင်နာနာနဲ့ ငြိမ်နေလိုက်တယ်။

ကြွေရုပ်နဲ့ မိုးကြိုးတို့ဟာ တဏှာရာဂအရှိန်တွေ တက်ပြီး ဆွေမေ့မျိုးမေ့ဖြစ်လို့။

"ကြွေ ..."

"ကိုမိုး"

"ကိုမိုးနဲ့ မင်းလင်ဆောင်းသစ် ဘယ်သူ့ကို ပိုချစ်လဲဟင်"

'ကိုဆောင်းသစ်ကို ပိုချစ်တယ်"

"ဟုတ်လား"

"အင်း ..."

"ဒါဖြင့် ကိုမိုးနဲ့ မင်းလင်ဆောင်းသစ် ဘယ်သူ့ကို ပိုကြိုက်လဲဟင်"

"ကိုမိုးကို အများကြီး ကြိုက်တယ်"

"ဘာလို့ အများကြီးကြိုက်တာလဲ ... ကြွေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးက ကြွေ့ကို စိတ်ကျေနပ်အောင် ... အို ... ဘာမှန်းမသိဘူး။ သွား ... သွား .. အို ... အစ် ... ကို ... မိုး .... အို ... အ ... အ ... ကို ... အင့် .. ဟင့်"

တွန်းလှဲသံ၊ ညည်းညူသံ၊ စုတ်သတ်သံ၊ လူးလွင့်သံတွေ သူ့ရင်ကို လာလာစူးနေတယ်။

သူ ခေါင်းရင်းကို တအားကိုင်ဆုပ်ပြီး မျက်စိမှိတ်အံကြိတ်ရင်း မျက်လုံးအိမ်က စီးကျလာတဲ့ မျက်ရည်လုံးတွေကို ဘယ်လက်ခုံနဲ့ သပ်ပစ်လိုက်တယ်။

ဒီအကြောင်းတွေကို ငါးရွှေသူဌေးတူ ရွှက်လှကို အကျဉ်းချုံး ပြန်ပြောပြခဲ့တယ်။ ကိုရွှက်လှပြောတာ မှန်တယ်ဗျာလို့ပြောပြီး ရှိုက်ငိုခဲ့တယ်။

"ခင်ဗျား ဒီမိန်းမယုတ်ကို ဆက်ပေါင်းဦးမှာလား ... ကိုဆောင်းသစ်"

"ဟင့်အင်း"

"ကောင်းတယ်။ ဒီဆုံးဖြတ်ချက်ကို ကျုပ်တို့ ကာလသားတွေကြားရင် အရမ်းဝမ်းသာကြမှာပါဗျာ။ ခင်ဗျားမှာ ရုပ်ရည်ရော၊ ဥစ္စာရော၊ အရွယ်ရော ရှိပါသေးတယ်။ အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ့်ကို အိမ်ဦးနတ်လို ရှိသေလေးစား သစ္စာရှိတဲ့ မိန်းမမျိုးကို ရှာယူပါ ... ကိုဆောင်းသစ်။ ဆင်းရဲချမ်းသာတာ အရေးမကြီးဘူး။ ရုပ်ရည်လှမလှက အရေးမကြီးဘူး။ အရေးကြီးဆုံးက ကိုယ့်အပေါ် ရိုးမြေကျပေါင်းသင်းပြီး သစ္စာရှိဖို့ ဣန္ဒြေရှိတဲ့ မိန်းမကောင်း။ မိန်းမမြတ်ဖြစ်ဖို့ အရေးကြီးတယ် ကိုဆောင်းသစ်။ ကျွန်တော်တို့ ကာလသားတွေ ချောမောလှပပြီး အကျင့်မကောင်းတဲ့ ဒီလို မိန်းမယုတ်နဲ့လွဲရတာ ကံကောင်းတယ်လို့ မှတ်ရမှာပဲ။ ခင်ဗျားတော့ အားနာပါတယ်ဗျာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

❑

ကိုဆောင်းသစ် လက်ဆွဲအိတ်ထဲကို အဝတ်အစားနဲ့ ငွေစက္ကူတွေကို ထည့်လိုက်တယ်။ မကြွေရှပ်သုံးဖို့လည်း ငွေစက္ကူအချို့ ပေးခဲ့လိုက်တယ်။

"မောင် ခရီးသွားမှာ ဘယ်နှစ်ရက်ကြာမှာလဲဟင်"

"တစ်ပတ်လောက်ပဲ ကြာမှာ ကြွေ။ မောင် ခရီးသွားနေတုန်း လျှောက်လည်ပတ်တာတွေ မလုပ်နဲ့နော်"

"စိတ်ချပါမောင် မောင် ပြန်မရောက်မချင်း ကျွန်မ အိမ်ထဲက အိမ်ပြင် မထွက်ဘူး ကျေနပ်လားဟင်"

"ဒါကြောင့် မောင်က ကြွေရှပ်ကိုချစ်တာ"

"ဟဲ့ . . မငွေ"

"ရှင် . . . . မမကြွေ"

"ငါ့ယောက်ျား အဝတ်အစားတွေ မီးပူတိုက်ပြီးသားတွေနော်"

"ဟုတ်ပါတယ် မမကြွေရဲ့။ အကုန်မီးပူထိုးပြီးသားတွေပါ"

အိမ်အကူ ညီမဝမ်းကွဲက ပြန်ပြောတယ်တဲ့။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြွေ"

"မြန်မြန်ပြန်လာနော် လို့"

"ဘာလို့တုံး ကြွေရဲ့"

"လွမ်းလို့ပေါ့ ဖွန့်"

"ဟား ... ဟား ... ဟား ... ဟား ..."

ကိုဆောင်းသစ်က ဖနီးချောရဲ့ စကားဆုံးရော ဖနီးရဲ့ ပခုံးကိုဆုပ်ကိုင်ပြီး အားရပါးရ ရယ်ပါရောတဲ့ပေါ့။

"မောင် ... ဘာလို့ရယ်တာလဲဟင်။ မောင်တစ်ခါမှ ဒီလို တဟားဟား မရယ်ဖူးပါဘူး"

"လွမ်းလို့ ဟုတ်လား ... ဟုတ်လား ... ကြွေ"

"အင်းပေါ့"

"စိတ်ချပါ မောင်ကလည်း ကြွေ့ကို သတိရနေမှာပါ။ ကြွေ အများကြီး မလွမ်းနဲ့"

"ဘာလို့ .."

"လွမ်းချင်လို့လား"

"ချစ်တာကိုး မောင်ရဲ့"

"ဟား ... ဟား ... ဟား ... ဟား ... ငါ့မယား အလိမ္မာလေး ရထားတာကွ။ ကံကောင်းပြီပေါ့ ... ကံကောင်းပြီပေါ့။ ကံကောင်းပြီကွ ဟား .... ဟား ... ဟား ... ဟား ... ကိုင်း ... ဒီကိုလာ"

"ဘာလုပ်မလို့ ... နေခင်းကြီးနော် မောင်"

"ဘာမှ မလုပ်ပါဘူးဗျာ။ မောင် ခရီးသွားနေတုန်း ငါ့မယား အချောအလှလေး သူတစ်ပါးရဲ့ မကောင်းရန်က ကင်းဝေးရအောင် မောင် တတ်သမျှမှတ်သမျှလေးနဲ့ အကာအကွယ်လုပ်ပေးမယ် လာ"

ကိုဆောင်းသစ်က ကြွေရုပ်ရှေ့မှာရပ်ပြီး ဘယ်ညာ လက်ဝါးနှစ်ဖက်နဲ့ ဦးခေါင်း နဖူးကနေ အောက်ခြေဖျားအထိ လက်ဝါးနှစ်ဖက်နဲ့ သုံးကြိမ်သပ်ချလိုက်တယ်။

သပ်ချရင်း ပါးစပ်ကလည်း အသံမထွက်တဲ့ မန္တန်တွေ ရွတ်ဆိုနေတာကို ကြွေရုပ်ရော အိမ်ကူညီမဝမ်းကွဲလေးရော အံ့သြရယ်မောကြ၍ သဘောကျနေကြသတဲ့ကွ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကိုယ်ခန္ဓာကို သုံးကြိမ်သပ်ချပြီးနောက် ...

နောက်ဘက် ဦးခေါင်းဆံပင်ကနေ တင်ပါး၊ ခြေဖဝါးရောက်အောင် လက်ဝါးနဲ့ သုံးကြိမ်သပ်ချပြီး အသံမထွက် ရွတ်နေလုပ်နေသတဲ့။

"ပြီးပြီ ... အန္တရာယ်ကင်းပြီဟေ့"

"မောင်က ဒါတွေလည်း ရတာပဲလား ဟင်"

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ... နည်းနည်းပါးပါးပါ ကိုင်း ... မောင်သွားမယ်နော်"

"ဟုတ်"

"ကြွေ"

"မောင် ..."

"ကြွေ့ကို အရမ်းချစ်တယ်"

"ကျွန်မလည်း မောင့်ကို တအားချစ်ပါတယ်ရှင်"

ကိုဆောင်းသစ်က ချစ်ဇနီး ကြွေရုပ်ကို ရွှန်းရွှန်းစားစားကြည့်ပြီး အိမ်ပေါ်က ဆင်းသွားတယ်။

ကြွေရုပ်ကလည်း တရွေ့ရွေ့သွားနေတဲ့ ချစ်လင်ရဲ့ နောက်ကျော ကိုကြည့်ပြီး နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်တယ်။

✿ ✿ ✿

# [၉]

❑

မိုးလည်းလင်းရော ရွာထဲမှာ အံ့သြစရာ ကောင်းတဲ့အဖြစ်ကို လူတွေ ကြုံရမြင်ရပါရောတဲ့ကွာ။

ဦးကူလီဆိုတဲ့ ရွာသားကြီးက နွားစာအတွက် သချိုင်းကုန်းအနီးရှိ သူ့ကောက်ရိုးပုံက ကောက်ရိုးသွားယူတာ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မမြင်ဖူးစရာမြင်ကွင်းကို တွေ့ပြီး အော်လိုက်ပါရောဟေ့။

"ကံကောင်းတို့ မြဟန်တို့ မြန်မြန်လာကြပါဟေ့"

"ရွှေခင်တို့ ကျော်ရင်တို့ လာကြပါဦးဟ"

"ဦးကူလီ ဘာဖြစ်လို့ အော်နေတာတုန်းဗျ"

"ပိုးမျှားထိရှော့လားဟေ့"

"မြန်မြန်သွားကြဟေ့"

ကိုရွှေခင်တို့ ကျော်ခင်တို့ တုတ်တွေဆွဲပြီး ဦးကူလီ အသံပြုတဲ့ သချိုင်းကုန်းအနီးက ကောက်ရိုးပုံရှိရာကို ပြေးသွားကြတယ်။

"ဦးကူလီ ... ဘာဖြစ်လို့တုံးဗျ"

"ဒီမှာ ... ဒီမှာ ... ကြည့်ကြစမ်း ..."

"ဟာ ..."

"ဘုရားရေ ..."

"အို ..."

မြင်လိုက်ရတဲ့ မြင်ကွင်းက မိကြွေရုပ်နဲ့ မိုးကြိုး နှစ်ဦးစလုံး အဝတ်ဗလာ ကိုယ်လုံးတီးထပ်လျက်ဖြစ်ပြီး တောင့်နေတာ။ လှုပ်ခေါ်လို့ မရတော့ဘူး။

"ကြွေရုပ်နဲ့ မိုးကြိုးဗျ"

"အသက်မရှိတော့ဘူးဟေ့"

ကြွေရုပ်ရဲ့ ကိုယ်လုံးတီး ခန္ဓာပေါ်မှာ မိုးကြိုးက ထပ်လို့။ မရှိသေ့စကား မိန်းမအင်္ဂါဇာတ်နဲ့ဝန်းကျင်မှာ သွေးရဲရဲတွေ စီးကျနေတာ မနည်းဘူး။

ကြွေရုပ်လည်း ပါးစပ်ဟ၊ မျက်လုံးနှစ်လုံး ပြူးနေသလို မိုးကြိုးလည်း မျက်လုံးပြူး လျှာထွက်လို့။

မိုးကြိုး ပါးစပ်က သွေးတွေက ကြွေရုပ်ရဲ့ မျက်နှာနဲ့ လည်ပင်းပေါ်မှာ စီးကျ ပေကျံနေတယ်။

နှစ်ဦးစလုံး ခြေထောက်တွေ ကောက်ကွေး တောင့်နေကြပြီ၊ မိုးကြိုးရဲ့ လက်အစုံကလည်း ကြွေရုပ်ရဲ့လည်ပင်းကို တင်းကျပ်စွာဖက်ထားလို့။

"ဘယ်လိုဖြစ်ကြတာတုံးကွာ ဟင်"

"သူတို့ နောက်မီးလင်းနေတာ ကြာပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ခုဟာက ဟိုဒင်းပြုရင်း သေနေတာကွ"

"သူကြီးကို သွားခေါ်"

ရွာထဲမှာ အုတ်အုတ်ကျွက်ကျွက်ဖြစ်ပြီး ရှိသမျှ လူတွေလာကြည့်ကြ။ စက်ဆုပ်စရာမြင်ကွင်းကို မြင်ပြီး ဆဲရေးတိုင်းထွာကြ။ ထို့လို့ လုပ်ကြ။

"သောက်ရှက်မရှိတဲ့ မိန်းမပါအေ . . . ထွီ"

"သေတာတောင် အရှက်ကွဲပြီး သေကြတာတော်"

သူကြီးနဲ့ ရွာလူကြီးတွေ ရောက်လာကြတယ်။

"ဒါ ဆောင်းသစ်မိန်းမ မိကြွေရုပ်မဟုတ်လား"

"ဟုတ်တာပေါ့ဗျာ။ မျောက်မလေဗျာ"

"ဆောင်းသစ်ကို သွားခေါ်စမ်းပေဟဲ့"

"သူကြီး"

"ဘာတုံး ရွက်လှ"

"ကိုဆောင်းသစ် မနေ့ကတည်းက မရှိဘူးဗျ"

"ဘယ်သွားနေလို့တုံး ရွက်လှ"

"သူ့အိမ်က ကြွေရုပ်ညီမပြောတာတော့ မနေ့ကတည်းက ခရီးထွက်သွားတယ်။ တစ်ပတ်ခုနှစ်ရက်ကြာမှ ပြန်ရောက်မယ်တဲ့ဗျာ"

"ဒုက္ခပါပဲကွာ"

သူတို့နှစ်ဦးရဲ့ ထပ်လျက်အလောင်းကို မနည်းခွာယူရတယ်။ အဆိုးဆုံးက ယောက်ျားတန်ဆာကို ချွတ်လို့မရဘူးတဲ့။

ရှက်စရာအဖြစ်ဆုံးပါကွာ။

ရှင်းအောင်ပြောရရင် ဓားနဲ့ တန်ဆာကိုဖြတ်ပြီး . . . နောက်ဆုံး တာဝန်ရှိသူတွေရဲ့ ခွင့်ပြုချက်နဲ့ ရွာသင်္ချိုင်းမှာပဲမီးသဂြိုဟ်မြေမြှုပ်လိုက်တယ်။

သူတို့နှစ်ဦး ခန္ဓာကိုယ်မှာ ဘာထိခိုက်ဒဏ်ရာ၊ အမာရွတ်မရှိဘဲ ထူးဆန်းစွာ သေသွားကြတာ။

ပိုပြီး ထူးဆန်းတာက ကြွေရုပ်ရဲ့လင် ကိုဆောင်းသစ် လုံးဝ ရွာကို ပြန်မလာတော့တာပဲ။

အမျိုးမျိုး ဝေဖန်နေကြတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကြွေရုပ်အိမ်က အိမ်အကူ မငွေပြောပုံအရဆိုရင် ...

ဆောင်းသစ်က ခရီးသွားခါနီး သူ့မိန်းမ ကြွေရုပ်ရဲ့ ခန္ဓာကိုယ်ကို အန္တရာယ်ကင်းအောင်ဆိုပြီး မန္တန်ရွတ်လက်ဝါးနဲ့ ရင်ရှေ့ရော၊ ကျောနောက်ပါ သတ်ချပ်ပေးသွားတော့ ...

မဟုတ်မှလွဲရော ... ရွာကလူတွေ တွေးကြ၊ စဉ်းစားကြ၊ ဝေဖန်ကြပြီတဲ့။

ကိုဆောင်းသစ် ပညာသည်များ ဖြစ်နေရော့လား။

ကိုဆောင်းသစ် သူ့မယား နောက်မီးလင်းဖာတ်လမ်းကို သိသွားလို့ စုန်းကဝေ ပညာနဲ့ အသေပြုစားခဲ့တာပဲလို့ ပြောကြသလို။

အချို့ကတော့ ...

သင်္ချိုင်းကုန်းအနီးမှာ မဖွယ်မရာ သွားလုပ်လို့ သင်္ချိုင်းကုန်းက ပရလောကသားတွေ မကျေနပ်လို့ အရှက်ကွဲအောင် လုပ်လိုက်တာနေမှာတဲ့။

ပြောကြသေးတာကတော့ ..

ကွင်းပိုင်ကြီး ဦးလောဝါးက သူ့ပိုင်ကွင်းထဲမှာ ညစ်ညစ်ညမ်းညမ်း လာလုပ်လို့ ဒဏ်ခတ်တာတဲ့။

မကောင်းကံရဲ့ အကျိုးကတော့ ကြောက်ခမန်းလိလိပါပဲကွာ။

မောင်ညိုမှိုင်း(သန်လျင်)

မှတ်ချက်။ ။ နိုင်ငံခြားဖြစ်ရပ်မှန်သတင်းကို မှီငြမ်း၍ ရေးသားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

တစ်နေ့ ကျွန်တော် သန့်လျှင်မြို့ မြို့ဟောင်းရပ်ကွက်ရှိ ဗူးဘုရား ကျောင်းတိုက်ကို ရောက်သွားခဲ့တယ်ခင်ဗျ။

စာရေးဆရာ သန့်လျှင်မင်းကြည်လှိုင်ကို လိုက်ရှာတာ။ ထီးပြင်တဲ့ နှမလေးက ဆရာမင်းကြည်လှိုင် ဗူးဘုရားကျောင်းတိုက်ကို သွားတယ်ဆို လို့။

ဗူးဘုရားကျောင်းတိုက် ရောက်သွားရင်း …

ဗူးဘုရား ဆရာတော် ဦးဝေပုလ္လနှင့်တွေ့ခဲ့ရတယ်။ ဆရာတော် တို့ ဆွမ်းဘုဉ်းပေးနေချိန်နဲ့ ကြုံတာနဲ့ ဝယ်လာတဲ့ ရွှေကြည်ထိုးမုန့်၊ ငှက် ပျောထိုးမုန့်နှင့် ပူတင်းမုန့်ထုပ်တို့ကို ဆရာတော့်ထံ ကပ်လှူလို့ ဦးချကန် တော့လိုက်တယ်။

ဒီမှာ ဆရာမင်းကြည်လှိုင်ကို တွေ့တယ်ခင်ဗျ။

"မင်း ငါ့ဆီလာတာလား၊ … ညီမှိုင်း"

"ဟုတ်တယ် သူငယ်ချင်း"

"အရေးကြီးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ ဆရာဝန်ကြီးတစ်ဦးက သူငယ်ချင်းရေးတဲ့ ရှင်ဥပဂုတ္တ အရှင်မြတ် ထေရုပ်ပတ္တိစာအုပ်ရရင် သုံးအုပ်ဝယ်ချင်တယ် မှာပေးပါဆိုလို့ သာပြောတာ။

"ငါ့မှာရှိတဲ့ စာအုပ်တွေတော့ ကုန်သွားပြီ။ လိုချင်ရင် စိတ်ကူး သစ်စာပေက ကိုတင်ထွန်းထံမှာ ရှိသေးတယ်။ ငါ ဖုန်းဆက်ပြီး ပြောလိုက် မယ် မင်း ကိုတင်ထွန်းဆီ ဝင်ယူခဲ့လိုက်"

"အေး ... ဒါဆို ရန်ကုန်သွားရင် ဝင်ယူခဲ့လိုက်မယ်"

ဒီမှာ ဆရာတော် ဦးဝေပုလ္လက ...

"တကာကြီး ညီမှိုင်း"

"ဘုရား"

"ထမင်းစားသွား"

"မှန်ပါ ဘုရား"

ဆရာတော် ဦးဝေပုလ္လက သူကကျောင်းကို ရောက်လာလို့ ဆွမ်းစား ပြီးချိန်နဲ့ ကြုံနေရင် လာသမျှ တပည့်တကာ ဧည့်သည်တွေကို ထမင်း စားပြီးမှသွားလို့ ဧည့်ဝတ်ပြုလေ့ရှိတယ်။

ဖူးဘုရားကျောင်းတိုက်မှာ ဆွမ်းထမင်းဟင်းတွေက အလျှံအပယ် ပို နေတာခင်ဗျ။ လာသမျှ ဧည့်သည်တွေ စိတ်ကြိုက်စားကြ။

ကျွန်တော်နှင့် ဆရာမင်းကြည်လှိုင်လည်း ဝင်စားကြတာပေါ့။ စားလို့ပြီးတော့ ဆရာတော်က မုန့်တွေချကျွေးသေးတယ်ခင်ဗျ။

ရေနွေးကြမ်းသောက်လိုက် ...

မုန့်တွေစားလိုက် ...

ဆေးပြင်းလိပ်လေး ဖွာလိုက်ကနေ ...

ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေဆီ စကားရောက်သွားကြ ပါရောဗျာ။

ဒီမှာ ဆရာတော် ဦးဝေပုလ္လက တစ်လှည့်၊ ဆရာ မင်းကြည်လှိုင် က တစ်လှည့် သူတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဇာတ် သိမ်းအချို့ကို ပြောပါရောဗျာ။

ဈေးစရာ ကုန်ကြမ်းရှားနေတဲ့ ကျွန်တော့်မှာလဲ ရေငတ်တုန်း ရေတွင်း ဆီ ကျသွားသလိုဖြစ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုယ်တွေ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် အံ့ဖွယ်ဇာတ်လမ်းတွေထဲ စီးမျောကာသွားခဲ့ပါရောဗျာ

ဦးစွာ စပြောတာက ဆရာတော် ဦးဝေပုလ္လခင်ဗျ။

သို့သော် ....

ဆရာတော့်တပည့် ဆရာ မင်းကြည်လှိုင်အကြောင်းတော့ ဒီနေရာမှာ အနည်းငယ် မိတ်ဆက်သဘောမျိုးလေး ပြောဦးမယ်ဗျာ။

ဆရာမင်းကြည်လှိုင်က မူလက စာရေးဆရာဗျ။

စာရေးဆရာကနေ ဇာတ်ထဲလိုက်သွားပြီး ဇာတ်အငြိမ့်တွေမှာ ပြဇာတ်မင်းသား၊ ဇာတ်လမ်းရေးဆရာ၊ ဒါရိုက်တာဖြစ်သွားခဲ့တယ်။

ဇာတ်ထဲလိုက်ရာကနေ နာမည်ရနေတုန်း ...

ဇာတ်ထဲကထွက်ပြီး ဆေးဆရာလုပ်ခဲ့တာ။

သူ့အဖေကလည်း သမားတော်ကြီး မန္တလေး ဆရာဦးလှနိုင်တဲ့။ ဖအေ့ထံက တိုင်းရင်းဆေးပညာရပ်တွေ ဆည်းပူးရရှိပြီးနောက် ...

သူ ပယောဂပါ ကုသနိုင်တဲ့ ဆရာတစ်ဦးဖြစ်လာခဲ့တယ်။ စာရေးဆရာဘဝမှာ ဆရာမောင်ယဉ်ကျော် ဦးစီးတဲ့ သစ်ဆန်းစာစောင်မှာ အယ်ဒီတာလေ။

အဲဒီလို စာရေးဆရာ အယ်ဒီတာဘဝကနေ ...

ဇာတ်ပိုးဝင်လာပြီး ... ဇာတ်ထဲ အငြိမ့်ထဲလိုက်သွားခဲ့တာ။

ဒေါ်အေးတင် (ကျောက်မြောင်း) ဦးစီးတဲ့ မိုးအငြိမ့်၊ မင်းသမီးဝင်းဝင်းအေးနဲ့ ဆိုက်ဆိုဖုန်း ဦးမြင့်ဆွေဦးစီးတဲ့ ဆောင်းအငြိမ့်။

ဦးစိန်ခင်မောင်ရီဦးစီးတဲ့ ခင်မာချိုအငြိမ့်၊ ဟာသရွှေဆောင် အကယ်ဒမီကိုးဖြူကပွဲ။

တေးသံရှင် ခင်မိုးသူအငြိမ့်။

သံမဏိပိုလ်ဝင်းဦးစီးတဲ့ ပြည့်လက်ရုံးဇာတ်။

ဦးမြသိန်း၊ ဦးစီးတဲ့ ဆန်းညွန့်စီ အငြိမ့် စသည်တို့မှာ စာရေးဆရာ၊ ဒါရိုက်တာ၊ ပြဇာတ်မင်းသား၊ လက်ထောက်ပြဇာတ်မင်းသား စတဲ့ အနုပညာအလုပ်တွေကို လုပ်ခဲ့တဲ့ သဘင်သမားလည်း ဖြစ်ခဲ့တယ်ခင်ဗျာ။

သူကိုယ်တိုင်ရေးသား တင်ဆက်ခဲ့တဲ့ နာမည်ကြီး ပြဇာတ်တွေကတော့။

"ခင်ထားထက် လင်များလျက်ပါ" ပြဇာတ်။



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာနားချိန်၊ ပန်းကြွေချိန်" ပြဇာတ်။

"မှန်တိုင်းစဲမှ လွဲခဲ့သည်" ပြဇာတ်။

"သေနတ်ပေးစမ်း မိန်းကလေး" ပြဇာတ်။

"ချယ်ရီတောမှ ချစ်သောသူ" ပြဇာတ်။

"အနောက်က ထွက်သည့်နေ" ပြဇာတ် ...

တွေဟာ ဆရာမင်းကြည်လှိုင်ရဲ့ နာမည်ကြီးပြဇာတ်တွေပါ။

မြန်မာ့အသံ အမြဲတမ်းလွှင့်ခွင့်ရ ဇာတ်ပြားသီချင်း။ "ဆည်းဆာမင်းသမီးလေး" သီချင်းကို သူရေးခဲ့တာပါ။

သီဆိုသူက ကိုလေးမြင့်တဲ့။

ဒီလို သဘင် အနုပညာလောကမှာ နာမည်ရနေတုန်း သူ ဇာတ်အငြိမ့်ကနေ ထွက်ခဲ့ရတဲ့အဖြစ်ကလည်း ဂမ္ဘီရဆန်လွန်းလှပါတယ်။

ဒီအကြောင်းကို သူကိုယ်တိုင် ပြန်ပြောပြတဲ့ ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းရောက်မှ ပြောပြပါ့မယ်။

ယနေ့ သူ ဆေးဆရာ၊ ပယောဂကု ဆရာဘဝနဲ့ သန်လျင်မှာ ရှိနေတုန်းပါ။

ဆရာမင်းကြည်လှိုင်ရဲ့ နာမည်ကျော် စာအုပ်တွေကတော့ "ရေငန်ပိုင် ဦးရှင်ကြီးဝတ္ထု" နဲ့ "ရှင်ဥပဂုတ္တစာအုပ်" ပါ။

နှစ်အုပ်စလုံး (၅)ကြိမ်မက ပြန်ရိုက်ရပြီး တစ်ကြိမ်ရိုက်ရင် အုပ်ရေ သောင်းဂဏန်း ရိုက်ရတဲ့ ဝတ္ထုစာအုပ်တွေပါ။

သူရေးတဲ့ ရှင်ဥပဂုတ္တစာအုပ်ဟာ အလွန်ကို စေ့စပ်သေချာလှပါတယ်။

ရှင်ဥပဂုတ္တမထေရ် အကြောင်းက ရဟန္တာဖြစ်စဉ်မှာ ရှိတယ်။ မရှိဘူး ငြင်းနေရတဲ့ အကြောင်းအရာပါ။

ဒါကို ဆရာမင်းကြည်လှိုင်နဲ့ ဆရာတော် ဦးဝေပုလ္လတို့က ကျမ်းကိုးကျမ်းကားတွေနဲ့ ရှာဖွေပြုစုထားတဲ့ စာအုပ်မို့ ဖတ်ရတာ စိတ်ဝင်စားစရာကောင်းပါတယ်။

ဆရာမင်းကြည်လှိုင်ရဲ့ ရေးလက်ရေးဟန်ကလည်း ဆွဲဆောင်မှုရှိတော့ ဖတ်ပြီးရင် လက်က မချနိုင်အောင်ပါပဲဗျာ။

အဲဒီ ရှင်ဥပဂုတ္တရဟန္တာကြီးရဲ့ အတ္ထုပ္ပတ္တိကို နိုင်ငံကျော် ရှမ်းမင်းသမီးကြီး အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေက ရုပ်ရှင်ဇာတ်ကားကြီးနဲ့ကူး ဖို့ လာရောက်ပြောဆို စီစဉ်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြောင်းကြောင့် ရုပ်ရှင်ဇာတ်ကား ဖြစ်ပေါ်မလာသေးပါဘူး။

ဆိုလိုချင်တာကတော့ ...

ဆရာမင်းကြည်လှိုင်ရော၊ ဆရာတော် ဦးဝေပုလ္လရော နှစ်ဦးစလုံးမှာ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကြယ် အကြောင်းအရာတွေ အသီးသီးရှိနေတယ်။

နှစ်ဦးအနက် ဦးစွာ ဆရာတော် ဦးဝေပုလ္လက သူ ဦးပဇင်းရှယ်ဘဝက ကိုယ်တိုင်ကြုံခဲ့ရတဲ့ အဖြစ်ကို ခုလို ပြောပြခဲ့ပါတယ်ခင်ဗျာ။

❀ ❀ ❀

[၂]

❑

လွန်ခဲ့တဲ့ အနှစ်(၂၀)လောက်ကပေါ့ တကာမှိုင်းရာ ...

အဲဒီတုန်းက ဦးဇင်းပဲ ရှိသေးတယ်။ တိုက်အုပ်မဖြစ်သေးဘူး။

တစ်နေ့ ဟိုး ... အရှေ့ပင်လယ်နားက တပည့် တကာမတစ်ဦး နေမကောင်းလို့ သန်လျင်မြို့ကနေ သွားသတင်းမေးတာ။

သွားရမည့်ခရီးက ဝေးတယ်။

သန်လျင်ကနေ ကျောက်တန်းကို ကားစီးရမယ်။

ကျောက်တန်းရောက်ရင် ပန်းတောကျေးရွာရောက်အောင် မှော်ဝန်းချောင်းကိုဖြတ်ပြီး လှေသမ္ဗန်စီးရတယ်။

ပန်းတောက ဟိုး ... အရှေ့ပင်လယ်ရွာရောက်အောင် လှည်းရှေ့လှည်း၊ လှည်းမရ ခြေကျင်သွားတယ်။

ဒီတုန်းက ဦးဇင်းနဲ့ အဖော်လိုက်လာသူက ဦးကံတင့်။ ခုထက်ထိ အသက်ရှင်တုန်းပဲ။ အသက် (၉၀)ဝန်းကျင် ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖင်းနဲ့ ဒကာကံတင်တို့ ကားတစ်တန်၊ လှေတစ်တန်၊ လှည်းတစ်တန်နဲ့ ခရီးနှင်ခဲ့လိုက်တာ။

နေဝင်ဖြိုးဖျမှာ တပည့်ဒကာမ မသိန်းဆစ်တို့နေတဲ့ ပင်လယ်ဝင်ဒါရွာကို လှမ်းမြင်နေရတော့ ...

"ဒကာကံ ... ကြိုးစား၊ ရောက်တော့မယ်"

"မှန်ပါ ဘုရား"

"ပင်ပန်းနေပြီလား ... ဒကာကြီး"

"မပင်ပန်းပါဘူး ဘုရား။ အရှင်ဘုရား ပင်ပန်းမှာကိုပဲ ပူပန်တာပါ ဘုရား"

"ဦးဖင်းကို မပူပါနဲ့ ... ဒကာကံ"

ဒီလိုနဲ့ ဒကာရင်း ဦးပန်းငွေတို့အိမ်ကို ဦးတည်လာနေတုန်းမှာပဲ ဦးဖင်းတို့နောက်ဘက် ခေါင်းပေါ်ကျော်ကျော်လောက်က ထူးခြားတဲ့ အသံတွေ ကြားရပါရော။

"ဖရမ်း ... ဖရမ်း ... ဖျန်း ... ဖျန်း"

"ဖရမ်း .... ဖရမ်း ... ရှမ်း ... ဝရန်း"

ကုက္ကိုပင်တန်းတွေကို အဖြတ်၊ ကြက်တောင်ပံခတ်သံလိုလို စောင်တို့၊ အဝတ်တို့ ခါတဲ့အသံမျိုးလို ကြားလို့ လှည့်ကြည့်ရော ...

"ဟာ ..."

"ဟင် ..."

"ဟ ... ဟ ... ဘာကြီးတုံးဟ"

"ဦးဖင်း ... သတိထားပါ ဘုရား"

ဘုရားရေ .... မြင်လိုက်ရတဲ့ မြင်ကွင်းက တယ်ဆန်းကြယ်လွန်းပါလား။ လူယောက်ျားကြီး တစ်ဦး လေထဲမှာ ဝဲပျံနေတာ။

ဝဲပျံရင်းကနေ လူယောက်ျားကြီးက မိန်းမဝတ် အထက်ဆင်ပါထဘီတစ်ထည်ကို လက်နှစ်ဖက်နဲ့ လေထဲမှာ အခါခါ ယမ်းနေတာ တကာကြီးရေ။

ဒကာကံလည်း အံ့သြကြောက်လန့်ဖြစ်ပါရော။

ကြည့်စမ်းပါ ... ဒကာမှိုင်းရယ် ...

စွန်မဟုတ်ဘူး၊ သိမ်းငှက်မဟုတ်ဘူး၊ လင်းတမဟုတ်ဘူး .. လူ .. လူ ... လူ ...



www.burmeseclassic.com

www.burmeseclassic.com



လူမှ ယောက်ျားရင့်မကြီး … ဒကာမှိုင်းရေ။

မျက်နှာရှည်ရှည်၊ မျက်လုံးပြူးပြူး။ နားရွက်ကားကားနဲ့ အသက် ခပ်ကြီးကြီးပဲ။

သူဟာ စွန်တစ်ကောင်လို လေထဲမှာဝဲပြီး ဦးဖင်းတို့ခေါင်းပေါ် ဝန်းကျင် မှာ ဝဲနေတာ။

လက်နှစ်ဖက်နဲ့ ထမီကိုလည်း တဖျန်းဖျန်းခါလို့၊ သုံးလေးပတ်ဝဲ ပြီးရော မြေကြီးပေါ်ကို ခုန်ဆင်းလိုက်တာဟော့။

ငှက်များကျသလို ကျပြီး ရပ်နေတာ။

ရပ်ရင်းက ဦးဖင်းတို့နှစ်ဦးကို တစ်လှည့်စီ မလိုလားတဲ့ မျက်လုံး အစုံနဲ့ ကြည့်နေတာဗျာ။

အဖော်လိုက်လာတဲ့ ဒကာကံကလည်း ကြောက်လို့ ဦးဖင်းနောက် မှာ ကွယ်ပုန်းရင်း သက်န်းစကို ဆုပ်ထားနေတယ်။

ဒီမှာ လူမျက်နှာရှည် မျက်လုံးပြူးကြီးက ထဘီကို ခါရင်းကနေ ပြောရောဟော့ …

"ခု ချက်ချင်း ပြန်ကြစမ်း"

"ကျုပ်တို့ကို ပြောတာလား … ဒကာကြီး"

"ဟုတ်တယ် … ပြန်ကြ … ပြန်ကြလေ"

အသံမာမာကြီးနဲ့ အော်ပြောလိုက်တာ … ဒကာရေ။

"ဒကာကြီးက ဘယ်သူတုံး"

"သိစရာ မလိုဘူး။ ရွာထဲမဝင်နဲ့ ပြန်ကြ"

"ဦးဖင်း လူမမာသတင်း သွားမေးမလို့ပါ။ မေးပြီးရင် ပြန်မှာပါ ဒကာကြီး"

"သယ် …. ငါ့အကြောင်း မသိဘူးနဲ့တူတယ်။ သိကြရောပေါ့ ကိုင်း …"

လူကြီးက သို့ကလို ဦးဖင်းတို့ကို နှင်ထုတ်ရင်းက ဒေါသတွေ ထွက် ပြီး ကိုင်ထားတဲ့ထဘီကို သူ့ခေါင်းပေါ် စွတ်ခြုံချလိုက်ရော …

"ဟော …"

"အမလေး"

"ဝုန်း"

"ဂတ် … ဂတ် … ဂစ် … ဂလောက် … အောက်"



www.burmeseclassic.com

www.burmeseclassic.com



ဦးညီမှိုင်းရယ် ... သူ ထဘီခြုံချလိုက်တာ ..

မျက်စိရှေ့မှာ ချက်ချင်း လင်းတဖြစ်သွားပါရောဗျာ။

လူကြီးမိဘများ ပြောတာ ကြားဖူးတယ်။

ထဘီခြုံရင် လင်းတဖြစ်တဲ့ ပညာသည်ရှိသတဲ့။

ကိုယ်တိုင် အသက်(၄၀)အရွယ်မှာ မြင်ဖူးတာ။ ရုံသွင်းမျက်လှည့်ဝိုင်းမှာတော့ ကြည့်ဖူးပါရဲ့ဗျာ။

အခု ... လက်တွေ့မြင်နေရတာ။

လူစင်စစ်က လင်းတကြီးဖြစ်သွားပြီ။ တင်းတောင်းနီးပါး ထွားကျိုင်းတဲ့ ခေါင်းပြောင်၊ လည်ပင်းရှည်၊ ခြေတံရှည်၊ နှုတ်သီးကောက်ကောက်နဲ့ အရောင်မွဲလင်းတကြီးဟာ ကျုပ်တို့ရှိရာကို ခုန်ဆွခုန်ဆွနဲ့ လာနေတာ။

ဦးဖင်းက လက်ဝါးနဲ့ လှမ်းတားဟန့်လိုက်ရော။

လင်းတကြီးက ဦးဖင်းတို့ကို ရန်သူလိုကြည့်ပြီး ခုန်ဆွ၊ ခုန်ဆွ ပြေးရင်း မိုးကောင်းကင်ပေါ်မှာ ပျံတက်သွားရောဟ။

တို့များခေါင်းပေါ်မှာ ဂီး ... ဂက်နဲ့ အော်ရင်း လှည့်ပျံနေတာ။

လေးငါးပတ် လှည့်ပျံပြီးရော ...

ဦးဖင်းတို့ သွားမည့်ရွာနဲ့ ဆန့်ကျင်ဘက်အရပ်ကို ပျံသွားပါရော ဗျာ။

ဒကာကံကတော့ အကြီးအကျယ် ကြောက်နေပြီ။

"အရှင်ဘုရား ..."

"ဒကာကံ"

"ဒါ ... ဒါ ... စုန်း။ စုန် ... ပညာ ... ပညာသည်ဘုရား"

"ဒကာကံ ... ခု မြင်ခဲ့ရတဲ့ ဖြစ်ရပ်ဆန်းကြယ်ကိုစွ ရွာထဲရောက်ရင် မမေးနဲ့၊ မပြောနဲ့"

"ဘာ ... ဘာဖြစ်လို့ပါလဲ ဘုရား"

"မပြောနဲ့ ... အန္တရာယ်များမှာစိုးလို့ မပြောနဲ့ပြောတာ"

"မှန် ... မှန်ပါ ... ဖ .... ဖ ... ရာ"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ဒီလိုနဲ့ ဦးဖင်းတို့နှစ်ဦးရွာထဲက မဆယ်တို့အိမ်ကို မေးမြန်းပြီး ရောက်လာခဲ့ကြတယ်။

"မိဆယ် ... ဦးဖင်းဝေပုလ္လ ကြွလာတယ်ဟေ့"

"ဟယ် ... ဦးဖင်းဘုရား"

"ခေါင်းရင်းကို ကြွပါဘုရား ဦးလေးလည်း ထိုင်ပါဗျ"

အိမ်ပေါ်မှာ လူမမာ အပါအဝင် မိန်းမယောက်ျား (၇)ဦးခန့်ရှိ နေကြတယ်။ သူတို့က ဦးဖင်းကို ဦးချကန်တော့ပြီး ကွမ်း၊ ဆေး၊ ရေနွေး အိုးများ တည်ခင်းကပ်ကြတယ်။

လူမမာ ဒကာမလေး မဆယ်ကတော့ ဖျာတစ်ချပ်ပေါ်မှာ ပက်လက် ရှိလို့၊ ပိန်လိုက်တာလည်း အရိုးပေါ်လုပဲ။

အသက်ကို ပြင်းပြင်းရှူနေတယ်။

ဒီမှာ မိဆယ်ရဲ့ အမေလုပ်သူက ...

"သမီး ... မိဆယ် ... မိဆယ်"

"အင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖင်းဝေဟုလို ရောက်လာတယ် သမီးရဲ့ ... ကြားလား"

"အင်း ... အင်း ... ဟင်း ..."

"မျက်စိဖွင့်ပြီး လက်အုပ်ချီကန်တော့ သမီး ... ကန်တော့"

ခမျာ အားမရှိ ရှာဘူးလေ။

မျက်လုံးအားယူဖွင့်ပြီး ပိန်သွယ်သွယ်လက်အစုံနဲ့ လက်အုပ်ချီကန်တော့မယ်လုပ်တော့ လက်ပြုတ်ကျသွားရော။

ဒါနဲ့ ဦးဖင်းလည်း တကာရင်း မိဆယ်ရဲ့ အဖြစ်ကိုကြည့်ပြီး အလွန်သနားသွားတယ် ... ဆရာမှိုင်းရယ်။

"ဆေးဆရာ မပြဘူးလား"

"ပြပါတယ် ဘုရား။ အင်္ဂလိပ်ဆေးရော။ မြန်မာဆရာရော ပြပါတယ်။ ရောဂါက မထူးပါဘူး ဘုရား"

ကြည့်ရတာ မရှိးဘူးနဲ့ တူတာပဲဗျ။

ဒါနဲ့ ဦးဖင်း လူမမာအနီးကို တိုးသွားပြီး ...

"ဒကာမ ... မိဆယ်"

"အင် ... အင် .."

"လက်အုပ်ချီလို့ မရဘူးလား"

"အင်း ... အင်း ..."

အင်း ... အင်းပဲပြောပြီး လက်နှစ်ဖက် တုန်နေရှာတယ်။ ဦးဖင်းစိုက်ကြည့်လိုက်တော့ ခိုးကြည့်သလိုလုပ်တဲ့ မျက်လုံးပြန်မှိတ်သွားတယ်။

ဦးဖင်း ဘုရားစင်ရှေ့မှာ ဘုရားရှိခိုးပြီး သစ္စာပြုလိုက်တယ်။

"အရှင်မြတ်ကြီးဘုရား ... တပည့်တော် ဒကာမ မမိဆယ်ကို နှမအရင်းကဲ့သို့မှတ်၍ တတ်သမျှသော အတတ်နှင့် မေတ္တာရှေ့ထား၍ ရောဂါကို သက်သာပျောက်ကင်းအောင် ကုသကြည့်ရှုစောင့်ရှောက်ပါမည် ဘုရား။ ဤမှန်သော သစ္စာစကားကြောင့် အနှောင့်အယှက် မရှိပါစေသတည်း။ နှမငယ် ဒကာမရဲ့ ရောဂါသည်လည်း ပျောက်ကင်းချမ်းသာပါစေသတည်း"

ဦးဖင်း သစ္စာဆိုလိုက်တယ်။

နှမလေးကဲ့သို့ပါ။

ရုပ်နာသုံးပါး ကြည်ညိုလေးစားတဲ့ နှမငယ် ဒကာမလေးကို အနာပျောက်ကင်းစေဖို့ပါ။

သည့်နောက် ...



www.burmeseclassic.com

www.burmeseclassic.com



မိဆယ်ရဲ့ ညာလက်မကို လှမ်းဆွဲယူလိုက်ရော လူမမာ မိဆယ်ရုန်း ပါရောဗျာ။

ပြန်ဆွဲယူလိုက်တယ်။

ပြန်ရုန်းတယ်။

ရုန်းရင်း ပါးစပ်ကလည်း တောက်တခတ်ခတ် လုပ်နေပါရော။

သေချာတယ်။ ဒါ ပယောဂနဲ့ လုပ်ထားတာ။ ဦးဇင်း ညာလက်နဲ့ မျက်နှာကနေ အောက်ကို သပ်ချလိုက်ရော ...

မိဆယ် တုန်ခါနေပါရော ... ဆရာမှိုင်းရေ။

အသက်ရှင်တဲ့ငါးကို တုတ်နဲ့ရိုက်တော့ နာကျင်ပြီး တုန်ခါနေပုံမျိုး ဗျာ။ ဦးဇင်းလည်း သုံးကြိမ်သုံးခါ ညာလက်ဝါးနဲ့ သပ်ချပြီးရော ...

တုန်ခါနေတာ ငြိမ်ကျသွားတယ်။

"ဒကာမလေး ..."

"အင် ..."

"ဘုရားလို့ ပြောလေ"

"ဖ ... ဖ ... ရာ"

"ဦးဇင်းကို မြင်သလား"

"မြင် ... မြင်ပါတယ်"

"ဒါဆို ဘယ်သူတုံး ပြော"

"ဦး ... ဦး ... ဇင်းပါ"

"ဘွဲ့အမည်သိလား"

"ဦး ... ဝေ ... ဝေ ...."

"ဟုတ်ပြီ ... ဦးဇင်းကို လက်မထောင်ပြီးပြစမ်း"

မိဆယ် ညာလက်မကို လက်သီးဆုပ်ထောင်ပြတယ်။ ဦးဇင်းလက်မ ကိုကိုင်ပြီး ရတနာသုတ် အပါအဝင် ပရိတ်တွေကိုရွတ်ပြီး လက်မကို စိုက် ကြည့်နေတုန်းမှာပဲ ...

ဘုရားရေ ...

မိဆယ်ရဲ့ လက်မထဲကနေ အပ်ချည်စတစ်မျှင် ထွက်လာတာ ဗျာ။ ဦးဇင်း လက်မထိပ်ကနေ ထွက်လာတဲ့ အပ်ချည်စကို ဆွဲယူလိုက် ရော။

နောက်ထပ် အပ်ချည်အမည်းစတစ်ခု ထပ်ထွက်လာပြန်ရော .. ဆရာမှိုင်းရေ။ ဦးဇင်းလည်း ဂါထာမန္တန်တွေ ရွတ်လိုက် ...

www.burmeseclassic.com



ထွက်လာတဲ့ အပ်ချည်စကို ဆွဲထုတ်၊ အနားမှာ ချထားလိုက်နဲ့ အပ်ချည်စတွေ ကွမ်းသီးလုံး သုံးလုံးခန့်ရပြီး နောက်ထပ် လက်မထိပ်ကနေ မထွက်တော့ဘူး။

အနီးရှိ လူတွေလည်း အံ့သြကြပေါ့ဗျာ။ လန့်အော်ကြပေါ့။

စဉ်းစားလေ။

လက်မထိပ်ကနေ အပ်ချည်အမည်းစတွေ အများကြီး ထွက်တာ ရှိဖူးလို့လား။ သဘောပေါက်ကြတာပေါ့။

မိဆယ်ကို မပညာသည် ပြုစားလိုက်တာ။

ဦးဖင်း ပယောဂကုန်အောင်ထုတ်ပြီးရော တကာမ မိဆယ် ထ,ထိုင် တယ်။ ရေတောင်းတယ်။ အစာတောင်းတယ်။

မိဘညီအစ်ကို မောင်နှမတွေ အံ့သြဝမ်းသာကြ။

မျက်ရည်ကျကြ။ ရင်ထုပြောကြ။

မိဆယ်အားလုံးကို မှတ်မိလာတယ်။ ဦးဖင်းကိုလည်း ဝမ်းသာ မျက်ရည်နဲ့ ကန်တော့ရှာတယ်။

ဦးဖင်းကိုလည်း ကျေးဇူးတင်လို့မဆုံး ဖြစ်ကြပေါ့။ ဦးဖင်း ပယောဂ မကုနိုင်ပါဘူးဗျာ။

တကာ မင်းကြည်လှိုင်ကသာ ကုနိုင်တာပါ။

အချို့ အကာအကွယ်ကိစ္စရှိရင် မင်းကြည်လှိုင်ကို ပြောရတာ လည်း ရှိတာပေါ့။ တကာကြီး မင်းကြည်လှိုင် မသိနားမလည်တာရှိလည်း ဦးဖင်းက ပြောပြလမ်းညွှန်ရတာပေါ့။

ကိစ္စပြီးတော့ ပညာသည်ပြုစားတဲ့ အပ်ချည်ခင်စတွေကို မြေမြင် မှာ မီးရှို့ပြာကို ရေထဲမျှောလိုက်တယ်။

"ဦးဖင်း"

"ဘာတုံး ... ဒကာမကြီး"

"သမီးကို ဘယ်သူပြုစားတာလဲ ဘုရား"

"မသိချင်နဲ့"

"အရိပ်အမြွက် ပြောကြားပါဘုရား"

"ရန်များမယ်၊ အမုန်းများမယ်။ ခွင့်လွှတ်ပြီး မေတ္တာပဲပို့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

ဒီအဖြစ်အပျက်က လွန်ခဲ့သည့် တစ်နှစ်က ဦးဇင်းကြုံခဲ့ရတဲ့ ကိုယ်တွေ့အဖြစ်အပျက်ပဲ။

ဦးဇင်းလည်း ဒီကိစ္စကို မေ့မေ့ပျောက်ပျောက် ထားလိုက်တယ်။ မိဆယ်တို့ မိသားစုလည်း မြို့ပေါ်ရောက်ရင် ဦးဇင်းရှိတဲ့ ဗုဒ္ဓဘုရားကျောင်း တိုက်ကို ဝင်လေ့ရှိတယ်။

တစ်နေ့ ....

မိဆယ်တို့ ရွာရဲ့တောင်ဘက်ကရွာမှာ ပဋ္ဌာန်းပွဲ (၇)ရက် ကျင်းပ ဖို့ ဦးဇင်းကို လာပင့်ကြတယ်။

မြို့ပေါ်က ဦးဇင်းအပါအဝင် သံဃာသုံးပါး။

သူတို့ဒေသက သံဃာ(၄)ပါး။ စုစုပေါင်း (၇)ပါးပေါ့။

ရာသီက စပါးသိမ်းချိန်၊ ပဲသိမ်းပြီးချိန်။

အလှူတွေလည်း ရွာတွေမှာ များမှများပေါ့။ ရွာထဲ မဏ္ဍပ်ရုံမှာ အသံမစဲ ပဋ္ဌာန်းပွဲကို နေ့ရောညပါ ရွတ်ဖတ်ပူဇော်ကြရတယ်။

ဦးဇင်းက ည (၇)နာရီမှာ စ,ဝင်ရတယ်။

ရှေ့က ကိုယ်တော်တွေကလည်း အသံကောင်းတွေပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



ရွာကလူတွေကလည်း ဖုံးဘုရားဦးဇင်းကြီးလည်း ပဋ္ဌာန်းရွတ်တာ ကြည်ညိုစရာကောင်းတယ်လို့ ပြောနေချိန်။

တရားနာသူ အချို့လည်း ဇရပ်ထဲမှာ ရှိကြပေါ့။

ဦးဇင်းအလှည့် ရောက်လာတယ်။

အခမ်းအနားမှူး ဆရာတော်က ကြိုပြောထားတော့ မိုက်ကရို ခုန်းနားမှာ အသင့်ရှိနေတာပေါ့။

ရှေ့က ကိုယ်တော်က တစ်နာရီရွတ်ရတယ်။

ကိုယ့်အလှည့်ရောက်ရင် တစ်နာရီ ပဋ္ဌာန်းဒေသနာတော်ကြီးရွတ် ရတယ်။

ရှေ့က ကိုယ်တော်က ...

အ ရှုပီနော၊ ဓမ္မာ ရှုပီနံ၊ ဓမ္မာနံ၊ ဝိပယုတ္တပစ္စယေန၊ ပစ္စယော။ တစ်နာရီပြည့်သွားတယ်။

သူပြီးတော့ ကိုယ်က မိုက်ရှေ့တိုးပြီး ရှေ့ကိုယ်တော်ပြီးတဲ့အပိုဒ် နောက်ကနေ စရွတ်ရော ...

ရွတ်ရမည့် ပဋ္ဌာန်းစာသားက ...

အတ္ထိ ပစ္စယောတိက စ,ရွတ်ရမှာ။

............................

မြတ်စွာဘုရား ငါ ဘယ်လိုဖြစ်ပါလိမ့်။

ဦးဇင်း ပါးစပ်ဖွင့် လည်ချောင်းရှင်းပြီး ရွတ်တာပါ ... ဆရာမိုင်း ရာ။ ဖြစ်ချင်တော့ လုံးဝ အသံမထွက်ဘူး။

အဟမ်း ... ဆိုတဲ့ လည်ချောင်းရှင်းသံလည်း မထွက်ဘူး။

ကိုယ်စဆိုရမည့်စာသားကို ပါးစပ်က ရွတ်နေတာပဲ။ သို့သော် အသံလုံးဝ မထွက်ဘူး။

ပထမတော့ ကိုယ့်ပါးစပ်က တရားစာသား အသံမထွက်တာ သတိ မပြုမိပါဘူးဗျာ။

အသံထွက်နေတယ် မှတ်ပြီး ရွတ်နေတာ။

ဒီမှာ အနားယူနေတဲ့ ကိုယ်တော်တွေ အနားရောက်လာပြီး ငိုင်း ကြည့်ရင်းက ပြောကြပါရော။

"ဦးဇင်း ... အသံထွက်ရွတ်လေ"

"အသံထွက်ပြီး ရွတ်ပါ ... ကိုယ်တော်"



www.burmeseclassic.com

www.burmeseclassic.com



"....................."

"ဟဲ့ ... ဦးဇင်းဝေပုလ္လ ဘာလို့ အသံတိတ်ရွတ်နေတာတုန်း။ ဒါ အသံမစဲ ပဋ္ဌာန်းပွဲလေ။ စိတ်နဲ့မရွတ်နဲ့ အသံဖွင့် ပါးစပ်ဖွင့်ရွတ်"

ရော ... ခက်ပြီ၊ ကိုယ် အသံထွက်ရွတ်နေတာပါ။

ရှေ့က ရွတ်တဲ့ ကိုယ်တော်တွေရော၊ ကိုယ်ပြီးရင် ဆက်ရွတ်ဖို့ အသင့်စောင့်နေတဲ့ ကိုယ်တော်တွေရော ...

ပဋ္ဌာန်းပွဲဖြစ်မြောက်ရေး ဥပသကာ အကျိုးဆောင်လူကြီးတွေလည်း ရောက်လာပြီးမေးကြ။

ဒီမှာ ဦးဘရွှေဆိုသူက ...

"အသံချဲ့စက်ဖွင့်တဲ့ စက်ဆရာ ဘယ်သွားလဲဟေ့"

"ရှိပါတယ် ... အဘ"

"မင်းမိုက်က အသံထွက်ရဲ့လား ... မောင်ရှင်"

"ထွက်ပါတယ်ဗျ ... အခု အဘတို့ ဦးဇင်းတို့ပြောတဲ့ အသံတွေ မိုက်ထဲဝင်နေတယ်လေ ... အဘရ"

"ဟော ..."

ဦးဇင်းတစ်ပါးက မိုက်ခွက်ကို လက်နဲ့ ခေါက်ကြည့်တယ်။ အသံမြည်တယ်။

"ဟဲလို .. ဟဲလို ... တိုင်စီ ... တိုင်စီ"

"မိုက်ခွက်ကောင်းပါတယ် ... ဦးဇင်းရ"

ပဋ္ဌာန်းရွတ်သံ မကြားရလို့ တာဝန်ခံဆရာတော်ကြွလာပြီး မေးရော ဟေ့။

"ဘာလို့ ပဋ္ဌာန်းဆက်မရွတ်တာတုံး"

"ရွတ်ပါတယ် ... ဘုရား ... ဒါ ... ဒါပေမင့် ..."

"ဟဲ့ ... ရွတ်ရင် အသံထွက်ရမှာပေါ့။ ခု ရွတ်တာ ဘယ်ကိုယ်တော်တုံး"

"ဗူးဘုရားကျောင်းက အရှင်ဝေပုလ္လပါဘုရား"

"ဝေပုလ္လ ..."

"................"

"ဟဲ့ ... ဝေပုလ္လ"

"..................."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလို့ မထူးတာတုံး ... ဝေပုလ္လ"

" ................ "

ဦးဖင်း ဆရာတော်မေးတာကို ရှိရှိသေသေ ပြန်ဖြေပါတယ်။ ဒါပေမင့် ဦးဖင်းနှုတ်က အသံလုံးဝ မထွက်ဘူး။

ကိုယ့်ကိုယ်ကိုယ်လည်း ဘာကြောင့် အသံမထွက်ရတာလဲ စဉ်းစားလို့ မရ။ မနက်တုန်းကလည်း ကပ်တဲ့ဆွမ်းကို အများနည်းတူ အတူ ဘုန်းပေးခဲ့ကြတာပါ။

ကိုယ်လည်း အစားမမှားခဲ့ပါဘူး။

ကိုယ့်မှာလည်း ရင်ကျပ်၊ ပန်းနာ၊ အသံဝင်တာမရှိ။ ပဌာန်းရွတ်ရင် အသံကောင်းအောင် မှန်ချိုလျှက်ဆားနဲ့ သံပုရာရည်ဖျော်ပြီး လျှက်သေးဥစ္စာ။

ကိုယ်တော်တွေကလည်း မယုံသင်္ကာနဲ့ ဝိုင်းကြည့်နေကြ။ အချို့က အံ့အံ့သြသြ ကြည့်နေကြ။

အကျိုးဆောင်လူကြီးတွေကလည်း ကျုပ်ကို သံသယမျက်လုံးတွေနဲ့ ကြည့်ကြ။ ဆရာတော်ကြီးမေးတာကို ကျုပ်ဖြေပေမင့် ပါးစပ်က အသံလုံးဝမထွက်တော့ ...

လက်ဟန်နဲ့ ပြပြောရတယ်။

"အသံမထွက်ဘူးလား ... ဝေပုလ္လ"

" ................ "

အသံမထွက်တော့ ခေါင်းညိတ်လိုက်ရတယ်။ ဦးဖင်းလည်း အံ့သြလွန်းလို့၊ ရှက်လွန်းလို့၊ မျက်ရည်စို့နေပြီ။

နောက်ဆုံး ဆရာတော်နှင့်တကွ ပဌာန်းရွတ် သံဃာအားလုံးကို ဦးချကန်တော့ ‌တောင်းပန်ပြီး နေရာက ထလိုက်တယ်။

ပြီး ... ကိုယ်နေတဲ့ အခန်းကို ပြန်လာခဲ့လိုက်တယ်။

ဦးဖင်းတွေရော အကျိုးဆောင်လူကြီးတွေရော သဘောပေါက်လာကြပြီး ကရုဏာသက်စွာနဲ့ မေးကြတာပေါ့လေ။

"ဦးဖင်း နေ့ခင်းက ဘယ်သူကျွေးတာ စားသေးတုံး"

ကျုပ် ခေါင်းယမ်းပြလိုက်တယ်။

"ရွာထဲကိုရော မနက်လှောက်သွားသေးလား"

"ခေါင်းယမ်းပြလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖင်း ပဌာန်းမရွတ်ချင်လို့ ဟန်ဆောင်လုပ်နေတာ မဟုတ်မှန်း သိသွားကြပြီ။ လူကြီးတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စဉ်းစား နေကြတယ်။

မကြာဘူး . . . ပြောသံကြားလို့ဆိုပြီး ဦးဖင်းတပည့် ရွာသားတွေပါ ရောက်လာမေးကြရောဗျ။

ဦးဖင်းက စိတ်မကောင်းဖြစ်နေတဲ့ တပည့်တွေကို စာရေးပြီး ပြော လိုက်တယ်။

"ထွန်းတင် . . . ငါ အခုချက်ချင်း မြို့ကိုပြန်မယ်။ လှည်း အဆင် သင့်လုပ်ပေးပါ"

တပည့် ထွန်းတင်က . . .

"ဒီည နားနားနေနေ နေလိုက်ပါ . . . ဦးဖင်းဘုရာ။ မိုးလင်းရင် အသံပြန်ထွက်နိုင်မှာပါ။ အစားမှားလို့ နေမှာပါ ဘုရား"

ဦးဖင်း ခေါင်းယမ်းလိုက်တယ်။

နောက်ဆုံး သူတို့ ဆရာတော်ကြီးကို အကျိုးအကြောင်းလျှောက် ပြီး ခွင့်ပြုချက်ရရော လှည်းသွားပြင်ကြတယ်။

ဦးဖင်းလည်း ဆရာတော်ကို ဦးချကန်တော့နှုတ်ဆက်ပြီး အသင့် စောင့်နေတဲ့ လှည်းပေါ်တက်လို့ ရွာကနေ ထွက်ခဲ့လိုက်တယ်။

မှောင်ရိပ်ရှမှာတော့ ဦးဖင်း၊ ကိုရင်များနဲ့ ရွာလူကြီးတွေ စိတ်မကောင်း တဲ့မျက်လုံးတွေနဲ့ကြည့်ပြီး လက်ပြနှုတ်ဆက် ကျန်ရစ်ခဲ့ကြတယ်။

လသာသာ ညဦးမှာ နွားလှည်းဟာ လှည်းလမ်းကြောင်းအတိုင်း ခပ်သော့သော့နှင်နေတယ် ဆရာမှိုင်းရယ်။

ဦးဖင်း သဘောပေါက်လိုက်ပါပြီဗျာ။

ဒါ ဦးဖင်းကို အရှက်တကွဲ ဖြစ်သွားအောင် ပညာသည် ခပ်ထက် ထက် တစ်ဦးဦးက ပြုစားလိုက်တာ။

စဉ်းစားကြည့်လေ . . .

အခြား ပဌာန်းရွတ်တဲ့ ကိုယ်တော်တွေ ဘာမှမဖြစ်ကြဘဲ ဦးဖင်း တစ်ပါးတည်း အသံ လုံးဝမထွက်တာရယ်။

အခု ရွာထဲမှာ ပြောစရာဖြစ်သွားခဲ့ပြီ။

မြို့ပေါ်က ဦးဖင်းဝေပုလ္လ ပဌာန်းရွတ်တာ လုံးဝ မသံမရှက်ဘူး တဲ့။



www.burmeseclassic.com

www.burmeseclassic.com



စုန်းတွေများ ပြုစားရော့လားတဲ့။

ပညာသည် လက်ချက်နေမှာပဲတဲ့။

ဦးဖင်းလေးက ရွာထဲ ဘာအမှားတွေ သွားလုပ်ခဲ့လို့မှ မသိဘဲ တဲ့။

ရှိပါစေလေ ...

အကြောင်းတစ်ခုခုတော့ ရှိမှာပါ။

ဦးဖင်း တော်ရုံတန်ရုံဆိုရင် ကိုယ့်ဘာသာရရှိထားတဲ့ပညာနဲ့ (ဖြေ) လို့ (ဖြည်)လို့ ရပါတယ်ဗျာ။

ခုကိစ္စက ကိုယ့်ပညာ ဖြေဖို့ရှင်းလို့ မရဘူးဖြစ်နေတယ်။

ဒီလိုနဲ့ ညဥ့်ကိုးနာရီခန့်မှာ (..........)မြို့ပေါ် ရောက်လာခဲ့ကြ တယ်။ ကားတစ်စီး ကြိုက်ဈေးပေးငှားလို့ ကိုယ်နေတဲ့ ဖူးဘုရားကျောင်း တိုက်ကို ညဥ့်သန်းခေါင်ယံခန့်မှာ ပြန်ရောက်လာခဲ့တယ်။

ကျောင်းနေ ကိုယ်တော်တွေကလည်း အချိန်မတော် တစ်ပါး တည်း ပြန်ရောက်လာလို့ အံ့ဩပြီး မေးကြ။

"ဝေပုလ္လ အချိန်မတော် ဘယ်လိုဖြစ်လို့တုံး"

"ပဌာန်းပွဲက ပြီးသွားလို့လား"

"မဟုတ်သေးပါဘူး ...ပဌာန်းပွဲပြီးရင်လည်း မနက်လင်းလင်း ချင်းချင်းပြန်လာရမှာ မဟုတ်လား"

"ကိုယ်တော် ... စကားများလာလို့လား"

"နေမကောင်းလို့ နေမှာပေါ့ကွာ"

သူတို့ကို စကားပြန်မပြောတော့ဘဲ ခြေလက်မျက်နှာ သန့်စင်ပြီး ဘုရားမီးဖွင့်လို့ ကျောက်ဆင်းတုရုပ်ပွားတော်ရှေ့မှာ ထိုင်၊ စိတ်နဲ့ ဘုရားရှိ ခိုးလိုက်တယ်။

ပြီးနောက် ဂုဏ်တော်ပုတီး သက်စေ့စိပ်လိုက်တယ်။

ဂုဏ်တော်ပုတီး သက်စေ့စိပ်ပြီးနောက် ...

စိန္တာမဏိဂါထာကို သက်စေ့ ပုတီးစိပ်ပြန်တယ်။

ပဌာဝီဇယ မန္တန်တော်ကြီးကိုလည်း စိတ်မှန်းနဲ့ ဆယ်ခေါက်ရွတ် လိုက်တယ်။

ပြီး (၃၁)ဘုံသားတို့ကို အမျှပေးဝေလိုက်တယ်ဗျ။

ဘုရားကိစ္စပြီးတော့မှ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဥပဂုတ္တ အဆောင်ထဲဝင်ပြီး ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးကို ဂါထာတွေနဲ့ ပူဇော်ကန်တော့လိုက်တယ်။

သည့်နောက် …

ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးရဲ့ ရှေ့မှာရှိတဲ့ ရွှေပိန်းချအုပ်ကို ဖွင့်ပြီး ရှင်ဥပဂုတ္တ ပူဇော်အစီအရင် မိုင်းကိုင်အင်းတစ်ချပ်ကို ရိုသေစွာ ခွင့်ပန်တောင်းပြီး စိတ်နဲ့လျှောက်ထားလိုက်တယ်။

"ဘုရားတပည့်တော်သည် ရဟန်းဘဝရောက်သည့်တိုင် လူပုဂ္ဂိုလ်သတ္တဝါတို့၏ အကျိုးစီးပွား ပျက်စီးဆုတ်ယုတ်မှုကို စိုးစဉ်းမျှ မကျူးလွန်ခဲ့ပါဘုရား။ လူသတ္တဝါတို့၏ ဆင်းရဲဒုက္ခကိုသာ အလျဉ်းသင့်သလို ကူညီစောင့်ရှောက်ခဲ့ပါသည်ဘုရား။ ဤမှန်သော သစ္စာစကားကြောင့် ရန်အပေါင်းဘေးအပေါင်း၊ အတိုက်အခိုက်၊ အနှောင့်အယှက်အပေါင်းတို့သည် ဝေးရာကို ရှားပါစေသတည်း"

ဒီလို သစ္စာပြုပြီး ရှင်ဥပဂုတ္တ အန္တရာယ်ကင်း အစီအရင်အင်းကို ရေစိမ်သောက်လိုက်တယ်။

ရင်ထဲမှာ အေးခနဲ ဝင်သွားပြီးနောက် …

လည်ချောင်းထဲမှာ ယားလာပါရောဗျာ။

ချောင်းဆိုးချင်လာတယ်။ သလိပ်ဟပ်ချင်လာတယ်။ မခံနိုင်တဲ့အဆုံး ချောင်းဆိုးချလိုက်ရော … ဒကာကြီးရေ …

ပါးစပ်ထဲကနေ ညိုစိုစိုအနံ့နဲ့အတူ မည်းမည်းညစ်ညစ်တွေ ထွေးခံထဲ အန်ချလိုက်ပါရောဗျာ။

ချောင်းဆိုးပြီး အန်တာ။

အောက်ကနေ တွန်းပြီး အန်တာ။

ဆရာမှိုင်းရေ … ဦးဇင်းချောင်းဆိုးတာ အသံထွက်တယ်။ အန်တာ၊ အသံထွက်တယ်။ တဝေါ့ဝေါ့ အန်သံကြားလို့ ကိုရင်၊ ဦးဇင်းတွေ ရောက်လာကြပြီး စိုးရိမ်တကြီး မေးကြပါရော။

"ကိုယ်တော် … နေမကောင်းဘူးလား။ အန်တာလည်း မနည်းပါလား။ ဘာတွေအန်နေတာတုံး နံလိုက်တာ"

"ဆေးရုံသွားမလား … ဦးဇင်း"

"မ … မ … သွားဘူး … ကောင်း … ကောင်းသွားပြီ"

အန်လို့လည်း ဝပြီ၊ အသံလည်း ထွက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လှုလည်း ပင်ပန်းနွမ်းနယ်တာတွေ ပေါ့သွားပြီ။

"ကိုယ်တော် ... ဝေပုလ္လ"

"အေး ... ပြော ..."

"ကိုယ်တော့်ကြည့်ရတာ ထူခြားနေသလိုပဲ။ ဘာတွေဖြစ်ခဲ့လို့တုံး ကိုယ်တော်"

ဒါနဲ့ ဦးဖင်းက ပဌာန်းပွဲမှာ အသံမထွက် အရုက်တာကွဲ ဖြစ်ခဲ့ရပုံက နေ ရှင်ဥပဂုတ္တ ရန်ဖယ်အစီအရင်အင်းကို ခွင့်ပန်ရေစိမ်သောက်ပုံအကြောင်း ကို ပြောပြရော ...

ကိုရင်တွေရော၊ ဦးဖင်းတွေရော အံ့သြကုန်ကြရောဗျာ။

"အခု ... ကျုပ် ... အသံပြန်ထွက်ပြီ ... ကိုယ်တော်တို့"

"ဒါဆို နက်ဖြန် ( ......)ကို ပြန်သွားမှာလား"

"မသွားတော့ဘူး"

"ဦးဖင်းကို ပညာသည်က အရုက်ကွဲအောင် လုပ်တာနေမှာပေါ့"

"မပြောတတ်ဘူး"

"ပြန်သွားရင်လည်း နင်က တယ်သတ္တိကောင်းလို့ လာတာလား ဆိုပြီး ပြုစားဦးမှာဗျ"

"သက်န်းဝတ်ကိုတောင် အရုက်ကွဲအကျိုးနည်းအောင် လုပ်နိုင်ပုံ ထောက်ရင် ပေါ်သေးသေး ပညာသည်တော့ ဟုတ်မယ်မထင်ဘူးဗျ"

"ဇော်ဂနီကြီးတွေလားနော်"

"ဝဋ်ရှိလို့ခံရတာပါ ... ကိုယ်တော်တို့ရာ။ ကိုင်း ... ပြန်ကျိန်း ကြပါဘုရား"

"မိုးလင်းတော့မယ် ... ကိုယ်တော်၊ အရုဏ်ပျို့နေပြီ။ မကျိန်း တော့ဘူး"

"ဒါဆိုလည်း သဘောပဲ ... ကိုယ်တော်"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

ရွာမှာ အသံမစဲ ပဌာန်းပွဲလည်းပြီးရော ရွာကလူတွေ ဖူးဘုရား ကျောင်းတိုက်ကို ရောက်လာကြတယ် ... ဒကာကြီး။

မိဆယ်တို့ မိသားစုလည်း လှူဖွယ်ပစ္စည်းတွေနဲ့ လာလှူကြမို့

"ဦးဇင်း အသံထွက်ပြီနော်"

"အေး ... အသံထွက်ပြီပေါ့"

"ဘယ်နေ့က ပြန်ကောင်းသွားတုံး ... ဘုရား"

"ဒီရောက်တဲ့ညပဲ ... ဒကာတို့ရေ"

"ကောင်းပုံပြောပါဦး ... ကိုယ်တော်"

"ဒီလိုဗျ .........."

သူတို့ အံ့သြသွားကြတယ်။ ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီး လည်း ရှိခိုးကြတယ်။ သိရိဓမ္မာသောကမင်းကြီးရဲ့ အလှူတော်ကို မာန်နတ် ယုတ်က မနှာလိုဖြစ်ပြီး ဖျက်ဆီးတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



မာန်နတ်က တန်ခိုးကြီး အဖျက်သမားလေ။

သူ့ရန်ကို ဘယ်လိုလူမှ တားလို့မရဘူး။

နောက်ဆုံး ရဟန်းရှင်တို့ရဲ့ အကြံပြုချက်အရ တောင်သမုဒ္ဒရာမှာ ကြေးပြသာဒ်ဖောင်နဲ့ စံတော်မူနေတဲ့ ရှင်ဥပဂုတ္တ ရဟန္တာကိုယ်တော်မြတ်ကြီး ကို မေတ္တာရပ် အကူအညီတောင်းမှ ရှင်ဥပဂုတ္တရဟန္တာကိုယ်တော်မြတ်ကြီး ရဲ့ တန်ခိုးအစွမ်းနဲ့ မာန်နတ်ရဲ့ သဲမိုး၊ ခဲမိုး၊ မီးမိုး၊ ပြာမှုန်မိုး အတိုက်တွေ လွင့်စင်ပျောက်ပြယ်ပြီး မင်းကြီးလည်း အလှူ့ရေစက်ချပွဲကြီးကို အောင်မြင် စွာ ကျင်းပနိုင်ခဲ့တယ်တဲ့။

ဦးဇင်းရဲ့ ရှင်ဥပဂုတ္တရဟန္တာ အရှင်သူမြတ်ကြီးတရားဆုံးတော့ ရွာ က ပဌာန်းပွဲ အကျိုးတော်ဆောင်လူကြီး ဦးဘရွှေက ဖွင့်ပြောပါရော ... ဆရာမှိုင်းရေ။

"ကိုယ်တော်"

"ပြော ... ဦးဘရွှေ ... ဘာပြောမှာတုံး ... ပြော"

"အဖြစ်မှန်ကို ပြောပြချင်လို့ပါ ... ဘုရား"

"အဖြစ်မှန် ... ဘာတုံးဗျ ... ဒကာရွှေရ"

"ဦးဇင်းကို ပဌာန်းပွဲမှာ အသံမထွက်အောင် ပြုစားနှောင့်ယှက် တဲ့ ပညာသည် ရွာကျောင်းဆရာတော်ထံမှာ သူ ပြုစားခဲ့မိတဲ့အကြောင်း လာ ဝန်ခံသွားပါတယ် ဘုရား"

"ဟေ ... ပြောပါဦး ... ဒကာရွှေရ ... ဘာကြောင့်"

"ဖြစ်ပြီးတာတွေလည်း ပြီးသွားပါပြီ ဘုရား။ ပညာသည်လည်း အတော်ခံလိုက်ရသနဲ့ တူပါရဲ့။ ရွာကျောင်းဆရာတော်ကို ကန်တော့ ဝန်ချ တောင်းပန်သွားပါတယ်။ ဒီရွာဝန်းကျင်မှာ မနေနဲ့လို့ ဆရာတော်က နှင်ထုတ် လိုက်ပါတယ် ဘုရား။ ဒါကြောင့် ဘာကြောင့်ဖြစ်ရတာလည်းကို မစဉ်း စားပါနဲ့တော့ဘုရား။ သူ့အမှားသူသိလို့ အဝေးကို ရောက်သွားပြီဆိုတာလည်း သိထားပါတော့ ဘုရား"

"အင်း ... အပြစ်ကြီးလိုက်မည့်ဖြစ်ခြင်း။ ဒီကိစ္စက ငရဲကို လား ရည့်ကိစ္စ။ တယ်မိုက်မဲတာပဲကိုး"

အတန်ကြာ စကားပြောကြပြီးနောက် သူတို့ ပြန်သွားကြတယ်။ သူ တို့ ပြန်တော့မှ ဦးဇင်း စဉ်းစားကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖင်းကို ပညာသည် နှောင့်ယှက်ပြုစားလိုက်တာ သေချာသွားပြီ။

သူ ...ဘာကြောင့် ဦးဖင်းကို အသံမထွက်၊ အရှက်ရဖို့အောင် လုပ်ခဲ့ရတာလဲ။

ဦးဖင်းကို မုန်းလို့လား။

မနာလို လို့လား။

မုန်းရ၊ မနာလိုရအောင် ဦးဖင်း အဲဒီရွာတွေမှာ သိက္ခာမဲ့တဲ့အလုပ်၊ အကျိုးမရှိတဲ့အလုပ် ဘာမှမလုပ်ခဲ့။

ရွာကလူတွေနဲ့လည်း အတိုက်မခံ မရှိခဲ့။

ဦးဖင်းမုန်းတဲ့လူ ဒီရွာတွေမှာ မရှိ။

ဦးဖင်းကို မုန်းတဲ့လူလည်း ဒီရွာတွေမှာ ရှိမည်မထင်။ ဘာကြောင့် ခုလို အရှက်ကွဲအောင် လုပ်ရတာတုံး။

စဉ်းစားတယ်။

အမျိုးမျိုး စဉ်းစားတယ်။

အလို ...ဟိုတစ်နှစ်က ( .........)ရွာမှာ တပည့်ဒကာမ မိဆယ် နေမကောင်းလို့ ဗိဗိ သွတင်းသွားမေးရင်း တတ်သမျှ ဂါထာမန္တန်နဲ့ ဆေးကုသလို့ လုပ်ခဲ့တယ်။

ဒီတုန်းက ဒကာမမိဆယ်ရဲ့ လက်မထဲကနေ အစ်ချည်အမည်းကြီးတွေ ထွက်ခဲ့တာ အားလုံးအမြင်။

ဒါ ....ပယောဂ အတိုက်။

ဟုတ်ပြီ။ သတိရပြီ။

အဲဒီတုန်းက ဦးဖင်းနဲ့ ဒကာကြီးဦးကံတင်တို့ မိဆယ်တို့ရွာကို သွားခဲ့တာလေ။

ရွာထဲဝင်ကာနီးလမ်းမှာ ထပီမြလင်းတဖြစ်တဲ့ ပညာသည် ယောက်ျားကြီးကို ကြုံခဲ့ရပါရောလား။

ဒီတုန်းက ထဘီခြုံလူကြီးက ဦးဖင်းတို့ကို ပြန်တော့ ...ရှေ့ဆက်မသွားနဲ့လို့ တားခဲ့တာ။ လှည့်လည်း မပြန်ရော။

သူကိုင်ထားတဲ့ ထဘီကို ခေါင်းကနေ စွပ်ချလိုက်တာ ချက်ချင်းလင်းတဖြစ်လို့ လေဟာပြင်ပေါ် ပျံပြသွားတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား ... မဟုတ်မှလွဲရော ...

အဲဒီ ယောက်ျားရုပ်ဆိုး ထဘီခြုံကာဝေ ပညာသည်ကများ မကျေးနဲ့ ပဋ္ဌာန်းပွဲမှာ အရှက်ကွဲအောင် ပညာနဲ့ ပြုစားလိုက်ရော့လေလား။

ဦးဘရွှေက ပြောသွားတယ်လေ။ ပညာသည်လည်း အတော်ခံထိုက်ရလို့ ရွာကျောင်းဆရာတော်ကို လာရောက်ဝန်ချ တောင်းပန်တာတဲ့။

ဦးဖင်းလေ အတွေးတွေလည်း ဆုံးရော ...

ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်ကြီးနဲ့ ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အကြိမ်ကြိမ် ဦးချကန်တော့လိုက်တယ် ဒကာကြီး ဦးညိုမှိုင်းရေ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တစ်နေ့ စာရေးဆရာ တိုင်းရင်းဆေးနှင့် ပယောဂကုဆရာ ဦးမင်းကြည်လှိုင်ကို တွေ့ချင်လို့ လိုက်ရှာရာ . . .

ထီးပြင်တဲ့ နှမငယ်တစ်ဦးက ကိုမင်းကြည်လှိုင် ဗုဒ္ဓဘုရားကျောင်းတိုက်မှာရှိတယ်လို့ လမ်းညွှန်တယ်ခင်ဗျ။

ဒါနဲ့ မြို့ဟောင်း အရှေ့ရပ်ကွက်ရှိ ဗုဒ္ဓဘုရားကျောင်းတိုက်ကို ရောက်ခဲ့လိုက်ရော ကိုမင်းကြည်လှိုင်ကို ဗုဒ္ဓဘုရားဆရာတော် ဦးဝေပုလ္လနှင့်အတူ တွေ့ရပါရောခင်ဗျ။

"လာဟေ့ . . . ညီမှိုင်းရေ၊ ခုပဲ ငါတို့မင်းအကြောင်း ဆရာတော်နဲ့ ပြောနေတာကွ။ မင်းရောက်လာတော့ ဟန်ကျတာပေါ့ကွာ။ ရော့ . . . ဆေးပြင်းလိပ်ပဲရှိတယ်။ သောက် . . . သူငယ်ချင်း"

ဆရာမင်းကြည်လှိုင်က ကျွန်တော့်ကို ရွှေပုဇွန်ဆေးပြင်းလိပ်တစ်လိပ်နဲ့ မီးခြစ်လှမ်းပေးတယ်။

"ငါ့အကြောင်း ဘာတွေပြောနေတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရေးတဲ့ ဂန္ဓီရ ဖြစ်ရပ်ဆန်းကြယ်စာအုပ်တွေ မနည်းတော့တဲ့ အကြောင်းနဲ့၊ စာအုပ်တွေ အုပ်ရေ တစ်ရာကျော်နီးပါးကို ဘယ်လိုကြောင့် ရေးနိုင်တာလဲလို့ ဆရာတော်က ငါ့မေးနေတာကွ"

"ဟုတ်လား"

ဒီမှာ ဆရာတော် ဦးဝေပုလ္လက ....

"ဟုတ်တယ် ... ဒကာမှိုင်းရေ ဘုန်းကြီးတပည့် အတော်များများ ကလည်း ဆရာမှိုင်းရဲ့ စာဖတ်ပရိသတ်တွေ ... ဒကာကြီး။ ဘုန်းကြီးကို မေးကြတယ်။ စာရေးဆရာ မောင်ညိုမှိုင်း (သန်လျင်)ကို သိပါသလားဘုရားတဲ့။ သိတယ်။ ဆရာမောင်ညိုမှိုင်းရော၊ စာရေးဆရာ သန်လျင်မင်းကြည်လှိုင်ပါ တပည့်ရင်းတွေပါလို့ ပြောတော့ သူတို့က မေးကြတာ၊ ဂန္ဓီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုလုံးချင်းတွေ ဘာကြောင့် အများကြီး ရေးနိုင်ရတာလဲတဲ့။ မေးကြတာကိုး ဒကာကြီးရဲ့။ ဘုန်းကြီးကတော့ ဘယ်ဖြေနိုင်မှာလဲလေ။ အဲဒါ မင်းကြည်လှိုင်နဲ့ ပြောနေကြတာ၊ လုပ်ပါဦး ... တပည့်ဒကာတွေနဲ့ ပြန်တွေ့လို့မေးရင် ပြန်ဖြေနိုင်အောင် ... ပြောပါဦး ... ဒကာမှိုင်း"

ဆရာတော်မေးသည့် မေးခွန်းမျိုး ...

ဆရာတော် တပည့်တကာ စာဖတ်ပရိသတ်များ မေးကြတဲ့ မေးခွန်းမျိုးကို ကျွန်တော် စာဖတ်ပရိတ်သတ်တွေလည်း တယ်လီဖုန်းနှင့်တစ်မျိုး၊ စာနှင့်တစ်သွယ်၊ လူကိုယ်တိုင်လည်း မေးကြပါတယ်ခင်ဗျာ။

"အားလုံး ကိုယ်တွေ့တွေ ရေးတာလား"

"ကိုယ်တွေ့လည်း ပါပါတယ် ... ဘုရား။ မိဘ၊ ဘိုးဘွား၊ အသိမိတ်ဆွေများ၊ ဆရာသမားများ၊ ပညာရှင်များ ပြောပြတဲ့ သူတို့ကိုယ်တွေ့ ဂန္ဓီရဖြစ်ရပ်ဆန်းကြယ် အကြောင်းအရာတွေကို ပြန်ရေးတာလည်း ရှိပါတယ်ဘုရား"

"သူတို့ပြောတဲ့ ဇာတ်ရင်း အတိုင်းပဲလား"

"မဟုတ်ပါဘူး ဘုရား။ သူတို့ပြောပြတဲ့ ကိုယ်တွေ့ဇာတ်လမ်းကို တပည့်တော်က စာရေးတဲ့ အတတ်ပညာနဲ့ ဖြည့်စွက်မွမ်းမံ ရေးတာပါ ဘုရား"

"ဒီလိုလား"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်ကိုယ်တိုင်လည်း အဖေဆရာကြီး ဦးတင်မောင် (ရွှေရင်ကျော်)တို့၊ ဘတိုက်ပုံဦးရာကျော်တို့နဲ့ ခရီးအတူသွား။ ဆေးကုလိုက်ပါသွားရင်း တကယ်ကြုံခဲ့ရတဲ့ အကြောင်းတွေလည်း ပါတာပေါ့ ဘုရား"

"ဒကာကြီးကို မေးစရာရှိတယ်"

"မေးပါဘုရား"

"ဒကာကြီးရဲ့ ဝတ္ထုတွေထဲက ဇာတ်လိုက်ကြီး ဘတိုက်ပုံဦးရာကျော်ဆိုတာ တကယ်ရှိသလား"

"ရှိခဲ့ပါတယ် ဘုရား"

"ဒါဆို ဦးရာကျော်က ဘယ်သူတဲ့"

"ဒါတော့ မပြောပြပါရစေနဲ့ ဘုရား"

"ခုရော ရှိသေးလား"

"မပြောပါရစေနဲ့ ဘုရား"

"ဘာဖြစ်လို့ မပြောပါရစေနဲ့တဲ့"

"အဲဒီဦးရာကျော်က ပြောထားလို့ပါ ဘုရား။ ငါ ဘယ်နေရာမှာရှိတယ်ဆိုတာ မပြောပါနဲ့ကွာတဲ့။ ငါ အေးအေးဆေးဆေး နေပါရစေတဲ့ ဘုရား"

"ဦးရာကျော်ကလည်း တကယ့်လူထူးပဲနော်"

"မှန်ပါ ... ဘုရား"

"ဘတိုက်ပုံ ဦးရာကျော်အကြောင်း ဗီဒီယိုဇာတ်ကားရိုက်ထားတာ တပည့်တွေ ကြည့်ရတယ် ပြောတယ်"

"မှန်ပါ ... မင်းသားကြီးကျော်ရဲအောင်နဲ့ပါ ဘုရား"

"တကာကြီးရော ကြိုက်ရဲ့လား"

"ဦးကျော်ရဲအောင်သဏ္ဌာန်တူ၊ သရုပ်ဆောင်တာပါဘုရား။ တကယ့် ဝတ္ထုဇာတ်အိမ်ထဲက ဘတိုက်ပုံဦးရာကျော် အစစ်မှီအောင်တော့ ဘယ်သရုပ်ဆောင်နိုင်ပါမတုံး ဘုရား"

"ဒါလည်း ဟုတ်တာပေါ့"

"ဘတိုက်ပုံဦးရာကျော်ကရော ... ဘာပြောတုံး"

"ပြောတယ် ... ဘုရား။ ဟေ့ကောင် ... ညိုမှိုင်း။ လူသွန်မသားတဲ့။ မင်း လက်ကမြင်းကြောထပြီး ရေးနေလို့ ငါလည်း နေစရာမရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လုပ်စားတာလည်း ကြည့်လုပ်စားတဲ့။ မင်း ရေးချင်သလိုရေးနေလို့ ငါ့ကို ဘိုးတော်၊ ပျောက်စေဆေးရာမှတ်ပြီး ငါ့တွေ့ရင် ဟိုဟာတောင်း။ ဒီဟာတောင်း လုပ်နေကြပြီတဲ့။ နောက်တစ်ခါ ငါ့အကြောင်းတွေရေးနေရင် မင်းလက်ချိုးနှစ်ဖက်ကို ရိုက်ချိုးပစ်မယ်တဲ့"

"ဟုတ်လား ... ဒါဆို သူ့အကြောင်း မရေးတော့ဘူးပေါ့"

"ရေးတာပေါ့ ... ဘုရား"

"ဟော ... မရေးနဲ့ ပြောတဲ့ကြားက ဘာလို့ရေးတုံး"

"သူ့အကြောင်းရေးရင် ပိုက်ဆံရတာကို ဘုရား"

"ဟား ... ဟား ... ဟား .. ဟား ... ဒကာမှိုင်းတို့ကတော့ မလွယ်ဘူးနော်။ မရေးနဲ့ပြောတဲ့ကြားက ကိုယ်က မနာခံဘဲရေးတော့ ဘတိုက်ပုံက ဒေါ်မပွဘူးလား"

"ဒေါ်ပွယုံဘယ်ကမလဲ ဘုရား။ အိမ်ကိုရောက်လာတော့ ဝါးရင်းတုတ်နဲ့ ရောက်လာတာ ဘုရား"

"ဒကာမှိုင်းကို ဆော်ရောလားဟေ့"

"မဆော်ဘူးဘုရား။ မဆော်တဲ့အပြင် ရှိုရှိုသေသေ တောင်းပန်သွားသေးဘုရား"

"ဟော ... ဦးရာကျော်က"

"မှန်ပါ ဘုရား"

"ဒကာမှိုင်းကို ဘယ်လိုတောင်းပန်တုံးဗျာ"

"ဟော့ကောင် ... ခွေးတိရစ္ဆာန်ကောင် ညိုမှိုင်း၊ အကြံအဖန်ကောင်ညိုမှိုင်း။ ပြောမရဆိုမရ မျိုးမစစ်ကောင်၊ မရေးနဲ့ ပြောလည်းရေးတယ်။ မင်းရေးချင်လည်း ... ကြည့်ရေး။ တစ်ခုတော့ ကြိုပြောထားမယ်။ ငါ ငယ်ငယ်က ဘယာကြော်ခိုးစားတယ်လို့၊ မိန်းမနောက်ပိုးသန်တယ်တို့ တော့ မဟုတ်မဟတ် လုပ်ကြံမရေးနဲ့ ကြားလားတဲ့။ မင်း ငါ့အကြောင်း သိပါတယ်နော်ဆိုပြီး ပြည်တောင်းလောက်ကြီးတဲ့ သူ့လက်သီးကြီးကို တပည့်တော်နှာခေါင်းရှေ့ တေ့ပြတယ် ဘုရား။ တပည့်တော်ကလည်း 'အင်း ... အင်းပါ'လို့ပြောရတာပေါ့ ဘုရား။ သူ့လက်သီးတစ်ချက်စာမိရင် ပါးစပ်ထဲ ရှိနေတဲ့ သွား (၃၂) ချောင်း ဟိုး အရှေ့ပေါင်းလောင်းမြစ်ထဲ လွင့်သွားမှာ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တတ်သားပဲ မရေးတော့ဘူးပေါ့"

"ဘယ်ရလိမ့်မလဲ ... ဘုရား၊ ရေးတာပေါ့"

"ဟား ... ဟား ... ဟား ... ဟား ..."

"ညိုမှိုင်းဆိုတဲ့ကောင်က ပထမံဘိုးဘိုးအောင်တို့၊ အဘအောင်မင်းခေါင်တို့နဲ့ မတွေ့လို့သာဘုရား၊ တွေ့များတွေ့ခဲ့ရင် အတော်ကို ဝွင်ချက်လုပ်စားမည့်ကောင် ဘုရား"

ဆရာမင်းကြည်လှိုင်ကလည်း ကျွန်တော် အပြောအဆုံးမှာ သို့တလို မှတ်ချက်ပြုလိုက်သေးသဗျ။

"အခု ဘယ်စာအုပ်မှာ ဘတိုက်ပုံကြီးရဲ့ ငယ်ကျိုးငယ်နာတွေဖော်ကောင်လုပ်ထားတုံး ... ဒကာမှိုင်း"

"နောက်ထွက်မည့် လုံးချင်းမှာ ရေးထားတယ် ဘုရား။ ဝတ္ထုစာအုပ်အမည်က 'နှစ်ဘဝစံဦးရာကျော်နဲ့ တောကြီးမြွေဟောက်' ဝတ္ထုမှာပါဘုရား"

"ကျုပ်ဒကာတွေတော့ ပြောပြဦးမှပဲဟေ့"

သည့်နောက် ဆရာတော်ဦးဝေပုလ္လနဲ့၊ ဆရာမင်းကြည်လှိုင်တို့က သူတို့ ပျို့ရွယ်စဉ်ဘဝက ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေကို တစ်လှည့် ပြောပြကြတယ်ခင်ဗျ။

သူတို့ပြောပြတဲ့ ဖြစ်ရပ်မှန် ကိုယ်တွေ့ဇာတ်လမ်းတွေထဲက အရှင်ဦးဝေပုလ္လ ပြောပြတဲ့ ယောက်ျားကဝေ အကြောင်းကိုတော့ ကျွန်တော်ဝတ္ထုတိုအဖြစ် ရေးသားပြီးပါပြီ။

အခု ရေးသားဖော်ပြမှာက ...

စာရေးဆရာ ဦးမင်းကြည်လှိုင်ပြောပြတဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဖြစ်ရပ်အကြောင်းပါပဲခင်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

'ယောက်ျားကဝေ' ဆိုတဲ့ ဝတ္ထုတိုထဲမှာ ဆရာမင်းကြည်လှိုင်အကြောင်း အနည်းငယ် မိတ်ဆက်ရေးခဲ့ပါတယ်။

ဆရာမင်းကြည်လှိုင်နဲ့ ကျွန်တော်က အလွန်ချစ်ခင်ကြတဲ့ သူငယ်ချင်းတွေပါ။

ပြောမနာ၊ ဆိုမနာတွေပေါ့။

သူက စာရေးတယ်။ အယ်ဒီတာ။

ပြဇာတ်မင်းသား၊ ဇာတ်စာရေးဆရာ၊ ဒါရိုက်တာ။

ပြီးတော့ . . . တိုင်းရင်းဆေးဆရာ။

ပယောဂလည်း ကုတဲ့ဆရာ။

လက်ရှိမှာတော့ စာရေးရင်း ဆေးကုတယ်။

ရှင်ဥပဂုတ္တ ရဟန္တာအရှင်သူမြတ်ကြီးအကြောင်း စာအုပ်ကို စုံစေ့စေ့ လေ့လေ့လာလာ ရေးသားခဲ့တာ အံ့ခမန်းလီလီပါပဲဗျာ။

ရှင်ဥပဂုတ္တရဟန္တာ ပရိတ်တော်ကြီး တကယ် ရှိမရှိ ကျွန်တော် မငြင်းလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းကြည်လှိုင်ရေးတဲ့ အဏ္ဏုပ္ပတ္တိစာအုပ်ကိုဖတ်လျှင် ရှင်းသွားပါလိမ့်မည်။

အမြို့မြို့ အနယ်နယ်မှာလည်း ပွင့်လင်းရာသီရောက်လျှင် ရှင်ဥပဂုတ္တအရှင်သူမြတ်ကြီး ဖောင်မျှောပွဲ၊ ပူဇော်ပွဲတွေ ကုသိုလ်ယူပြုလုပ်နေတာ အများအသိပါပဲ။

ဘုရားကျောင်းကန်တွေမှာလည်း ကိုယ်တော် အရှင်မြတ်ကြီးရဲ့ ရုပ်တုကို ကြေးပြသာဒ်၊ ရွှေပြသာဒ်များဖြင့် တန်ဆာဆင် နေရာပေးထားတာလည်း မျက်မြင်ပါပဲ။

ဆရာမင်းကြည်လှိုင်က နှစ်စဉ် ရှင်ဥပဂုတ္တဖောင်မျှောပွဲကို ဦးစီးခဲ့တာ အကြိမ်မနည်းခဲ့ပါဘူးခင်ဗျာ။

ဒီ အဏ္ဏုပတ္တိကို ရုပ်ရှင်ဇာတ်ကားကြီး ရိုက်မယ်ဆိုပြီး နိုင်ငံကျော် ရုပ်ရှင်မင်းသမီးကြီး အကာယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေက ဝယ်ယူထားပါတယ်။

အခု ဆရာမင်းကြည်လှိုင်ပြောပြတဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းကလည်း အံ့သြစရာပါပဲဗျာ။

ဒီလိုကွ ညီမှိုင်းရ . . .

မူလက ငါက စာရေးဆရာ မောင်ယဉ်ကျော်ရဲ့ သစ်ဆန်းစာစောင်မှာ အယ်ဒီတာကွ။

အယ်ဒီတာ မဖြစ်ခင်မှာ အစိုးရဌာနတစ်ခုမှာ လခစားဝန်ထမ်းလုပ်ခဲ့သေးတယ်။

စာရေးဆရာဖြစ်ချင်လွန်းလို့ ဝန်ထမ်းအလုပ်ကထွက်ပြီး စာရေးတာ၊ ရေးရင်း မောင်ယဉ်ကျော်တို့ စာစောင်တိုက်မှာ အယ်ဒီတာဖြစ်သွားတာ။

အခု ကိုယဉ်ကျော် သက်ရှိထင်ရှား ရှိသေးတယ်။

မယုံမေးကြည့်။

ငါ့မှာ နဂိုက ဇာတ်ပိုးရှိတယ်ကွ။

ဇာတ်ပိုးကြောင့် ငါ နောက်ဆုံး စာပေလောကကို ကျောခိုင်းပြီး ဇာတ်ထဲလိုက်ခဲ့လိုက်တယ်။

စာရေးဆရာ နာမည်အခံကလည်းရှိ ငါကလည်း ဝေး ကွန့်ဇွန့်ညွှန့်ညွှန့်တွေ လက်တန်းရွတ်နိုင်တော့ အငြိမ့်နဲ့ဇာတ်မှာ စာရေးဆရာ၊

www.burmeseclassic.com



ပြဇာတ်မင်းသား။ ဒါရိုက်တာ၊ သန်လျင်မင်းကြည်လှိုင်ဆိုပြီး နာမည်ရလာတယ်။

မိုးအငြိမ့်။

ဆောင်းအငြိမ့်။

ခင်မာချိုအငြိမ့်။

တေးသံရှင် ခင်မိုးသူအငြိမ့်။

ဆန်းညွန့်စီအငြိမ့်။

ကျိုးဖြူ (ဟာသရွှေဆောင်) ပဒေသာဇာတ်။

ပြည့်လက်ရှန်းဇာတ် စတဲ့ အငြိမ့်ဇာတ်တွေနဲ့ ငါ လိုက်ကခဲ့တာ။ မြန်မာပြည်အနှံ့ပဲကွ။

အဲ့ဒီလိုစရာတော့ ကောင်းသားကွာ။ ငါတို့ဇာတ် တစ်ရာသီကုန်လို့ နောက်ဇာတ်အတွက် အပေးအယူ အခေါ်စာချုပ်တွေ ချုပ်နေချိန်ကွ။

ပြည့်လက်ရှန်းဇာတ်နဲ့ စာချုပ်ချုပ်မလို့ လုပ်နေတုန်း ဇာတ်သမားတွေ ယုံကြည်အားကိုးတဲ့ ပုဂ္ဂိုလ် (ဘိုးတော်)တစ်ဦး ဇာတ်ပိုင်ရှင်အိမ် ရောက်လာတယ်။

ဇာတ်ပိုင်ရှင်က ဘိုးတော်ကို ပြောတယ်ကွ။

"အဘ ... ကိုမင်းကြည်လှိုင်နဲ့ နောက်တစ်ရာသီ စာချုပ်ချုပ်မလို့၊ ကြည့်ပေးပါဦး"

ဇာတ်ပိုင်ရှင်က ဒီလိုပြောရော ဘိုးတော်လိုလို၊ ယောဂီဝတ်ပုဂ္ဂိုလ်က ငါ့မျက်နှာတစ်ချက် စိုက်ကြည့်ပြီး ...

"ဇာတ်ကရင်းကနေ သူ ထွက်သွားလိမ့်မယ်"

"ဟင် ..."

"ဗျာ ..."

"ဒီကောင် ရှေ့လျှောက် ပြဇာတ်မင်းသား မဖြစ်တော့ဘူး။ သင်းဆေးဆရာလုပ်စားမှာ"

ဘိုးတော်ယောဂီဝတ်ရဲ့ ပြောစကားကြောင့် ငါလည်း ကျောထဲစိမ့်ခနဲ ဖြစ်သွားခဲ့တယ်ကွ။

သူ ဘာပဲပြောပြော ဇာတ်ပိုင်ရှင်ကလည်း ငါ့ကို အားကိုးတော့ တစ်ရာသီပွဲကဖို့ စာချုပ် ချုပ်ခဲ့လိုက်တယ်။



www.burmeseclassic.com

တို့ဇာတ်ကလည်း ပွဲခွင်တွေ စိပ်နေတာပဲဟေ့။

ဖြစ်ချင်တော့ ငါနဲ့ သဟာဇာတမဖြစ်တဲ့ ကိစ္စတွေ ဇာတ်ထဲမှာဖြစ်လာပြီး ငါလည်း စပေါ်ပြန်အမ်းလို့ ဇာတ်ထဲက ထွက်ခဲ့လိုက်ရောကွာ။

ပြန်စဉ်းစားရင် ယောဂီဘိုးတော် ပြောတဲ့စကားက ကွက်တိသွားဖြစ်နေရော။ ငါ သန်လျင်ကို ပြန်ခဲ့တယ်။

သည့်နောက် ငါ့အဖေ တိုင်းရင်းဆေးဆရာကြီး မန္တလေးဦးလှနိုင်ရှိရာ ကျောက်တန်း ပန်းတောကိုသွားခဲ့ပြီး အဖေ ဆေးကုရာလိုက်ရင်းက....

အဖေက ငါ့ကို တိုင်းရင်းဆေးပညာ။

နက္ခတ်ဗေဒင်ပညာ။

ပယောဂ စစ်ဆေးတဲ့ပညာ။

ပယောဂ ကုနည်းပညာ။

အင်းနဲ့ ပတ်သက်တဲ့ ပညာတွေ သင်ပေးရောကွ။ ငါလည်း စိတ်ဝင်စားပြီး လေ့လာသင်ယူခဲ့လိုက်တာ။ အဖေ့ပညာတွေ ငါ ရရောဟေ့။ အဖေနဲ့တွဲပြီး လက်တွေ့ ဆေးကုပညာတွေနဲ့ အတွေ့အကြုံ ရင့်သန်လာပြီး...

ငါ ... ဆေးဆရာဖြစ်လာခဲ့တယ်။

ငါ ဆေးဆရာဘဝမှာ နာမည်ရနေတုန်း ... ခင်မိုးသူအငြိမ့်ကလည်း လာခေါ်ပြန်ရောကွ။

ပန်တျာတင်တင်မြင့် အဖွဲ့ကလည်း ငါ့ကို လာခေါ်ပြန်ရော။

မင်းသားလှငယ် ကြည်နိုင်ကလည်း စဉ်းစားလုပ်ဖို့ အကြံပေးသွားကွ။

လူရွှင်တော်၊ ပြဇာတ်မင်းသား။ အာကာတို့၊ မင်းသမီး (ဘဲလေး [illegible]တို့က ငါ့ညီတပည့် နှမလေးတွေလို့ ပြောရင်ရတယ်။ သူတို့ သန်လျင်မှာ ဆန်းညွှန့်စီအငြိမ့်နဲ့ ပွဲလာကရင် ငါ့အိမ်မှာ တည်းတာများတယ်။

သူတို့ကလည်း အစ်ကို ပွဲပြန်ကပါတဲ့။

ငါ မကတော့ပါဘူးကွာ။

လက်ရှိ ဆေးဆရာအဖြစ်နဲ့ ငါ နာမည်ရနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးကုတာလည်း ဝင်ငွေရနေပြီ။

ဒီအချိန်မှာ ငါ ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ရဲ့ ပင်လယ်ထဲ မျောနေတဲ့ ဖောင်ကိုဆယ်၊

ရွာထဲ၊ ရပ်ထဲ၊ မြို့ထဲမှာ နှစ်စဉ် ပွဲခံပူဇော်တယ်။

ဒီမှာ ငါ ရှင်ဥပဂုတ္တအင်းစမကြီးကို ရခဲ့တာပဲပေါ့။ ဒီ အင်းစမ စွမ်းပုံတော့ ဟောဒီ ဦးဖင်းဝေပုလ္လကိုသာ မေးကြည့်။

ငါ နှစ်စဉ် ရှင်ဥပဂုတ္တရဟန္တာပူဇော်ပွဲနဲ့ ဖောင်တော်မျှောပွဲကို ဟိုး အရှေ့ပင်လယ်အရပ်မှာရော ...

ရန်ကုန်မြစ်သုံးဆိုင် ပင်လယ်ဝမှာရော၊ အကြိမ်များစွာ မျှောခဲ့ ပူဇော်ခဲ့တယ်။

အကျိုးပေးချင်တော့ ရှင်ဥပဂုတ္တရဟန္တာအရှင်သူမြတ်ကြီး အစွယ်ပွား ကို လုံးချင်းရေးခဲ့တာ အောင်မြင်ပါရောကွာ။ ခုဆို ငါးကြိမ်တိတိ ပြန်ရိုက် ရပြီးပြီ။

ထူးဆန်းတဲ့ အံ့ဖွယ်အဖြစ်ကို ငါ ကြုံရပါရောကွ။

ငါ ဆေးဆရာဘဝနဲ့ ဟိုး အရှေ့ပင်လယ်က ရွာအတော်များများ ကို ရောက်ခဲ့ဖူးတယ်။

အဲဒီ ဒေသမှာ ရွာပေါင်း (၆၄)ရွာ ရှိတယ်။

မုတ္တမကွေ့ ဒီဘက်ကမ်းအရပ်ပေါ့။

ဇိုးဝရွာ၊ ပန်းတော၊ မုဆိုးဆိပ်၊ မြကိုင်း၊ ကင်ပွန်းချုံရွာတွေ ထိ ရောက်ဖူးတယ်။

တစ်နေ့ ... ငါ့ကို ပင်လယ်ရွာတစ်ရွာက လာပင့်တယ်။ ပင့်တဲ့ လူတွေလည်း ငါသိတယ်။ ဒီနေ့တော့ မအားဘူး။ သန်ဘက်ခါ လာခဲ့မယ် ပြောပြီး ရောဂါအနေအထားမေးလို့ သောက်ဆေးနှစ်ရက်စာ ပေးလိုက် တယ်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## [၃]

❑

လိုအပ်တဲ့ ဘယသေးဆိုလို့ သိမ်ကြီးဈေး ကုန်ရျေးတန်း၊ ဘယ
ဈေးတန်းဘက် ဆေးပစ္စည်းဝယ်ပြီး အပြန် ...

"ကိုကြည်လှိုင် ..."

လူတစ်ယောက် ငါ့ကို ဘေးစောင်းကနေ လှမ်းခေါ်လို့ လှည့်ကြည့်
ရာ ...

"ဟင် ... မင်း ... မင်း ... တင်မောင်လွှန်မဟုတ်လား"

"ဟုတ်တယ် ... အစ်ကို။ ကျွန်တော် တင်မောင်လွှန်ပါ။ အစ်ကို
နဲ့ တူတယ်ဆိုပြီး လှမ်းအသံပြုတာ အစ်ကို"

"မင်း ထောင်ကျသွားတယ်ဆို"

"ဟုတ်တယ် အစ်ကို။ ထောင်ကလွတ်လာတာ ရက်ပိုင်းပဲ ရှိသေး
သယ်"

တင်မောင်လွှန်ကွာ ...

ဒီကောင်က ပန်းချီဘလောက်လုပ်တဲ့လူကွ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာဘက်ခေတ်မှာတုန်းက ခုခေတ်လို ပုံနှိပ်နည်းပညာ မတိုး တက်သေးဘူးကွ။

ငါတို့ စာစောင်က သရုပ်ဖော်ပုံတွေကို သူ့အပ်ရတယ်။ တင်မောင် လွှန်က ရန်ကုန်စာပေလောကမှာ အားကိုးအားထားရတဲ့ ပန်းချီဘလောက် ကျွမ်းကျင်ပဲ။

ဝင်ငွေလည်းကောင်း။ လုပ်ငန်းလည်းကောင်းနေချိန်မှ အရက်ပိုင်း မှာ စကားများရန်ဖြစ်တယ်။

ဒီမှာ သူက တစ်ဖက်လူကို ဓားနဲ့ထိုးလိုက်တာ သေရောဟေ့။ ဒီလူသတ်မင်နဲ့ သူ ထောင် (၇)နှစ်လား မသိဘူး။ ကျသွားတယ်။

သူ့ကြည့်ရတာ ချို့ငဲ့လို့တူရဲ့။

ပိန်ကျုံပြီး နွမ်းနယ်နေတယ်။ နောင်သိရတာက ရဲဘက်စခန်းမှာ အလုပ်ဒဏ်ပိ၊ ငှက်ဖျားလည်း သင့်ခဲ့လို့ လူရုပ် ချောင်ကျသွားရတာတဲ့။

"မင်း အခု ဘယ်မှာနေလဲ ... တင်မောင်လွှန်"

"ဟိုအိမ်ကပ်စား။ ဒီအသိအိမ်ကပ်စားပါပဲ အစ်ကိုရာ။ အတည် တကျတော့ မရှိပါဘူးဗျာ။ အလုပ်လေးဘာလေးသင့်ရင် ကူညီပါဦးဗျာ။ အစ်ကိုက ဇာတ်ထဲမှာ မင်းသား။ ဒါရိုက်တာဆို။ လုပ်ပါ အစ်ကိုရာ။ ကား ဆွဲပဲရရ၊ ထမင်းချက်ပဲရရ၊ လုပ်ပါရစေဗျာ"

ငါ သူ့ကို အရမ်းသနားသွားတယ်။

တစ်ချိန်တစ်ခါတုန်းက ရန်ကုန်စာပေလောကမှာ အတူလက်တွဲလုပ် ခဲ့တဲ့ မိတ်ဆွေလေကွာ။

ဒီကောင် တင်မောင်လွှန်က စာလည်း အရမ်းဖတ်တယ်။ ဖတ်ရင် လည်း ဆရာဇန်မော်တင်အောင်တို့ ဆရာ မြသန်းတင့်တို့၊ ဆရာကြီး သခင် မြသန်းတို့တွေ ဖတ်တာများတယ်။

လက်ဝဲစာပေလည်း နှစ်နှစ်ခြိုက်ခြိုက်ဖတ်ပြီး ရုပ်ဝါဒသမားလိုလို ကွန်မြူနစ်လိုလို ဖြစ်ခဲ့သေးတယ်။

ခုတော့ ... သူနေစရာမရှိ။

စားရတာ နပ်မမှန်။

"တင်မောင်လွှန် ... ငါ ဇာတ်မကတော့ဘူးကွ"

"ဟင် ... ဒါဆို အခု အစ်ကို ဘာလုပ်တုံးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးဆရာလုပ်ပြီး ဆေးကုတယ်"

"ဆေးဆရာ"

"အေး ..."

"ဓာတ်လည်း မကဘူး။ စာရေးဆရာလည်း မလုပ်တော့ဘူး ပေါ့"

"ဟုတ်တယ်"

"အံ့ရော ... အစ်ကိုရာ။ နာမည်ကျော် ပြဇာတ်မင်းသား။ စာရေးဆရာ ဒါရိုက်တာကြီးက ဗိန္ဒောဆေးဆရာ လုပ်နေတယ်လို့ဗျာ။ အဆင်ရော ပြေရဲ့လား ... အစ်ကိုရာ"

"ပြေပါတယ် ... မင်း သွားစရာမရှိရင် ငါ ဆေးကုတဲ့ ရွာလိုက်ခဲ့ပါလား"

"တပည့်လုပ်ရမှာလားဟင်"

"ဒါပေါ့ ... ငါ့တပည့်အနေနဲ့ လိုက်ခဲ့ပေါ့ကွာ။ စားရေးသောက်ရေး နေရေး မပူနဲ့ကွ။ အပြောအဆို၊ အနေအထိုင်တတ်ရင် မင်းမိန်းမပါ ရစေ ရမယ်"

"တကယ်"

"တကယ်ပြောတာပေါ့ကွာ ... မင်း၊ စာရေးဆရာ မောင်ညိုမှိုင်း သန်လျင် မြင်ဖူးလား"

"ကဗျာလည်းရေး၊ ပြဇာတ်လည်း က,တဲ့ ဆရာလား"

"ဟုတ်တာပေါ့ကွာ ... အဲဒီ ညိုမှိုင်းဆိုတဲ့ကောင် သူ့မိဘက အိမ်ပေါ်က နှင်ချလိုက်တော့ စားစရာမရှိ နေစရာမရှိ ဖြစ်နေလို့ ငါခေါ်တင်ကျွေး ထားတာပေါ့ကွ။ ဒီတုန်းက ငါက ဇာတ်ထဲမှာ အရေးပါ အရာရောက်နေတော့ ဒီကောင်ညိုမှိုင်းကို ထမင်းငတ်မသေရအောင် ဇာတ်ထဲခေါ်သွားတယ်။ သင်းက ဇာတ်ထဲမှာ ပြဇာတ်မင်းသား အရမ်းလုပ်ချင်တာကွ။ လူငယ် ကြည်နိုင် တို့၊ ကိုတင်ဌေးတို့၊ ဘီအီးဒီ အောင်သိုက်တို့၊ မြို့တော်သိန်းအောင်တို့ ကြည့်ပြီး ပြဇာတ်မင်းသားရောဂါ ထနေတာကွ။

ညိုမှိုင်းဆိုတဲ့ကောင်က အသားဖြူတာကလွဲရင် ရုပ်က နှစ်ပြား ထောင်ဘူး။ သွားကခေါပြီး မျက်လုံးကမှေးတယ်။ နှာရွက်က ကားသမှ ကြွက်

www.burmeseclassic.com



နွားရှက်လို့ ကားတာ။ အရပ်က လေးပေမပြည့်ဘူး။ ဒါကြောင့် ကားဆွဲ ပညာသင်အဖြစ် ငါ အလုပ်ပေးလိုက်တယ်။ ဒီကောင် ညိုမှိုင်းက စကား ပြောတော့ ကောင်းတယ်ကွ။ ရှေးကမျာနံ့သောတို့ ဓာတ်ငိုချင်းတို့လည်း နံ့သံ ထားနဲ့ ရွတ်တတ်သလို၊ မြောက်ပင့်ရွှေတဲ့ နေရာမှာလည်း ငါတောင် ခံလိုက် ရဖူးတယ်။ လသားရလာတော့ လူကြမ်းနောက်လိုက်နေရာတို့၊ ရွာထဲ သူပုန် ဝင်လို့ အထုပ်ဆွဲပြေးတဲ့ အခန်းတို့မှာ ပါဝင်နိုင်းတော့ တစ်ည ငါးကျပ်ရသကွ။ နောင်တော့ သူကြီးယောက်ဖအခန်းတို့၊ မုဆိုးမသား အရှုံးအပေါ်အခန်း တို့ပါ နေရာချပေးလိုက်တာ ဘယ်လောက်တော်လဲဆိုရင် ယိမ်းသမ အချော အလှပါ ခိုးပြေးရောကွ။ နောက်ပိုင်း ဒီကောင်ကို ငါ ဓာတ်ထဲ သိပ်မခေါ် ရဲတော့ဘူး"

"ဘာလို့ မခေါ်ရဲတာတုံး ... အစ်ကိုရ"

"ဓာတ်ထဲတစ်ခါလိုက်ရင် တစ်ခါ မိန်းမရလို့ကွ။ ခုပဲ ဒီကောင် မယားနှစ်ယောက် ပေါင်းနေတယ်။ ငါနဲ့တွေ့ရင် ဓာတ်အဖွဲ့ကောင်းကောင်း တွေ့ရင် ထည့်ပေးပါ။ ကားဆွဲပဲ လုပ်ရလုပ်ရ၊ ထမင်းချက်ပဲ လုပ်ရလုပ်ရ တဲ့။ ဒီကောင် ဓာတ်ထဲမှာ အငြိမ့်ထဲမှာရှိရင် မင်းသမီး လျော့မှာစိုးလို့ မထည့်ပေးတော့ဘူး။ အခု ဒီကောင် သန်လျင်ဈေးရှေ့မှာ ဝက်သားတုတ် ထိုးရောင်းနေတယ်။ မင်း ဓာတ်ထဲ မလိုက်နဲ့ကွာ။ ငါနဲ့လိုက်ခဲ့"

"စားပြီးသောက်ပြီး စားရိတ်ငြိမ်းနော် ... အစ်ကို"

"နေ့တွက်ပါ ငါ ပေးမှာပါကွ"

"ဟို ... ဟို ... မိန်းမ ... မ ... လည်း ... ရ ... ရမယ် .. နော်"

"မင်းနဲ့ညိုမှိုင်းသာ တွဲထားရင် ငါ့အိမ် နေ့ကလေးထိန်း ဖွင့်ရမှာ အသေအချာပဲဟေ့"

သူက အားရပါးရ ရယ်တယ်။ အစ်ကိုနဲ့ တွေ့တာ၊ သိကြားမင်းနဲ့ တွေ့ရသလိုပဲတဲ့။ ပျော်ပြီး ဝမ်းသာလို့ကွ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

ဒီလို ငါတို့ မှော်ဝန်းချောင်းကို ပွဲတောင်နဲ့ဖြတ်ပြီး ရွာတွေ တစ်ရွာ
တစ်ရွာ ဖြတ်ခဲ့ကြတယ်။

မြကိုင်းကျေးရွာပြီးနောက်၊ ဖိုးဝရွာရောက်။

ဖိုးဝကနေ ဟိုဘက်ကမ်းကိုကူးပြီးနောက် လာကြိုတဲ့ ရွာခံသိန်း
နဲ့ တွေ့ရတယ်။

ရွာခံသိန်းဆွေနဲ့အတူ ( ...... )ရွာကြီးကို လှည်းနဲ့ လာခဲ့လိုက်
တယ်ကွ။

လှည်းပေါ်ရောက်တော့ ငါ့လူတင်မောင်လွန်ကို ကြိုပြောထားရ
ယ်ဟေ့။

"တင်မောင်လွန် ..."

"ဗျာ ... အစ်ကို"

"ရွာတွေရောက်ရင် စကားအပြောအဆို ဆင်ခြင်ကွ။ နားလည်

"ဘာဖြစ်လို့လဲ ... အစ်ကိုရ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရွာတွေ နယ်တွေ ရောက်ဖူးလား။ ဘယ်နှစ်ရွာ ရောက်ဖူးလဲ ပြောစမ်း"

"မရောက်ဖူးပါဘူးဗျာ ... အခု အစ်ကိုနဲ့ လိုက်လို့သာ ရွာတွေ ရောက်ဖူးတာပါဗျာ"

"မှတ်ထားကွ ... အချို့ရွာတွေက စကားပြောမှားရင် ရှိုင်းရင် အနေအထိုင်မတတ်ရင် မကြိုက်ကြဘူး။ ဒီနယ်တွေ အကြောင်းကြားဖူးလား"

"ဘာဖြစ်လို့တုံး ... အစ်ကိုရ"

"မြကိုင်း ... ညမဆိုင်းဘူးတဲ့။ ဆိုင်းသာဆိုင်းလေ၊ မအိပ်လေနဲ့ အိပ်သာအိပ်လေ မပျော်စေနဲ့တဲ့ကွ"

"ဘယ်လို အဓိပ္ပာယ်တုံးဗျ"

"ဒီနယ်ဘက်မှာ ကင်းမွန်းချုံတို့၊ မြကိုင်းတို့က လက်ရဲဇက်ရဲတွေများတယ်။ သေရဲသတ်ရဲ၊ လူကြမ်းလူမိုက်တွေလည်း ရှိတယ်။ မြကိုင်းရွာဆိုတာ ပိုကြမ်းတယ်။ လူစိမ်းသူစိမ်းများ ရွာထဲလာလို့ သူတို့ ကြည့်မရရင် ညမဆိုင်းဘူး။ သတ်ရော။ ဘယ်လိုသတ်လဲ သိလား။ အိပ်နေတုန်း ကြမ်းကြား။ ထရံကြားကနေ ထိုး၊ ဓားတို့နဲ့ ထိုးသတ်ပစ်တာ။ လက်သည် မပေါ်ဘူး။ ဒါကြောင့် မှုမမှန်တဲ့လူဆိုရင် ဒီရွာတွေရောက်ရင် အကြာကြီး မဆိုင်းနဲ့။ မနေနဲ့တဲ့။ ညအိပ်ညနေ နေမယ်ဆိုရင်လည်း အိပ်တော့အိပ် သတိနဲ့အိပ်။ နားစွင့်အိပ်တဲ့။ နှစ်နှစ်ခြိုက်ခြိုက် မအိပ်နဲ့ စာဆိုရှိတယ် ကိုယ်နားမလည်တဲ့ အကြောင်းလည်း သွားမဖြီးနဲ့။ မပြောနဲ့။ ကူခြေရှုပ် ကြားလား"

"ကြောက်စရာပါလား ... အစ်ကိုရာ။ ကျွန်တော်တော့ လိုက်ခဲ့တာ မှားပြီနဲ့တူတယ်ဗျာ"

သူက ရယ်ရွှန်းလေးပြောပြီး လေတချွန်ချွန်နဲ့ လှည်းပေါ်ပါလာခဲ့ကြ၏။

(မှတ်ချက် ... ယခုအခါ ၎င်းအရပ်ဒေသများသည် ဖွံ့ဖြိုးတိုးတက်ပြီး နွေရာသီဆိုလျှင် ကားနှင့် ဆိုင်ကယ်များ ပြေးဆွဲနေပြီဖြစ်သည် ဘွဲ့ရပညာတတ်များ နှစ်စဉ် ထွက်ရှိပြီး ရန်ကုန်မြို့ကြီးနှင့်ပါ ကူးသန်းဆက်သွယ်သွားလာနိုင်ပြီ။ ဆန်၊ စပါး၊ ပဲ၊ သားငါးများ ထွက်ရှိရာဒေသ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကားလျက်ရှိကာ စီးပွားရေး လူမှုရေးနှင့်၊ နိုင်ငံရေးအသိမြင်များပါ တိုးတက် ဝေစည်ရှိပါသည်။)

(ဒီနေရာမှာ ဆရာမင်းကြည့်လိုင် ပြောသည့်စကားက အမှန်ဖြစ်တယ်ခင်ဗျာ။ ကျွန်တော် လမ်းစဉ်ပါတီခေတ်လည်မှာ ကျွန်တော့် အဘဆရာကြီး ဦးတင်မောင်နဲ့ ဟိုးအရှေ့ရွာ ကွင်းထဲကို အဘဆေးကုဖို့ အဖော်လိုက်ပါ သွားဖူးတယ်ဗျ။ တပည့်တစ်ဦးရဲ့အိမ်မှာ တည်းကြတယ်လေ။ အိမ်က ကွင်းထဲမှာ မြေပဲပင်တွေနှုတ်နေတဲ့ အချိန်။ ရွာနဲ့ကွင်းတဲက တစ်ခေါ်လောက် လှမ်းတယ်။ ညဘက်အိမ်သာသွားရင် မီးတုတ်၊ လက်နှိပ်ဓာတ်မီးထိုးသွားရတယ်။

မြွေပွေးပေါ်တဲ့ အရပ်ကိုး။

နေ့ခင်း ရွာထဲမှာ ဆေးကုပြီး ရွာပြင်ကွင်းထဲက တပည့်အိမ်မှာ ကျွန်တော်တို့ ဆရာတပည့် အိပ်ကြတယ်။

အနီးမှာလည်း တဲအိမ်ကြီး သုံးလေးတဲ ရှိကြတယ်။

ယောက်ျားသားတွေ မိန်းမသားတွေလည်း များတယ်ခင်ဗျ။ ညဘက်ရောက်တော့ ကျွန်တော် အိပ်ဖို့အတွက် ဘုရားစင်ရှေ့အောက် အိမ်ရှေ့ကြမ်းပြင်မှာ အိပ်ရာပြင်ကြတယ်။

ဦးစွာ ကြမ်းပြင်ပေါ်မှာ ဂုန်နီအိတ်တွေ နှစ်ထပ်သုံးထပ်ဗျာ။ ဖျာနှစ်ချပ်စာအောက်မှာ ခပ်ထူထူ ခင်းတယ်ဗျာ။

အိမ်က ထရံကာ၊ ပျဉ်ခင်း။

ဖျာကိုလည်း ခေါင်းရင်းထရံနဲ့ တစ်လံနီးပါး လျှောခင်းတာ။ ပြီးမှ ဂုန်နီအိတ်အထပ်ပေါ်မှာ ဖျာချောနှစ်ချပ်ခင်း။ ပြီး ဂွမ်းစောင်ထူထူတွေ ဖျာပေါ်မှာခင်းပြီး အိပ်ရာပြင်တာခင်ဗျာ။

ပြီးတော့ ခေါင်းဦးချ ခြင်ထောင် ထောင်ပေး။

အရပ်ကလည်း အေးတဲ့အရပ်မို့ ခုလို ထူထူထဲထဲ ခင်းတယ်မှတ်တာပေါ့။

ဘယ်ဟုတ်မှာလဲ မြို့ရောက်လို့ အဘဆရာကြီး မေးကြည့်ရော ချမ်းလို့အေးလို့ ဂုန်နီအိတ်ထူထူ ထပ်ပိုးခင်းပေးတာ မဟုတ်ဘူးတဲ့။

ဒီရွာဝန်းကျင်မှာ လူမိုက်လူရှုတ်တွေ ရှိသတဲ့ဗျာ။

မိန်းမပျိုရှိတဲ့အိမ်ကို သူစိမ်း လူပျိုလူကြီးလာလည် ညအိပ်ရင် အချို့ လူကြမ်းတွေက မကြိုက်ကြဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မကြိုက်တဲ့လူ ဖြစ်နေရင် ညဘက် အိပ်မောကျချိန်မှာ အိမ်အောက်ထဲဝင်ပြီး ဓားရှည်နဲ့ ကြမ်းကြားကနေ ထိုးပြေးတာတဲ့ဗျာ။

သေရင်လည်းသေ၊ မသေရင်လည်း ဒဏ်ရာရရောတဲ့။ အဲလိုမှ မဟုတ်ရင် အိပ်ခေါင်းရင်း ထရံကြားကနေ လှံရှည်နဲ့ အိပ်နေတဲ့ လူစိမ်းညွှသည်ရဲ့ ဦးခေါင်းကို ဆောင့်ထိုးတာတဲ့ဗျာ။

ကြောက်စရာကောင်းလိုက်တာ။

သူတို့ အရပ်မှာတော့ ဒီကိစ္စတွေက လက်ယဉ်နေပြီတဲ့။ အိမ်ရှင် အလိုက်သိရင်တော့ နေရထိုင်ရ သက်သာသတဲ့။

ရွာခံတွေကတော့ သူတို့ရွာတွေမှာ ဒီလို သူစိမ်းဧည့်သည် ညအိပ်လာတာ ကြည့်မရလို့ လှံနဲ့ဓားနဲ့ လူမမြင်အောင် ထိုးတဲ့ လူကြမ်းလူရှုတ်တွေကို သိတာပေါ့။ ရိပ်မိတာပေါ့။

ဒါကြောင့် မြို့က သူစိမ်းဧည့်သည် ဒီအိမ်မှာ ညအိပ်ညနေ တည်းမယ်သိထားရင် …

လက်စရှိတဲ့ လူမိုက်ရွာသားတွေကို အရက်တိုက်ပေး၊ ဟင်းစားဟင်းပေး၊ လက်ဆောင်လေးပေး၊ ပြီး ကြိုပြောပြထားရသတဲ့။

အဲဒီလိုလေး လုပ်ပေးရင် …

သူတို့က ညဘက် မကြံစည်တော့ဘူး။

သို့သော် လူစိမ်းတွေရောက်နေမှန်းသိရင် မိတ်ဖွဲ့အကဲခတ်သလို ဧည့်သည်ရှိတဲ့အိမ်ကို လာကြရောကြရောတဲ့။

သူတို့လာရော အကဲခတ်လို့ ဧည့်သည်က ဣန္ဒြေရနေရင် ကိစ္စမရှိဘူး။

ဣန္ဒြေမရဘူး။ အကောင်လိုလို၊ ရောင်လိုလို လုပ်နေတာမြင်ရင် အိမ်ရှင်ကိုခေါ်ပြီး ဧည့်သည်ကို မိုးလင်းရင် ပြန်နိုင်းလို့ ပြောရောတဲ့။

အိမ်ရှင်က သူတို့ပြောတဲ့အတိုင်း မလုပ်ရင် ညအိပ်ရင်ဖြစ်ရော။ ကြမ်းကြား၊ ထရံကြားကနေ လှံ၊ ဓားနဲ့ထိုးတာ။

အဲဒီလို ကျွန်တော်သိခဲ့ရတယ်။

အခုတော့ ခေတ်တွေလည်းပြောင်း။ အမူအကျင့်တွေလည်း ပြောင်းပြီး တာတတ်၊ ယဉ်ကျေးလာကြတော့ …

ဟိုး … လွှတ်လပ်ရေးခေတ်ဦး။



www.burmeseclassic.com

www.burmeseclassic.com



ပါတီခေတ်ဦးတုန်းကလို အကျင့်ဆိုး၊ ညစ်ဆိုး၊ ဓလေ့စရိုက်ဆိုးတွေ မရှိသလောက် ရှားသွားခဲ့ပါပြီဗျာ။

ဆရာကြည်လှိုင်က ဆက်ပြောတယ်ဗျ။

"မင်းကို ရှာဓလေ့ ရပ်ဓလေ့သိအောင် ကြိုပြောထားတာ။ ကိုယ်နားမလည်ရင် ဝင်ဆရာမလုပ်နဲ့။ ဟိုစပ်စပ်၊ ဒီစပ်စပ် ဝင်မပါနဲ့။ ကျယ်ကျယ်ရှာရှာလည်း မလုပ်နဲ့။ ကျွေးရင်စား၊ ပေးရင်ယူ၊ နေတတ်ရင် လောကကြီးက အသေမြတ်တယ် ... ခင်မောင်လွှန်ရ"

ဒီလိုနဲ့ နေမွန်းမတည့်မီ ငါတို့ သွားရမည့်အိမ်ကို ရောက်ရောက်၊ ငါ့ကို သိနေတော့ ဖျာဖျာသလဲ ဝမ်းပမ်းတသာ ကြိုကြို၊ နေရာပေးလိုက်ကြပေါ့ကွာ။

"ဆရာလှိုင် ... ရောက်လာပြီဟေ့"

"ဆရာလှိုင် ... ခေါင်းရင်းကိုကြွပါ ဆရာ"

"ညော်သည့်လည်း ပါတာကိုး"

"ဟုတ်တယ် ... သိန်းရွှေရ။ ငါ့လူပါကွာ။ ဗဟုသုတလေးရအောင် ခေါ်လာတာကွ"

"ဟဲ့ ... မိန်းကလေးတွေ စားစရာချပါဟဲ့"

"လာပြီ အဖေရေ ... လာပါပြီ"

အိမ်ရှင်သိန်းရွှေရဲ့ သမီးတွေကလည်း ရှာသူကွင်းသူ အချောအလှလေးတွေကွ။ ပြင်တတ်ဆင်တတ်တော့ ရိုးရိုးနဲ့ ကြည့်ကောင်းတော့ ငါ့ကောင် တင်မောင်လွှန် ပြုံးနေတာပဲ။

လူမမာက တောဖျာပေါ်မှာ ရင်ဘတ်စောင်တင်ပြီး မှိန်းနေတယ်။

"ဒါ ... လူမလားကွ ... သိန်းရွှေရ"

"ဟုတ်ပါတယ် ... ဆရာ။ ကျွန်တော့်နှမပါ ဆရာ"

"ဖြစ်တာ ဘယ်လောက်ကြာပြီတုံး"

"တစ်လနီးပါးရှိပြီ .... ဆရာ။ လမ်းလည်း သိပ်မလျှောက်ဘူး။ အစားလည်း ဟုတ်တိပတ်တိ မစားဘူး ဆရာ"

"ဆရာ ခေါ်မပြဘူးလား"

"ပြပါတယ် ... ဆရာ။ ဆရာ သုံးဦးရှိပြီခင်ဗျ။ ရောဂါက သိပ်မထူးခြားဘူး ... ဆရာလှိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ငါက လူမမာ အမျိုးသမီးရဲ့လက်ကို သွေးစမ်းတယ်။ သွေး ခုန်မြန်တယ်။ အဖျားလည်း ရှိနေတယ်။ ဝမ်းဗိုက်ကို လက်နှင့် ပုတ်ကြည့် နှိပ်ကြည့်တယ်။

ပြီး လူမမာရဲ့ ခြေကျင်းဝတ်က အကြောတစ်ခုကို နှိပ်လိုက် ရော ...

"အား ... နာ ... တယ်"

"အလို ... နာတယ်တဲ့တော်"

"အခုမှ မိသန်းနဲ့ အသံထွက်သတော်"

အိမ်ပေါ်မှာလည်း လူစုံနေသကွ။ အိမ်နီးနားချင်းတွေရော၊ ဆွေ မျိုးသားချင်းတွေရော ရောက်နေကြလို့။

ဒီမှာ အသက် (၅၀)ခန့် ပိန်ပိန်မ ဝဝကြီးက ...

"ဆရာ ..."

"ခင်ဗျာ ... အဒေါ် ပြောပါ"

"ကလေးမ ရှိုးရဲ့လားဆရာ"

"ဘာဖြစ်လို့တုံး ... အဒေါ်"

"မနေ့တုန်းက နတ်ကတော် ဒေါ်ဆိုင်းပြောသွားပုံကတော့ ကွင်း ပိုင်လုပ်တာလို့ ပြောလို့ပါတော်"

"ကွင်းပိုင်က ဘာလို့လုပ်တာတဲ့တုံး"

"ဒီကောင်မ ချစ်တီးချောင်းဖျားမှာ အမှားလုပ်လို့ ပြောတယ်"

"ပူးပြောတာလား"

"ဟုတ်တယ် ... ဆရာလေးရဲ့"

ဒီမှာ နောက်ထပ် ခပ်ပိန်ပိန်မည်းမည်း အဘွားကြီးကလည်း ပြော သဟော့ ...

"ဆရာလေး ..."

"ခင်ဗျာ ... အမေကြီး ... ပြောပါ ... ပြောပါ"

"မရှိုးတာ သေချာတယ်"

"ဟုတ်လား"

"မျက်လုံးပြူးကြည့်တယ်။ လူလစ်ရင် ခိုးကြောင်ခိုးဝှက် မျက်လုံး က ကြည့်တယ်။ တစ်ခါတစ်ခါ လက်တွေမြှောက်ပြီး လက်ယပ်ခေါ်တယ်။ ပညာသည်လုပ်တာ နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စုန်းလုပ်တယ်လို့ ပြောတာလား"

"ဒါပေါ့ . . . ဆရာလေးရဲ့။ စားချင်လို့လား။ မုန်းလို့လား။ တစ်ခုခု ကြောင့် လုပ်မှာပေါ့"

အင်း . . . လူမမာအိမ်ပေါ်မှာ ဆရာတွေ ရောက်နေကြသကိုးကွာ။ တော်ကတော်လူက ကွင်းပိုင်လုပ်တာတဲ့။

အဘွားကြီးက စုန်းပညာသည်မုန်းလို့ လုပ်တာနေမှာတဲ့။ ငါရော တင်မောင်လွန်ရော . . . . သူတို့ပြောသမျှကို စိုက်ကြည့်နားထောင်ပေါ့ကွာ။ သူတို့ ဝေဖန်သံကို ကြားပြီးမှ ရောဂါကုရင် ပိုလွယ်တာပေါ့။

"မနှစ်ကလည်း တစ်ယောက်ဖြစ်သွားပြီးပြီ"

"ဘာဖြစ်လို့လဲ ခင်ဗျ"

"အလှူပွဲရှင်လောင်းလှည့်က အပြန်မှာ မိန်းမချင်း စကားများ ကြတယ်။ ကျွန်မတို့ရွာက လှရင် အလှူပွဲက ချွေးသံရွှဲရွှဲနဲ့ ပြန်လာတယ်။ မောလို့ဆိုပြီး ရွာအဝင် ရေအိုးစင်က ရေတစ်ခွက်သောက်နေတုန်း မိုင်းခနဲ သဲကျသွားတာ ရွာဝတင် အသက်ပျောက်ရော။ စုန်းမလက်ချက်ပေါ့"

"ဘယ်စုန်းမတုံးဗျ"

"ဘယ်ကဖြစ်ရမလဲ . . . ဆရာလေးရယ်။ အလှူပွဲမှာ စကားများ ခဲ့တဲ့ စုန်းမနေမှာပေါ့"

"စုန်းမဆိုတာရော သေချာလို့လား"

"အဲ . . . အဲ . . . ဆရာလေးကလည်း အလှူပွဲက ပြန်လာတာ ကောင်းချည်းလေ။ ကိုယ့်ရွာအဝင်ရောက်မှ မောလို့ရေသောက်ရော ပွဲ ချင်းပြီးဖြစ်ဥစ္စာ။ စုန်းမလုပ်လို့ ချက်ချင်းသေတာပေါ့ . . . ဆရာလေးရဲ့"

ဒီမှာ ပါးစပ်အငြိမ်မနေနိုင်တဲ့ ငါ့ကောင် တင်မောင်လွန် လွှတ် ခနဲ ဝင်ပြောပါရော။

"အဘွား . . ."

"ဘာတုံး . . . မောင်ရင်"

"စုန်းတို့၊ ကဝေတို့၊ ကွင်းပိုင်တို့ကရော အမှန်တကယ် ရှိလို့လား အဘွားရဲ့"

"အလိုတော် . . . မောင်ရင်လေးက မယုံလို့လား"

"ကျွန်တော်တော့ မယုံဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ငါက တင်မောင်လွှန်ကို မျက်ရိပ်ပြတယ်။ တော်တော့ မပြောနဲ့တော့လို့။

ဒီကောင် လျှာရှည်တဲ့ကောင်ကွာ။

"ဒီလောက် သိပ္ပံပညာတိုးတက်တဲ့ ခေတ်ကြီးမှာ စုန်းကဝေတို့ ပညာသည်တို့၊ ကွင်းပိုင်တို့၊ တစ္ဆေသရဲတို့ဆိုတာ မရှိပါဘူး ... အဘွားရေ ရှိရင်လည်း လူလိမ်တွေ မသိနားမလည်သူတွေကို ခြိမ်းဖိန့်ပြီး ခြောက်လှန့်စားနေတာပါများ။ ဒါတွေကို မယုံစမ်းပါနဲ့ ... အဘွားရာ"

တင်မောင်လွှန်က အသံခပ်ကျယ်ကျယ် မြှင့်ပြီးပြောလိုက်ရော အဘွားကြီးအပါအဝင် အိမ်ပေါ်မှာ လူမမာသတင်း မေးရောက်နေတဲ့ မိန်းမ ယောကျ်ားတွေ တင်မောင်လွှန့်ကိုကြည့်ပြီး အံ့အားသင့်လို့။

အချို့လည်း မျက်စိမျက်နှာ ပျက်နေကြရောကွ။

တင်မောင်လွှန်ကလည်း တကယ် ဆရာကြီးဂိုက် မျက်နှာထေ ကွ။ ငါက တင်မောင်လွှန်ကို တိုးတိုးပြောလိုက်တယ်။

"ဟေ့ကောင် ... တိတ်တိတ်နေ"

"ကြိုးတုန်းလေး"

"မင်း တိတ်တိတ်နေစမ်း"

ငါ မျက်နှာတည်မျက်နှာထားတဲ့ ပြောလိုက်မှ ဒီကောင် ငြိမ်သွား တယ်"

သည်နောက် အားလုံးကိုကြည့်ပြီး ...

"ကျွန်တော် လူမမာကို စစ်ဆေးကြည့်ပါရစေဦးဗျာ"

သည်နောက် လူမမာကို ပယောဂစစ်ဆေးတဲ့ပညာနဲ့ အများမြ နပ်အောင် စစ်ဆေးလိုက်တယ်။

ငါ ရှင်ဥပဂုတ္တအင်းချပ်ကို လူမမာရဲ့ ဦးခေါင်းပေါ် တင်လိုက်တယ် ဘာမှ မတုံ့ပြန်ဘူး။

ဒီအင်းကို ပယောဂပြုစားဖွဲ့နှောင်ခံရတယ်လို့ ထင်မှတ်ခံရတဲ့ လူ မမာရဲ့ ဦးခေါင်းပေါ် တင်လိုက်ရင် ...

ပယောဂအတိုက်ခံနေရတာ မှန်ရင် ...

လူမမာ ထွန့်ထွန့်လူးပြီး အော်ဟစ်ရော။

သူ့ဇာတိရုပ်ကို ပြရော ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ တောင့်ခံလို့မရတော့ဘူး။ အချို့ဆို ဝုန်းဒိုင်းကျဲ ထ,ခုန်တာ။ လူမမာ မဟုတ်တော့ဘူးလေ။ ပညာသည် စုန်းမရဲ့ဓာတ် မခံနိုင်လို့ ဝင်လာတာ။

အဲဒီလိုဖြစ်လာရင် ...

ပညာတော့ ပြိုင်ရတာပေါ့။

နောက်ဆုံး ဒီအင်းကို ရေစိမ်ပြီး ပက်လိုက်ရင် နောင့်ယှက်ပြုစား နောင်ဖွဲ့တဲ့ ပညာသည် မိုင်းမိုင်းလဲ ငိုယိုပြီး တောင်းပန်ရရောကွ။

ခု ... ငါ အင်းချပ်ကို တင်တယ်။

လူမမာ မအော်ဘူး။ ထွန့်ထွန့်မလူးဘူး။

"ဒါ ပယောဂ မဟုတ်ဘူး။ ပညာသည် ပြုစားနှောင့်ယှက်တာ မဟုတ်ဘူး။ ရိုးရိုး ဇိဝကမွှရောဂါ"

ငါ လူမမာရဲ့ သွေး။ လေ၊ မီးယပ်ကိစ္စတို့ကို စစ်ဆေးပြီး လိမ်းဆေးနဲ့ သောက်ဆေးပေးလိုက်တယ်။

နှံ့သာဖြူသွေးပြီး ဆေးနဲ့ လူမမာရဲ့ မျက်နှာခန္ဓာကိုယ်ကို အနှံ့တို့ လူးစေတယ်။

ပြီး ... နာမည်ကျော် ဝိဇ္ဇာဆေးတောင့်က ဆေးမှုန့်ကို နမ်းတစ်လုံးရဲ့ ဆယ်ပုံတစ်ပုံခန့်ကို ပျားရည်နဲ့ရောစပ်ပြီး လူနာရဲ့ ပါးစပ်ထဲဝင်အောင် တိုက်လိုက်တယ်။ ပြီးပြီ။

"ဆေးဆရာတို့ကို ထမင်းကျွေးဖို့ ပြင်ပါဟေ့"

အမျိုးသမီးတွေ ချက်ချင်း ထမင်းပွဲကြီးကို ပြင်လိုက်ကြတယ်။ ထမင်းစားခုံဝိုင်းပေါ်မှာ ဟင်းပွဲတွေကို စုံနေတာပဲဟေ့။

တင်မောင်လွန် ဝေါ်ကြီးကျကလည်း ဟင်းထမင်းတွေ ကြည့်ပြီး ဝမ်းသာပြုံးပြုံးလို့ကွာ။

ငါတို့ ထမင်းစားကြတယ်။

တင်မောင်လွန်က ကြက်သားရော၊ ဝက်သားရော၊ သူ့ထမင်းပန်းကန်ထဲ ထည့်ပြီး အားရပါးရ စားတယ်။

ကိုယ့်ဆရာပါလား။

ငါ့ကို ခေါ်လာတဲ့လူပါလား။

ငါ့ကျေးဇူးရှင်ပဲ။ စားဦးစားဖျားလေး ဦးချပြီးမှ စားမယ်ဆိုတဲ့ အသိ မရှိဘူး။ ကိုယ့်အတွက်ပဲကြည့်တဲ့ လူတန်းစားမှန်း ငါ သိပြီကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူ အငန်းမရစားနေတာကြည့်ပြီး အိမ်ပေါ်ရှိ လူအချို့က နှာခေါင်းရှုံ့ကြတယ်။

ငါကတော့ နားလည်ပါတယ်ကွာ။

သူ ထောင်ထဲမှာ ကောင်းကောင်း မစားခဲ့ရဘူး။

ထောင်ကလွတ်လာပြန်တော့လည်း အလုပ်အကိုင်မရှိလို့ ဟင်းကောင်းထမင်းကောင်း မစားခဲ့ရဘူး။

ခုမှ ရှားထမင်းရှားဟင်း ရိုးသားဖြူစင်တဲ့ တောသူတောင်သားတို့ရဲ့ စေတနာထမင်းဟင်းကို သူ စားနေရတာ။

စားပါစေ။

နောင်မှ သူ့အကြောင်းလေး သနားဖွယ်ဖြစ်အောင် ရွာကလူတွေကို ပြောပြလိုက်ပါ့မယ်။

✿ ✿ ✿

[၅]

❑

ထမင်းစားပြီးနောက် အချိုပွဲချပေးတယ်။

နို့ပျစ်ပျစ်ကျိုထားတာနဲ့ အကြော်စုံနဲ့၊ ငါးရံ့ခြောက်မီးဖုတ်သီဆမ်းနဲ့ ကျွေးပြန်သဟေ့။

ငါလူကတော့ အားမနာတမ်းစားပါ့ကွာ။

စားပါ။ ကြိုတုန်းစားတာ စားပါစေ။

အဲဒီလို စားသောက်ဝိုင်းဖွဲ့ စကားပြောနေတုန်းမှာပဲ လူမ... ရေတောင်း။ အစာတောင်းပါရောဟေ့။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဝမ်းသာသွားပါရော။

လေကလည်း တဘွားဘွား လည်လိုက်တာနေယ်။ အိမ်သာတက်ချင်တယ်တဲ့။ လိုက်ပို့ကြတယ်။ အိမ်သာထဲမှာ လေပြိုကျပြီး အီးတဘွားဘွား ပေါက်ပြီးရော။

ဖောင်းနေတဲ့ ဝမ်းဗိုက်ပိန်ချပ်ပြီး အစားတောင်းပါရောပေါ့။

"ဆန်ပြုတ် ပြုတ်ထားလားဟေ့"

"ရှိပါတယ် ဆရာ"

"ဆန်ပြုတ်တိုက်၊ သုံးရက် ဆန်ပြုတ်သောက်ပြီးရင် ထမင်းစားလို့ရပြီ"

အားလုံး ဝမ်းသာကြပေါ့ကွာ။ လူမမာ ဆန်ပြုတ်သုံးပန်းကန်ကုန်အောင် စားသကွ။

လူမမာ နေကောင်းမှန်း လက်တွေ့မြင်ကြပြီးမှ သက်ကြီးရွယ်အိုအဘွားကြီးတွေ အသီးသီး ပြန်သွားကြတယ်ကွ။ ငါတို့ ဆရာလေး တော်သားခဲတဲ့။ အိမ်ပေါ်မှာ လူ လေးငါးယောက်ပဲ ကျန်ရစ်ကြတယ်။

ဒီအချိန်မှာ အသက် (၃၀)နီးပါးခန့် အမျိုးသမီးတစ်ဦးကွ။ ရှက်ကြွမ်းရှေကြို အလှလေးကွ။

"ဆရာလေး . . ."

"ဘာတုံး . . . နှမ . . . ပြောလေ"

"ဆရာလေးနဲ့ပါတဲ့ ညေသွသည်နဲ့ စကားပြောချင်လို့ပါရှင့်"

"ဟော . . . ငါ့တပည့်နဲ့ ပြောချင်လို့"

"ဟုတ်ကဲ့ပါ . . . ဆရာလေး"

အိမ်ပေါ်ရှိတဲ့ လူတွေက မိန်းကလေးကို ဝိုင်းကြည့်ကြလို့ သူတို့ရွာသဲက မိန်းကလေးလေ။

နာမည်က မဆင်လေးတဲ့။

သူ့အမေက မဆင်ကြီးတဲ့။

"ဆင်လေး"

"ရှင် . . . ဦးလေးရှေ့"

"ဘာလုပ်မလို့တုံး"

"ညေသွသည်နဲ့ စကားပြောချင်လို့ပါ ဦးလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လုပ်နော် ဆင်လေး"

"အင်းပါ ဦးလေးရဲ့"

အိမ်ရှင် မောင်ရွှေတို့ပြောပုံကြည့်ရင် ဒီဆင်လေးဆိုတဲ့ မိန်းကလေး အကြောင်း သိနေပုံပဲကွ။

"တင်မောင်လွှန်"

"ဗျာ . . . အစ်ကိုလှိုင်"

"ဟို . . . မိန်းကလေးက မင်းနဲ့ စကားပြောချင်လို့တဲ့။ ပြောလိုက် ဦး"

"ဟုတ်လား"

ငနဲသား ဝမ်းသာနေသဟေ့။ မဆင်လေးကလည်း ရွက်ကြမ်းရေ ကျို ညိုညိုတုတ်တုတ်၊ တင်းတင်းရင်းရင်းလေးကွာ။

(ဤနေရာအရောက်မှာ ကျွန်တော် (ညိုမှိုင်း)က သူ့အပြောတို မြင်ပျင်းကပ်လို့ ဖြတ်ပေးရတယ်ဗျာ။)

"ဆရာလှိုင်"

"အေးလေကွာ"

"ညိုညိုတုတ်တုတ်ဆိုရင် ရပြီပေါ့ဗျာ။ ဘာလို့ တင်းတင်းရစ်ရစ် တို့ဘာတို့ ထည့်ပြောဖွဲ့နေရတာတုံးဗျာ"

"ဒါလား . . . အပြီး . . . မောင်မှိုင်းရာ၊ ငါ့လူရာ၊ ဒီစကားလုံး တွေက မင်းကြိုက်တဲ့ ဓါတ်စာမှန်းသိလို့ မှန်းရတာပါကွာ။ ကြိုက်လား ကွ"

"ဒီဓါတ်စာက ဆရာလှိုင် ပြဇာတ်မင်းသားဘဝတုန်းက ဇာတ်ခုံ မှာ မှိုဝဲတဲ့ ဓါတ်စာဟုတ်ဘူးလား"

"တို့ . . . မောင်မှိုင်းရာ၊ ငါ့လူရာ တိုးတိုးပြောပါကွာ။ ဒါက ငါ နည်း တုန်းပါကွာ။ မင်း ဖော်ကောင်မလုပ်နဲ့နော် . . . ငမှိုင်း"

ကျွန်တော် ဒီအကြောင်း၊ ယနေ့တိုင် မည်သူ့ကိုမျှ ဖွင့်မပြော ယခု အသက်အရွယ်ရလာသည့်တိုင် နှုတ်ပိတ်ရေငုံ နေပါတယ်ဗျာ။

စိတ်ချပါ ဆရာလှိုင်။ ကျွန်တော် ခင်ဗျားရဲ့ ငယ်ကျိုးငယ် ပျိုကျိုးပျိုနာအကြောင်းတွေ လုံးဝ မရေးပါဘူးခင်ဗျာ။

တောင်ထွက်တင်မောင်လွှန် သဘောကျပြီး ပြုံးလို့ကွ

"မောင်ကြီးနာမည် ကိုတင်မောင်လွှန်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ ... ဘာဖြစ်လို့ပါလိမ့်ဗျာ"

"ကျွန်မတို့ရွာကို ရောက်တာ ပျော်ရဲ့လားရှင့်"

"ပျော်ပါတယ်ဗျာ ... အရမ်းပျော်ပါတယ်ဗျာ ... အဟဲ ... တဲ ..."

"ရှင့်ကို မေးစရာရှိတယ်"

"မေးလေ ... မေးပါ ... ဘာမေးမလို့လဲ ... ညီမ"

"စောစောတုန်းက ရှင်က ဟိုရွာက သတင်းလာမေးတဲ့ အဘွားကြီး၊ အမေကြီးတွေကို ပြောလိုက်တယ်လေ။ စုန်းကဝေ၊ ကွင်းပိုင်၊ တစ္ဆေသရဲ ကျွန်တော် မယုံဘူးလို့ ဟုတ်တယ်နော်"

"အဲ ... အဲ ... ပြောမိပါတယ်။ ဘာဖြစ်လို့လဲ ... ညီမ"

"ရှင် တကယ်မယုံဘူးလား"

"မယုံပါဘူး ... ညီ ..."

"ဘာကြောင့် စုန်းတစ္ဆေ၊ ကဝေ၊ ဖုတ်၊ ပြိတ္တာရှိတာကို မယုံတာလဲရှင်"

"လက်တွေ့ မမြင်ဖူးလို့ပါ။ ကျွန်တော် ဒီနေ့အထိ တစ္ဆေသရဲ မမြင်ဖူးဘူး။ စုန်းကဝေ ပညာသည်မမြင်ဖူးဘူး။ သူတို့ ပြုစားတာလည်း မကြုံဖူးဘူး။ ဒါကြောင့် မယုံတာပါ ... နှမ။ ပြီး ... သိပ္ပံခေတ်ပါ။ လ,ပေါ်ကို လူရောက်တဲ့ ခေတ်ပါ။ လုံးဝ မဖြစ်နိုင်လို့ မယုံရတာပါ"

"လက်တွေ့ပြရင် ယုံမလား"

"ဗျာ ..."

"ဟာ ..."

"ဟယ် ... ဆင်လေ။ တော်ပါတော့ဟယ်"

"နေကြစမ်းပါရှင် ... ဒီလူ သိစေချင်လို့ပါ"

ဝိုင်းထားတဲ့ လူတွေကို ဆင်လေးက လှည့်ပြောလိုက်တာ ...

"ကျုပ်ကို ယုံအောင်ပြရင် စဉ်းစားမယ်ဗျာ"

ဌါလူတော့ နှုတ်ကြောင့်သေမယ်နဲ့ တူရဲ့ကွာ။

ငါလည်း စဉ်းစားတာပေါ့။

ပညာသည်အချို့ ငါ မြင်ဖူး ကြုံဖူးပါတယ်ကွ။ ဒီကောင်က ခေတ်သားလေးတတ်တော့ ပြောလည်း မယုံဘူး။

ခုတော့ ရင်ဆိုင်တွေ့ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . ဒါဆို ရှင့်ကို ကျွန်မ လက်တွေ့ပြရမှာပေါ့။ ရော့ . . . ပောာဒီ စာရွက်ပေါ်မှာ ရှင်ကြိုက်တဲ့နာမည်ကိုရေး။ ကျွန်မ ဟိုရှေ့အိမ်မှာ ရှိနေပြီး အမှတ်စဉ်အတိုင်း အော်ပြောမယ်။ ရှင်ရေးတဲ့ နာမည်နဲ့ဆယ်မျိုး စာရွက်ကိုလည်း ကျွန်မရှေ့အိမ်ကနေ အော်ပြောနေတုန်းမှာ ဒီမှာရှိတဲ့ လူကြီးတွေကို ပြထား။ တော်ကြာ ရှင်က ကျွန်မအော်ပြောတာ မဟုတ်ဘူး ငြင်းမှာစိုးလို့။ ဘယ်နှယ့်လဲ . . . ကျွန်မပြောတာ မှားသွားရင် ရှင် ကျွန်မကို ပောာဒီ အိမ်ပေါ်မှာပဲ ကြိုက်သလို ပြောဆိုဆဲရေးတော်။ ရိုက်ချင်လည်း ရိုက်သွား။ နာမည်ပြောပြတဲ့ ကိစ္စပြီးရင် ဒုတိယတစ်မျိုး။ ရှင် ရှေ့မှာ ကျွန်မ ကြိုးတုပ်ခံပြီး ထိုင်မယ်။ ကျွန်မကို ရှင် တုတ်နဲ့ သုံးကြိမ်ထိ အောင်ရိုက်။ ရှင် ခါးတောင်းတော့ ကျိုက်ထား။ နောက်ဆုံး တတိယ။ ဓားရိုးထဲကနေ . . . ကဲ . . . ရှင် လုပ်နိုင်လား။ ကျွန်မ လုပ်ပြမယ်"

တင်မောင်လွန်က ငါ့ကို လှည့်ကြည့်တယ်။

ငါလည်း ရှာခံကိုယ်တိုင် လုပ်ပြမယ်ပြောနေတော့ ကြည့်ချင်တာပေါ့။ ခေါင်းညိတ်ပြလိုက်တယ်ကွာ။

"လုပ်လေ . . . ကျုပ်ရေးတဲ့နာမည်ဆယ်မျိုးလုံးတော့ ညီမ အလွတ်မပြောနိုင်ပါဘူး။ အပြောအကြွား မကြီးပါနဲ့"

"ဟင်း . . . ဟင်း . . . ဟင်း . . . ဒီလိုလူမျိုး စောင့်နေတာ ကြာပြီပေါ့ရှင်။ ကိုင်း . . . ကြိုက်တဲ့စာရွက်ပေါ် ရေး။ ကျွန်မ အိမ်ရှေ့ အိမ်ခြေမှာ ရပ်နေတယ်။ ပြီးရင် တစ်ကနေစပြီး အော်မယ်"

ကိစ္စက ပြဿနာ သိပ်မရှိဘူးကွ။

သို့သော် တော်ရုံလူတော့ တစ်အစ်မပြောနိုင်ဘူး . . . ငါ့လူရဲ့ ဒီဒွေ စက္ခုအမြင်ရမှ ပြောနိုင်မှာလေကွာ။

ငါ့ပြောနိုင်လား မေး။ ငါ တစ်အစ် အဝေးကနေ မပြောနိုင်ဘူး။ ဒီလို ပြောတာမျိုး။ ရန်ကုန်မြို့က မျက်လှည့်ဝိုင်းမှာ ငါ မြင်ဖူးတယ်။

သို့သော် မျက်လှည့်ဝိုင်းက မျက်လှည့်ဆရာက သူ့လူရင်း အထိန်း သူ့သျှိုတွေနဲ့ တိုင်ပင်ပြီး အထာနဲ့ အသံအချက်ပြ ပြောကြတာ။

အကြောင်းမသိရင်တော့ ဒီမျက်လှည့်ဆရာ အတတ်ပြောနိုင်တယ်လို့ ပြောကြတာပေါ့။ အမှန်က လိမ်တာ။

အခု ဆင်လေးဆိုတဲ့ မိန်းကလေး ရန်ကုန်မျက်လှည့်ဆရာတွေလို လိမ်ပြီး ပညာပြမလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ငါတွေးတာပေါ့။

တင်မောင်လွန်ကလည်း ဒါမျိုးဖော်ချင်တဲ့ကောင်လေ။

စာရွက်ဖြူပေါ်မှာ ဖောင်တိန်နဲ့ နာမည် (၁၀)မျိုးရေးပြီး ငါ့ရယ်၊ အိမ်ရှင် ကိုရွှေရယ်၊ လူရွယ်တစ်ဦး၊ လူကြီးတစ်ဦးရှေ့မှာ ခင်းပြထားတာ။

ငါတို့ငါးယောက်ပဲ ဒီစာရွက်ပေါ်က နာမည်တွေကို မြင်တာနော်။

"အသင့်ဖြစ်ပြီလား ... ညွှန့်သည်"

မဆင်လေးဆိုသူ မိန်းမက မျက်နှာချင်းဆိုင်ရှေ့အိမ်ကနေ လှမ်းအော်မေးတာအေ့"

"အသင့်ပဲဟေ့"

"ဒါဆို ကြိုက်တဲ့အမှတ်စဉ် ပြော"

"အမှတ်စဉ်တစ် အမည်ပြောစမ်း"

"မောင်ချစ် ... ဟုတ်ရဲ့လား"

"အေး ... နံပါတ်နှစ်အမည် ပြော"

"မစိုး"

"ဟာ ... မှန်နေပါလား"

"တိုက်ဆိုင်တာပါဗျာ။ ကဲ ... နံပါတ်(၇)အမည်ပြော"

တင်မောင်လွန်က အမှတ်စဉ် သုံးကိုကျော်ပြီး အမှတ်စဉ်(၇) ကို ဖောက်မေးရောဟေ့။

"အမှတ်စဉ်ခုနစ် ... မသန်းမြင့်"

"ဟော ..."

"ဘုရားရေ ..."

"တော်လှချည်လားကွာ ... ဟင်"

လူကြီးငါးဦးရှေ့မှာ တင်မောင်လွန်ရေးထားတဲ့ စာရွက်ကွာ။ ဒီကောင်မလေး ဘယ်လိုမှ မမြင်နိုင်ဘူးလေ။

ငါတို့ ရှေ့တစ်လံမှာ ထိုင်နေတဲ့ မိန်းမတွေတောင် မမြင်ဘူး။ မသိဘူး။ ခု အိမ်ရှေ့အိမ်ခြံဝကနေ အော်ပြောနေတာ ကွက်တိကွာ။

စုစုပေါင်း အမည်ကိုးမျိုး မှန်နေပြီကွ။

ဒီမှာ တင်မောင်လွန်က နောက်ဆုံး အမှတ်စဉ်တစ်ဆယ် ဖုံးထားပြီး အမြင့်ကိုဖျက်ပြီး ငါ့နာမည်အသစ် ရေးလိုက်ရောကွ။

"အမှတ်စဉ် တစ်ဆယ်အမည်"



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောသံ မကြားရဘူးပေါ့။

ငါတို့လည်း ခေါင်းမော့ပြီး လှမ်းကြည့်ကြပေါ့။

ငါ့နာမည်ပြင်ဖျက်ရေးမှ မိန်းကလေး မပြောနိုင်သေးဘဲ ငုံ့နေတယ်ကွ။ တင်မောင်လွှန်က အသံကျယ်ကျယ်နဲ့ အော်မေးရောကွ။

"ဟေ့ ... ကြော်မ၊ နင် မပြောနိုင်တော့ဘူး မဟုတ်လား။ စောစောက ပြောနိုင်တာ တိုက်ဆိုင်မှုပါဟ။ အခု ငါရေးလိုက်တဲ့နာမည် နင် ပြောလေ။ ပြောနိုင်လားဟေ့"

"ပြောမယ်"

"ဘာ"

"ရှင် ... နောက်ဆုံးနာမည်ကို ပြန်ဖျက်ရေးလိုက်တာ"

"ဟော ..."

"ရှူး ... ရှူး ... ဆင်လေး သိနေပါလား ... ဆရာလေး"

"အေးဗျ ... သူ ဖျက်ရေးတာ ဘယ်လိုမြင်လဲ မသိဘူးနော်။ အံ့သြစရာပဲ။ စောင့်ကြည့်ကြစို့ဗျာ"

ဒီမှာ တင်မောင်လွှန်က စာရွက်ကို မြှောက်ပြီးပြောရော ...

"ပြောလေ ... ငါရေးထားတဲ့နာမည် ... ပြောစမ်း"

"ဆ ... ရာ ... လေး ..."

"ဘာ ... ဘာ ..."

"ဦး ... မင်း ... ကြည် ... လှိုင်"

"ဟင် ..."

"ဟာ ..."

"တကယ့်ကို အံ့သြစရာပဲဗျာ"

တင်မောင်လွှင် အမည်စာရင်းစာရွက်ကို ကိုင်ပြီး အံ့သြနေတယ်။

"အစ် ... ကို ... လှိုင် ..."

"ဘာ ... ဘာတုံး ... တင်မောင်လွှန်"

"ဒါ ... ဒါ ... ဘာပညာလဲဗျာ ... ဟင် .. ဟင်လို့"

"ပြောရခက်တယ် ... တင်မောင်လွှန်"

❀ ❀ ❀

www.burmeseclassic.com

[၆]

❑

မကြာပါဘူးကွာ . . . မဆင်လေးဆိုတဲ့ မိန်းကလေး ငါတို့ရှိရာကို ပြန်ရောက်လာပြီး တင်မောင်လွန့်မျက်နှာကို စိုက်ကြည့်ရင်း . . .

"ရှင် ယုံရဲ့လား . . . ညီ့သည်"

"ဒါမျိုးကတော့ ငါတို့ ရန်ကုန်က လမ်းဘေးမျက်လှည့်ဆရာတွေ သည်း ရတာပါပဲဟာ"

"ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း . . . ဟုတ်လား၊ ဒါဆို ရှင် ဒုတိယတစ်မျိုး စမ်းကြည့်လေ . . . အဒေါ်မခင်စိန်ရေ"

"ဘာတုံး . . . တူမ"

"ကြိုးခိုင်ခိုင်တစ်ချောင်းနဲ့ တုတ်မာမာတစ်ချောင်း ယူခဲ့စမ်းပါ . . အဒေါ်"

"ဘာလုပ်မလို့တုံး . . . မိဆင်"

"မြို့သားကို တောမျက်လှည့်ပြချင်လို့ပါ . . . အဒေါ်"

ငါလည်း မတားတော့ဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



ရောက်တုန်းရောက်ခိုက် ပညာအဆန်းမြင်ရတာလို့ မှတ်ယူပေမင့် တင်မောင်လွန့်အတွက်တော့ ရင်လေးတာပေါ့။

အိမ်ရှင်ကိုရွှေမိန်းမက နွားလှန်ကြိုးနဲ့ မန်ကျီးသားနှစ်တောင်ခန့် ရှည်တဲ့ တုတ်တစ်ချောင်း ယူလာပေးတယ်။

"ညွှဲသည်"

"ဘာတုံးဗျ"

"ရှင် ကြိုးချည်တတ်လား"

"ချည်တတ်တာပေါ့။ ဘာလုပ်မလို့လဲ"

"ကျွန်မကို ရှင် ကြိုးနဲ့ချည်"

"ဗျာ ..."

"ချည်ပါ၊ ရဲရဲချည်၊ ခိုင်ခိုင်ချည်နော်"

မဆင်လေးက လက်နှစ်ဖက်ဘေးချ ရပ်ပေးတယ်။

"ချည်လေရှင်"

တင်မောင်လွန်လည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး မိဆင်လေး ခန္ဓာကိုယ် ကို လက်မလှုပ်နိုင်အောင် ကြိုးနဲ့ တုပ်ပါရောဟေ့။

လူကြီးတွေလည်း ဆင်လေး ဘာအထူးအဆန်းတွေ လုပ်ပြမင့် ပါလိမ့်ဆိုပြီး အာရုံစိုက်နေကြသကွ။

ဆင်လေးမှာ ရည်ရွယ်ချက်ရှိလို့သာလျှင် ...

ခုမှတွေ့ရတဲ့ လူစိမ်းညွှဲသည်ကို ပညာပေးနေတာဆိုတော့ ယုံ ကြည်သတိထားမိကြတာပေါ့။

"လွှတ်မရအောင် ချည်နော်"

"စိတ်ချ ... ပြီးပြီ"

"ပြီးရင် ရှင် ခါးတောင်းကျိုက် ပေါင်ကားထား"

"ဗျာ ..."

"ကျွန်မ ရှင့်ရှေ့မှာ ဝုတ်တုတ်ထိုင်ပေးမှာ။ ကျွန်မက ခိုင်း အော်လိုက်တာနဲ့ ကျွန်မခေါင်းကို မန်ကျည်းသားတုတ်နဲ့ အသားကုန် ချပစ်လိုက်"

"ဗျာ ... ဒါဆို နင် သေသွားမှာပေါ့။ ငါပါ လူသတ်မှုနဲ့ ခံရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒါတော့ ဟုတ်တယ်ကွာ။

ကြိုးတုပ်ထားတဲ့ သူ့ကို တင်မောင်လွှန်လို လူသန်လူထွားက မန်ကျိုးသားတုတ်နဲ့ အသားကုန်ရိုက်ရင်း တစ်ချက်တည်းနဲ့ ခေါင်း စိစိညက်ညက်ကျေပြီး သေသွားမှာပေါ့။

ငါတို့က တားကြတယ်။

"တူမ ... အဲဒီလို မလောင်းနဲ့။ အရှုံးရာယ်များတယ်"

"ကလေးမ ... လူသတ်မှုဖြစ်နေမယ် မလုပ်နဲ့"

"ကျွန်မ ခေါင်းကိုထိအောင် သူ ရိုက်လို့ရမှာလား ဦးလေးတို့ .. ဆရာလေးတို့ရဲ့"

"ထိသွားနိုင်တာပေါ့"

"လုံးဝ မထိပါဘူးရှင်။ ဒီမှာ ချည့်သည် ..."

"ပြော"

"ရှင် ကျွန်မခေါင်းကို ထိအောင်ရိုက်နိုင်ပါ့မလား"

"ဒါမျိုးစိန်ခေါ်ရင် ဒီရွာမှာ အလောင်းတွေထပ်သွားမှာပေါ့ ... ညီမလေးရာ ... ဟင်း ... ဟင်း ... ဟင်း"

"ဒါဆို ရိုက်ပါ"

"မရိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ လူသတ်မှုနဲ့ ထောင်ကျသွားလိမ့်မယ်"

တင်မောင်လွှန်လည်း ဒါတော့ ကြောက်တာပေါ့ကွာ။ သူက လူသတ်မှုနဲ့ ထောင်ထဲမှာ နှစ်များစွာ နေလာတာလေကွာ။ အကျဉ်းထောင် အနိဋ္ဌာရုံနဲ့ မွန်းကျပ်ဆင်းရဲတဲ့ဘဝကို သူ ကိုယ်တွေ့ ကြုံခဲ့တာဥစ္စာ။

ထောင်ကျမည့်အလုပ် မလုပ်ရဲဘူး။

ဒီမှာ မိဆင်လေးဆိုသူက သူ့လည်ပင်းမှာ ဆွဲထားတဲ့ ဆွဲကြိုးကို ခေါင်းငုံ၊ လျှာနဲ့လှမ်းဆွဲပြီး ပါးစပ်နဲ့ ကိုက်ဖြတ်လိုက်တာ ငါးမူးသားခန့် ဆွဲကြိုး ပြတ်သွားရောပေါ့။

"ရှင် ... ကျွန်မကို သုံးချက်ရိုက်လို့ တစ်ချက်ထိခဲ့ရင် ဒီတာဒီ ဆွဲကြိုး အပိုင်ယူသွား"

"ဟော ..."

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"ဟဲ့ ... မိန်းကလေး တော်ပါကွယ်"

"ရှင် ထိအောင်မရိုက်နိုင်လို့ ရှုံးရင်း ဘာမှ ကျွန်မကို ပေးစရာ မလိုဘူး။ ရိုက်သာရိုက်"

တင်မောင်လွှန် စဉ်းစားနေတယ်။

သူရိုက်ရင် ဒီကောင်မလေး ပွဲချင်းပြီးသေမှာ။

ပြီး ... ဆွဲကြိုးတစ်ကုံး ရှုံးမှာ။

လောဘအရောင်က မျက်လုံးမှာ သန်းသွားတယ်ပေါ့။

"ဒီလိုလုပ်ပါ့လား"

"ဘယ်လိုလုပ်ချင်လို့တုံးတော့"

"စက္ကူလိပ်နဲ့ ရိုက်မယ်"

"ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... အဟတ် အဟတ် ... အဟတ် ... စက္ကူလိပ်နဲ့ ရိုက်မယ်တဲ့။ တုတ်နဲ့ပဲ ထိအောင် ရိုက်နိုင်ရင် ရိုက်စမ်းပါ ... ညှော်သည်"

"နင် သေသွားလိမ့်မယ်"

ဒီအချိန်မှာ မိန်းမကြီးတစ်ဦး ဆံပင်ဖားလျားချနဲ့ တက်လာတော မြင်ရော။ ကိုရွှေက ဆီးပြောပါရောပေါ့။

"ဒေါ်ဆင်ဖြူရေ ..."

"ဘာတုံး ... ငရွှေ"

"ခင်ဗျားသမီး မိဆင်လေးကို ကြည့်ထားပါဦးဗျ။ ကြိုးတုပ်ခံပြီး တုတ်နဲ့ သုံးချက်အရိုက်ခံမလို့တဲ့။ ဒီလို ညှော်သည်ကို မကျိုးစားပါစေနဲ့ .. ဒေါ်ဆင်ဖြူရယ်"

အဲဒီပေါ် ဆံပင်ဖားလျားချနဲ့ တက်လာတဲ့ မိန်းမကြီးက မိန့်ခ နေတဲ့ မိဆင်လေးရဲ့ အမေတဲ့ကွ။

မိဆင်လေးအမေ ဒေါ်ဆင်ဖြူက ကြိုးတုပ်ခံထားပြီး မြှူးနေတဲ့ သမီးကိုတစ်လှည့်၊ တင်မောင်လွှန်ကိုတစ်လှည့် ကြည့်ရင်း ...

"မြို့သားညှော်သည်က ဒီသူငယ်လား"

"ဟုတ်ကဲ့ဗျ"

"မင်း ရဲရဲသာရိုက်ပါ ညှော်သည်"

---

www.burmeseclassic.com

www.burmeseclassic.com



"ဈာ"

"ဟော"

"ဟဲ့ ... ဟဲ့ ... ဆင်ဖြူရဲ့"

"မင်းရိုက်လို့ ငါ့သမီးသေသွားရင် ငါတို့ တာဝန်ယူတယ်။ မင်း
အမှုမလုပ်ပါဘူး။ ငါ ဒီမနက်ကြားတာတော့ မင်းက ခပ်စွာစွာလို့ ပြောပြ
တယ်။ ထိအောင်ရိုက်နိုင်ရင်ရိုက်၊ ငါ လက်စွပ်တစ်ကွင်း ထပ်ချီးမြှင့်မယ်
လုပ် ..."

ဒီလောက် အာမခံရဲနေမှတော့ ...

တင်မောင်လွှန်လည်း သတ္တိကြောင်တယ် အပြောမခံချင်တော
ဘူးတဲ့။ နဂိုမိုက်သွေးက ပေါ်လာပြီး ထောင်ကျချင်လည်း ကျတော့ကွ
လို့ ပြောပြီး ...

"ရိုက်မယ်ဗျ"

"ဒါမှ ငြို့သားပေါ့ဟဲ့"

တင်မောင်လွှန် ခါးတောင်းကို မြှောင်အောင်ကျိုက်လိုက်တယ်။
လည်း တာငးမလို့ ထ,မယ်လုပ်တော့ ငါ့နံဘေးက အဘိုးကြီးက အသာ
ပါ ဆရာလေးလို့ပြောပြီး လက်ကုပ်တာနဲ့ ငါလည်း ငြိမ်နေရပါရောကွာ။

ဆင်လေးအမေကတော့ သူ့သမီးကို မြုံးမြုံးကြီး ကြည့်လို့နေ
ဘယ်လို မိခင်မျိုးပါလိမ့်ကွာ။

ရင်ထဲမှာလည်း စိုးရိမ်နေပြီကွ။

ငါ့ကောင်တော့ ငါခေါ်လာလို့ အခန့်မသင့်ဖြစ်ပြီး ထောင်ကျ
ဆိုက်ချေပေါ့လို့။

ကြည့်လိုက်တော့ ...

တင်မောင်လွှန် ခါးတောင်းမြှောင်အောင်ကျိုက်ပြီး လက်ကော
ဝတ်ခန့် မန်ကျည်းသားတုတ်ကြီး ကိုင်မြှောက်ထားလို့ပေါ့။

မိန်းကလေး မိဆင်လေးဆိုသူက ပေါင်နှစ်ချောင်းကား အသင့်
ထားတဲ့ တင်မောင်လွှန်ရှေ့မှာ ငုတ်တုတ်။

"အသင့်ဖြစ်ပြီလား ... ညေ့သည်"

"အသင့်ပဲ"

"ကျွန်မက ရိုက်လို့အော်ရင် ရိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com


"စိတ်ချ ... ဟင်း .. ဟင်း ... ဟင်း"

"အသင့်ပြင် ... ရိုက်"

"ကိုင်းဟ ..."

"ဗိုး ..."

"ဒုန်း ..."

"ဟာ ..."

"ဟယ် ..."

"ဘုရားရေ ..."

"ရင်တမမကြည့်နေတဲ့ လူအချို့ထံက အံ့ဩသံတွေ သံပြိုင်ထွက်လာတာ။ ငါလည်း 'အလိုလေး' အသံထွက်ရဲ့။

ငါ့ကောင် တင်မောင်လွန် ကောင်မလေးဦးခေါင်းကို တုတ်စုံကိုင်ပြီး ရိုက်ချလိုက်တာ။ သေပြီပေါ့။

အလိုလေး ... တင်မောင်လွန့်ရိုက်ချက်က ကြမ်းပြင်ကို ထိသွားပြီး ကောင်မလေးက တင်မောင်လွန့်ပေါင်ကြားကနေ ဒိုင်ဗင်နဲ့ လွှားခနဲဝင်ပြီး ကျွမ်းထိုးငုတ်တုတ်။

ငါရော၊ တင်မောင်လွန်ရော အံ့အားတွေသင့်။

ငါ့ဘေးက အဘိုးကြီးနဲ့ ဒေါ်ဆင်ဖြူက ပြုံးလို့။

"ပြောတော့လဲ အသေပဲတဲ့။ ကြမ်းကျိုးအောင် ရိုက်တာတော့ ရာဇဝင် တွင်ကျန်ရမှာပဲပေါ့"

"နောက်တစ်ချက် ရိုက်ပါဦးရှင့်"

မိန်းကလေး မိဆင်လေးက ငုတ်တုတ်ကြီးတုပ်လျက်က ပြုံးပြီး ပြောလိုက်တာ။ တင်မောင်လွန် တုတ်ကို စုံမြှောက်လိုက်တယ်။

"ရိုက် ..."

"ကဲဟာ ..."

"ဒွီး ...."

"ဒုန်း ... ဖြောင်း"

"ကြမ်းတော့ ကျိုးသွားပဟော့၊ တော်လိုက်တဲ့ ရိုက်ချက်တော်"

ကောင်မလေးကို လုံးဝမထိဘူး။

တင်မောင်လွန်က ကြုံးဝါးပြီး ရိုက်အချ ...


www.burmeseclassic.com

မိန်းကလေးက သူ့ပေါင်ကြားကနေ ကျွမ်းထိုးဝင်ပြီး တစ်ဖက်မှာ ကြိုးတုပ်ငုတ်တုတ်။

ငါ ဒီလို လျင်မြန်ကျွမ်းကျင်ရဲဝံ့တဲ့ မိန်းကလေးမျိုး မတွေ့ဖူးဘူး ကွာ။ အမြှုးမပျက် ငုတ်တုတ်ပဲကွာ။

"နောက်ဆုံးတစ်ချက်ပေါ့ နော"

"အေး ..."

တင်မောင်လွန် ကိုယ်ခန္ဓာနဲ့ မျက်နှာမှာ ချွေးပျံနေပြီကွ။

ရှက်တာပေါ့ကွာ။

နှစ်ချက်မိုးကြိုး အားကုန်ရိုက်တာ လုံးဝမထိ။

ဒီကောင်မလေး လူလား။ ကျားသစ်လား။

တတိယ နောက်ဆုံးအချက်မှာ တင်မောင်လွန် အနိုင်ရဖို့ ကောင်မလေး မသိအောင် ရိုက်ချက်ပြောင်းလိုက်တယ်။ ကောင်မလေးပြောတာ က သူ့ခေါင်းကို စုံကိုင်ပိုးရိုက်လို့ပြောတာ။ တင်မောင်လွန်က ကတိကဝတ် ကို ဖျက်လိုက်တယ်။

"ရိုက်"

"ကျား ... သေဟ"

စုံကိုင်မြှောက်ကနေ ကောင်မလေးလည်ပင်းကို စလွယ်သိုင်းရိုက် ဆိုတာကွာ အားလုံး ကောင်မလေး သေပြီလို့ တွက်လိုက်တယ်။

"ဟိတ်"

ကောင်မလေးလည်ပင်းရှိရာကို စလွယ်အဝင် 'ဟိတ်'လို့ အသံပေါ် ပြီး ကောင်မလေးက ခေါင်းငုံ့ပြီး မြွေတစ်ကောင် လူးလွန့်သလို မြန်မြန်း လူးလွန့်ပြီး တင်မောင်လွန့် ခြေနှစ်ချောင်းကြားကနေ ပြေးထွက်သွား တယ်ကွာ။

တင်မောင်လွန် ထပ်ရိုက်မလို့ လုပ်ရော ...

ကောင်မလေးက ကျွမ်းပစ်ငုတ်တုတ်ထိုင်ပြီး ...

"ရပ်"

တင်မောင်လွန် ဆက်မရိုက်ဘဲ ကောင်မလေးကို ငေးကြည့်နေ တယ်။ ဒီကောင်မလေး ဘာလဲ။

သိုင်းတတ်လို့ လျင်မြန်တာလား။

www.burmeseclassic.com



ရိုက်မထိတာလား။ ဒီကောင်တွေကြည့်ပြီး မျက်နှာပျက်နေတယ်
ဒီမှာပဲ ကောင်မလေး မိဆင်လေး ဘယ်လိုပညာသုံးလိုက်လည်း မသိဘူး
မောင်မှိုင်းရာ ...

သူ့ခန္ဓာကိုယ် လက်ပါ အထပ်ထပ်မှုချည်ထားတဲ့ ကြိုးဟာ အလိုလို
ပြေ (ပြည်)ကျပြီး သူကခြေထောက်အောက်မှာ ပုံကျရောကွာ .. အံ့ရော

❀ ❀ ❀

[၇]

❑

ငါ့လူရာ ငါကြားဖူးတာ ရှိသကွ။

ဟိုး ...အညာအရပ်မှာ ခန္ဓာကိုယ်ကို ကြိုက်သလို ကြိုးချည်
ပြီး တံခါးသော့ခတ်ပိတ်။

ငါးမိနစ်ပြည့်ရင် တံခါးခေါက်သံ ကြားရသတဲ့။

တံခါးဖွင့်ကြည့်ရင် စောစောက ကြိုးတုပ်ထားတဲ့လူ ကြိုးချွတ်
ပြီး ရပ်နေတာ မြင်ရရောတဲ့။

ဂါထာမန္တန်အစွမ်းလို့ ပြောတာပဲကွ။

မယုံလို့ လောင်းကြေးစားကြေး စမ်းရင် လောင်းတဲ့လူ ရှုံး
ရှုံးတဲ့လူကို နိုင်ကြေး ပြန်ပေးသတဲ့ကွ။

ဒီမိန်းကလေးလည်း အဲဒီ အညာက လူစွမ်းကောင်းလို ကြိုး
ကြိုးဖြုတ်၊ ကြိုးခလုတ်၊ ကြိုးပြတ်စေတဲ့ အစွမ်းထက်ဂါထာ၊ မန္တန်များ
လားမသိဘူး။

ဓာတ်သိလူကြီးအချို့က ပြောနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



တတ်မသိ ငါတို့နဲ့ အိမ်ရှင်မိသားစုကတော့ အံ့ဩလို့ပေါ့ကွာ။ ဒီမှာ မိဆင်လေးက တင်မောင်လွှန်ရှေ့မှာ ခါးထောက်ရပ်ပြီး ပြောသကွဲ။

"ရှင့်ကို နောက် တတိယမြောက် ပညာလေးတော့ ပြလိုက်ဦးမတော်။ ရှင် အံ့ဩသွားအောင်လို့ပါ။ ရှင် ဒါမျိုး မြင်ဖူးမှာမဟုတ်ဘူး။ ကြည့်သွားမလား"

"လုပ်လေ ... သိရမြင်ရတာပေါ့"

တင်မောင်လွှန်ကလည်း လူရွှတ်မှ လူရွှတ်ကွာ။

ဒီကောင်မလေး ဘာမှန်းသိတာ မဟုတ်ဘူး။

သူ့အကြောင်းကို မိဆင်လေးအမေ ဒေါ်ဆင်ဖြူကတောင် မေးပြီးလာကြည့်တာကွ။

ခုလည်း မိန်းကလေးနဲ့ တုံ့ပြိုင်နေတာ။ နစ်ခါအရှက်ကွဲ။ ဒါလည်း သဘောမပေါက်ဘူး။ ဒီကောင့်ကြည့်ရတာ အရှုံးမပေးချင်ပုံမျိုးကွ။ ရန်ကုန်သားလေကွာ။

လူရွှတ်လူမိုက် ထောင်ထွက်။

"ရှင့်ကို ဒီပညာလေးပြပြီးရင် တော်ပါပြီရှင်။ ကဲ ... ရှင် ဟောဒီရွာထဲရှိ အိမ်တွေထဲက ကြိုက်တဲ့အိမ်က ဓားမတစ်ချောင်း သွားငှားခဲ့တော်"

"ဘာလုပ်မလို့ ဓားမနဲ့ ခုတ်ခိုင်းမလို့လား"

"ဟား ... ဟား ... ဟား ... ရှင် လန့်နေပြီနဲ့ တူတယ်။ ရှင်က တော်ရုံတန်ရုံ မယုံတဲ့လူလေ။ ရှင် အံ့ဩစရာလေးနဲ့ ညှော်ခံချင်လို့ပါ။ ရှင့်ကို အန္တရာယ်မပြုပါဘူး"

"ဒီရွာမှာ ကျုပ်အသိ မရှိဘူးဗျ"

"ဟော ... အိမ်ထဲမှာ ရှိတဲ့လူထဲက တစ်ယောက် ညှိသည်နဲ့ အဖော်လိုက်သွားပေးစမ်း။ သူကြိုက်တဲ့အိမ်က ဓားမတစ်ချောင်း ငှားခဲ့စေ"

"ကျုန်မ အဖော်လိုက်သွားမယ် ... အစ်မဆင်"

"အေး ... လိုက်သွား။ မြန်မြန်လာ"

ဒါနဲ့ တင်မောင်လွှင် ကလေးမလေးတစ်ဦးနဲ့ ရွာထဲကိုသွားရော ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဝါ့ဘေးက ရွာခံအဘိုးကြီးကို တိုးတိုး ကပ်မေးလိုက်တယ် ကွ"

"အဘ … ဆိုးဆိုးဝါးဝါးတွေ ဖြစ်နိုင်လား"

"မဖြစ်ပါဘူး … ဆရာလေး"

"အဘရော အဲဒီကလေးမလေးကို သိလား"

"သိပါတယ် … ဆရာလေး"

"သူက ဘာလဲဟင်"

"ရွာထဲက ကလေးမလေးပါ။ သဘောကောင်းပါတယ်"

"သူ … သူ … ဟိုလေ … ဟိုပညာများ … "

"ခြည့်သည်တို့ ပြန်ရောက်လာပြီဟေ့"

မိန်းမရွယ်တစ်ဦးရဲ့ အော်ပြောသံကြောင်း ဝါ့မေးခွန်းက တစ်ဝက် တစ်ပျက် ရပ်သွားတယ်ကွ။

အဘိုးကြီးက ငါ့ကိုကြည့်ပြီး ပြုံးလို့ကွ။

အဝေါ်လေးတော့ လျှို့ဝှက်တဲ့ ရွာသားတွေပေ့ါ။

အိပ်ရှင်ကိုရွှေတို့ မိသားစုခေါ်မေးရအောင်လည်း မသင့်ဘူးကွ။

လူမမာကတော့ အိမ်ခန်းထဲမှာ နောက်ထပ် ဆန်ပြုတ်သောက်ပြီး အေးအေးဆေးဆေး အိပ်နေသတဲ့။

"ရော့ … ဓားမ"

တင်မောင်လွှန်ကလည်း သတ္တိတော့ ကောင်းသား။

ထင်းခွဲဓားမကြီးပေ့ါ။ အပြားက လက်ဝါးလောက်ရှိပြီး အရိုးက တစ်ထွာကျော်လောက် ရှိသကွ။

နောင် တင်မောင်လွှန်ကို မေးကြည့်တော့ …

ဒီမိန်းမ ဘာလဲသိချင်လို့ပါ အစ်ကိုရာတဲ့။

သူ ဘယ်လောက်စွမ်းလို့၊ ဘယ်လို အထူးအဆန်းတွေ လုပ်ပြ နိုင်မလဲ သိချင်လို့ ဓားမသွားတောင်းတာပါတဲ့။

ရွာလမ်းမမှာ အဖော်လိုက်လာတဲ့ ကလေးမလေးကို မေးတယ် တဲ့။

"ညီမလေး မဆင်လေးကို သိလား"

"ဟုတ်ကဲ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"သူ သိုင်းဗန်တို တတ်လားကွယ့်"

"ဒါတော့ မသိပါဘူးရှင့်"

"မဆင်ရဲ့ အမေကရော ဘာတဲ့ ... ညီမလေး"

"လှပါရှင့်"

ကျွန်တော် ဆက်မမေးတော့ဘူး ... အစ်ကိုလှိုင်။ ဒီကလေးမကို ဆက်မေးရင် ကျွန်တော်ပါ ဦးနှောက်ချောက်သွားနိုင်တယ်တဲ့။

ဒါနဲ့ တစ်လမ်းလုံး ဓားမတောင်းရမည့် အိမ်ကို စဉ်းစားလိုက်တာ။ ဒီမှာ ထင်းဖြတ်နေတဲ့ ရွာသားကြီးမြင်ရော ...

ဓားမဝင် ငှားတယ်ဗျာ။

ရွာသားကြီးက မျက်နှာစိမ်း ကျွန်တော့်ကိုကြည့်ပြီး စိုက်ကြည့်တာ ဗျာ။ တော်ပါသေးရဲ့ အဖော်ပါလာတဲ့ ကလေးက ...

"ဦးကြိုင် ..."

"ဘာလဲ ... မိညွှက်"

"အစ်မကြီး မဆင်လေးက ဓားမ ခဏငှားနိုင်းလို့ပါ ... ဦးလေး ကြိုင်"

"မိဆင်လေးကလား"

"ဟုတ်ကဲ့ရှင့်"

"ယူသွားလေ ... ရော့ ... ရော့ ..."

မိဆင်လေးလို့ပြောရော အလွယ်တကူ လျှော့လျှော့ရှုရှု ငှား တယ်ဗျာ။ အဲဒါ ဓားမကြီး ယူကိုင်ပြီး ပြန်လာတာပဲဗျာ။

ကြည့်ရတာ ဒီ မိဆင်လေးဆိုတဲ့ အမျိုးသမီးက ဒီရွာမှာ ဩဇာ ရှိတာပဲလား။ သူ့အမျိုးတွေပဲလားတော့ မသိဘူး။

တိုတိုပြောကြပါစို့ ... ငါလှရေ။

တင်မောင်လွန်ကလည်း ဒီမိန်းမအကြောင်း သိချင်လို့တဲ့။ ဓားမ ကြီး လှမ်းပေးလိုက်တယ်။

"ညွှေ့သည် ကြိုက်တဲ့အိမ်က ငှားလာတာနော်"

"ဟုတ်တယ်"

"ရော့ ... ဒီဓားရိုးကို ရှင်လက်သန်သန်နဲ့ ဆွဲချုတ်ကြည့်စမ်း"

"ဘယ်ရမှာလဲဗျ ... သပ်ရိုက်ထားတဲ့ ဓားရိုးဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွဲမရှိစကား မပြောပါနဲ့ရှင်။ ရော့ပါ ရှင်က လူသန်ပဲ။ ချွတ်ကြည့်စမ်းပါ ... ရော့ ..."

ဒါနဲ့ တင်မောင်လွန်က ငါတို့လူကြီးတွေနဲ့ မဆင်တို့အမေရှေ့မှာ တားမရဲ့ တားရိုးကို လက်သန်အားသန်နဲ့ လှည့်ချွတ်၊ ဆွဲချွတ်၊ လက်ဝါးဖောင်းနဲ့ ရိုက်ချွတ်တယ်။

ဒီကောင်လည်း တော့ပါပဲကွာ။

သစ်ရိုက်ကျစ်ထားတဲ့ တားမရိုးလက်ကိုင်ကို ဆွဲချွတ်၊ လက်ဝါးဖောင်းနဲ့ ရိုက်ချွတ်တာ ဘယ်ရမှာလဲကွာ။

တော့မှန်းသိလို့ ရှိတဲ့လူတွေက သင်းကြည့်ပြီး ရယ်ကြပြုံးကြရောကွ။

"ရလား ... မောင်ကြီးချေ့သည်"

"ကျစ်နေတာ ဘယ်လိုလုပ် ချွတ်ရမှာတုံးဟ"

"ရော့ ... ရဲတင်း။ ရဲတင်း ရိုက်ချွတ်"

"ပေး"

တင်မောင်လွန် ရဲတင်းလှမ်းယူပြီး တားရိုးကို တားရင်းကနေ ရိုက်ချွတ်တယ်။

မကျွတ်ဘူး။ ဘယ်ညာ လှည့်ရိုက်ချွတ်တယ်။

တားရိုး မကျွတ်ဘူး။

ဒါတော့ စဉ်းစားစရာ ... ညိုမှိုင်းရေ့

တားရိုးကို ကျွတ်မထွက်အောင် သစ်သားသပ်တို့၊ ဝါးသပ်တို့ သံချောင်းတို့ ညှပ်သပ်ရိုက်ကြတာပဲကွာ။

တားရိုးချွတ်ချင်ရင် ဒီလိုပဲ တားမင်းအရင်း တားရိုးကို တူတို့ တားနောင့်တို့နဲ့ ရိုက်ဖြုတ် ကျွတ်တာပါပဲကွာ။

အခု တင်မောင်လွန် အမျိုးမျိုး လှည့်ပတ်ပြီး ရဲတင်းအနောင့်နဲ့ ရိုက်ချွတ်နေတာ လုံးဝ တားရိုးမကျွတ်ဘူး။

အတော်ကြာတယ်ကွာ။

"ရော့ ... ချွတ်လို့ မရဘူး"

"ရှင်က လူကောင်သာကြီးထားတာ သန်မှမသန်ဘဲကိုး"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... ဟင်း ... ဒီမှာကြည့် ... ကဲဟာ ..."

မောင်မှိုင်းရေ ... သူငယ်ချင်းရေ ... ဒီလို အံ့ဩထူးဆန်းတာမျိုး ငါ့ဆရာလုပ်သက်မှာ ဒီတစ်ခါပဲ မြင်ဖူးတယ် ... သူငယ်ချင်းရာ။

မဆင်လေးဆိုတဲ့ မိန်းကလေးက တင်မောင်လွန် ဆောင့်ကြီးအောင့်ကြီးလုပ်ပေးတဲ့ ဓားကိုလှမ်းယူပြီး ဓားမအရိုးကို ညာလက်နဲ့ ဆွဲထည့်လိုက်တာ ...

ဓားမအရိုး ကျွတ်ပါသွားရောကွာ။

ငါရော၊ တင်မောင်လွန်ရော အံ့ဩကြရောကွ။

အိမ်ရှင်မိသားစုလည်း အံ့ဩပေါ့ကွာ။

အဘိုးကြီးနဲ့ ကောင်မလေးအမေ ဒေါ်ဆင်ဖြူတို့ လူစုကတော့ ပြုံးလို့၊ ခေါင်းညိတ်လို့ပေါ့။

ဒီမှာ ပိုပြီး အံ့ဩစရာကို ငါတို့ မြင်ရပါရောကွာ။

မဆင်လေးကွာ ... ကျွတ်ထွက်သွားတဲ့ ဓားရိုးကိုကိုင်ပြီး တင်မောင်လွန်ရှေ့ကို တိုးတိုးလာတာကွ။

တင်မောင်လွန်ကလည်း ဓားမအရိုးထောင်ကိုင်မြှောက်ပြီး သူ့ရှိရာလာနေလို့ စိုးရွံ့ရွံ့နဲ့ကြည့်ပြီး သတိနဲ့ ကြည့်နေတုန်းမှာပဲ ...

မိဆင်လေးက ထောင်မြှောက်ထားတဲ့ ဓားရိုးကို အောက်စိုက်ချလိုက်ရော ...

"ဟာ ..."

"အမလေး ... ဘာတွေတုံး"

"ဟင် ... သွေး .. သွေးတွေနဲ့ ... လောက် ... လောက်တွေတော့"

"မဆင် ... မဆင် ... အမလေး ... ဘုရား ... ဘုရား"

မောင်မှိုင်းရာ၊ အောက်စိုက်လိုက်တဲ့ ဓားရိုးထဲကနေ နီရဲရဲသွေးတွေကျလာတာကွာ။

"မဆင်ရဲ့ ညည်းဟာတွေ ညည်းပြန်သိမ်းပါဟဲ့"

ငါ့လူရေ ... သွေးတွေနဲ့အတူ လောက်ကောင်အရှင်တွေ ကျလာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မဆင်လေးက ဓားရိုးနဲ့ လှမ်းပက်ရော လောက်ကောင်အရှင်တွေ တင်မောင်လွှန်ပုဆိုးနဲ့ အင်္ကျီမှာ ပေကျံတွယ်ကပ်ကြပါရောကွာ။

တင်မောင်လွှန်လည်း လန့်ပြီး အော်ရောပေါ့။

"အစ်ကိုလှိုင်၊ ... ကယ်ပါဦးဗျ ... အစ်ကိုလှိုင်း"

ဒီကောင် ကြောက်လွန်းလို့ တစ်ကိုယ်လုံး တုန်နေတယ်၊ မဆင်လေးတို့သားအမိကတော့ တင်မောင်လွှန့်အဖြစ်ကို ကြည့်ပြီး တဟားဟား တဟီးဟီး ... ရယ်ကြ။

ငါလည်း အံ့အားသင့်လွန်းလို့ ဘာလုပ်ရမှန်းမသိ။

ငါ သဘောပေါက်လိုက်ပြီကွာ ... သင်းတို့ ပေါ့သေးသေးထဲက မဟုတ်ဘူးကွ။ ဒီမှာ ငါ့လူကို ကူညီဖို့ ငါ ဓားလွယ်အိတ်ထဲ လက်နှိုက်လိုက်ရော ...

ဒေါ်ဆင် လှမ်းတားတယ်။

"ဆရာလေး ... အသာနေပါ။ ပြီးပါပြီ။ ဘာမှ မဖြစ်ပါဘူး ... ဆရာလေးရဲ့ ... ချစ်လို့ပါရှင့် ... ဟင်း ... ဟင်း ... ဟင်း"

ဒီမှာမိဆင်လေးက ကြောက်ရွံ့တုန်လှုပ်နေတဲ့ ငါ့ကောင်ကို လက်ညှိုးထိုးပြီး ပြောရောကွ။

"ဒီမှာညည့်သည် ..."

"..........."

"ခေါ်နေတယ်လေ"

"ဗျာ ... ဗျာ ..."

"ရှင်က သူများရွာလာ ရိုးရိုးမလာဘူး။ ကိုယ့်အလုပ်ကိုယ် မလုပ်ဘဲ စုန်းကဝေ အယုံအကြည်မရှိဘူး။ ပညာသည်တို့ တစ္ဆေသရဲ ကွင်းပိုင်နတ်စိမ်း မရှိဘူးပြောပြီး ရှိတာတွေက အလိမ်အညာလုပ်စား အတုအယောင်တွေလို့ ရှင်ပြောဆိုစော်ကားတယ်။ အခု တွေ့ပြီမဟုတ်လား။ တွေ့ပြီလား ... တွေ့ပြီလားပေါ့"

မင်းနှယ်ကွာ ... အသံဟိန်းဟိန်းကြီးနဲ့ အော်ပြီး အိမ်ပေါ်မှာ ရှိတာကွ ... သိမ့်သိမ့်ကို တုန်ရော။

တင်မောင်လွှန်လည်း ကြောက်လွန်းလို့ မျက်နှာကြီးအောက်ငုံ့ သူ့ပုဆိုးပေါ်ကနေ လောက်တွေ ခြေထောက်ပေါ် ပြုတ်ကျ။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ငါ့လူကို ငါ သနားလိုက်တာကွာ။

"ရှင်သီထားဖို့က ကျူပ်တို့က ကျူပ်တို့ဘာသာ နေနေတာ။ ဘယ်ဆရာကိုမှ မစော်ကားဘူး။ မနှောင့်ယှက်ဘူး။ ရှင် ဒီလို စော်ကားမော်ကား ပြောတာ ဒီရွာမှာ ဒါ နောက်ဆုံးဖြစ်ပစေ။ နောက်တစ်ခါ စော်ကားရင် ဒီရွာမှာ သွေးအန်သေသွားမယ် … မှတ်ထား … ဟင်း ဟင်း ဟင်း"

နောက်ဆုံး ငါကပဲ မေတ္တာရပ်ခံရတာပေါ့ကွာ။

သူ့အမေ ဒေါ်ဆင်ဖြူရော၊ မိသင်လေးရော ငါ့စကားကို နားထောင်ကြပါတယ်။

ငါ့ကိုလည်း ဆရာလေး ခွင့်လွှတ်ပါတဲ့။ ကျွန်မတို့ ဘာလဲ ဆရာလေး သိသွားတာ စိတ်မကောင်းပါဘူး … ဆရာလေးရယ်တဲ့။ ကျွန်မတို့ ဒီပညာတွေ တတ်ပါတယ်။ ဘယ်သူ့ကိုမှလည်း မပြုစားခဲ့ဘူး။

ဟောဒီ ကိုယ့်ရွာသူတွေဆို လုံးဝ ဒီပညာနဲ့ အနှောင့်အယှက် မပေးခဲ့ဖူးဘူး။ ဆရာလေးရဲ့တပည့်က စော်စော်ကားကား ပြောလွန်းလို့ နည်းနည်း ပြရတာပါ။ ခွင့်လွှတ်ပါ။ ဆရာလေးကို လေးစားပါတယ်။ ဆရာလေးကြိုက်တဲ့ အချိန် ဒီရွာဒီနယ်ကိုလာခဲ့ပါ။ ကျွန်မတို့ စောင့်ရှောက်ကူညီပါ့မယ်။ ဒီလို လူစားမျိုးတော့ ခေါ်မလာပါနဲ့ ဆရာလေး။ ကျွန်မတို့ ရွာမို့ပါ။ အခြားရွာမှာဆို သူသေပြီ … ဆရာလေး"

သို့ကလိုပြောပြီး မဆင်ဖြူတို့သားအမိ ကြမ်းပြင်ပေါ်က သွေးနဲ့ လောက်တွေကို သန့်ရှင်းရေးလုပ်ပေးကြတယ်။

အိမ်ရှင်နဲ့ အကြောင်းသိလူကြီးတွေကိုလည်း တောင်းပန်ပြီး တဲမကို ပြန်အရှိုးတပ်ယူလို့ ပြန်သွားကြတယ်။

သူတို့ပြန်မှ ငါလည်း တင်မောင်လွှန်ကို ဆူရတာပေါ့ကွာ။ ဒီမှာ ဒီကောင် မျက်ရည်စို့ရွဲနဲ့ ပြောရော။

"အစ်ကို … ကျွန်တော်မှားပါတယ်ဗျာ"

"မင်းကို ငါ လှည်းနဲ့လာတုန်းက သတိပေးထားသားပဲကွာ။ စကားပြော ဆင်ခြင်လို့ ပြောရဲ့သားနဲ့ ကံကောင်းလို့ပေါ့ကွာ"

"အစ်ကို … ကျွန်တော် အခုပဲ ပြန်တော့မယ်"

"ဘာ … မင်း ဒီမှာ ညအိပ်ရမှာ၊ ငါတို့ သုံးရက်တိတိ နေကြမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မနေရဲဘူး ပြန်မယ်ဗျာ"

တင်မောင်လွှန် မျက်စိမျက်နှာပျက်ကြီးနဲ့ အရမ်းကြောက်နေတယ်ကွ။ နောင် ဒါမျိုး မဖြစ်အောင်နေပေါ့လို့ တားလည်း တားမရဘူး။ သူ့ပုံစံက ဒီရွာမှာ တစ်မိနစ်တောင် မနေဝံ့တဲ့ အနေအထားကွ။

ဒါနဲ့ လှည်းဆင်နိုင်းပြီး ရေဆိပ်ကိုပို့ ကြုံရာပဲ့ထောင်နဲ့ ဟိုဘက်ကမ်းကူး၊ မြို့ပေါ် ပြန်သွားခဲ့တယ်ကွာ။

အဲဒါ ငါကိုယ်တိုင်ကိုယ်တွေ့ ကြုံခဲ့ရတဲ့ ပညာသည်အကြောင်းပဲကွ။ အချို့ပညာသည်က ကိုယ်လုံပညာ သင်ထားကြတာကွ။ မြစား နှောင့်ယှက် မပြုလုပ်ကြဘူး။ သူတို့ကို အသားလွှတ် သွားစော်ကားမှသာ ကျောင်းမှန်းကန်မှန်းသိအောင် ပညာပေးတာ ...မောင်မှိုင်းရေ။ ကြောက်လက်သည်းလိုပေါ့။ လိုမှ လက်သည်းထုတ်သုံးတာလေကွာ။

မောင်ညိုမှိုင်း(သန်လျင်)